# မြဝတီ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် တန်ခူးလပြည့်ကျော် ၈ ရက် စနေနေ့ | 30, Saturday April 2016 | (၈၅၄၇)


**နေ့စဉ်ရက်ဆက် ဆတက်တိုးပွား**


ထကြွလုံ့လ ဝီရိယရှိ သတိလည်းရှိကာ သန့်ရှင်းစင်ကြယ်သော အလုပ်ကိုသာ လုပ်လေ့ရှိသော၊ စူးစမ်းဆင်ခြင်၍ပြုလေ့ရှိကာ ကိုယ်နှုတ်စိတ်ကိုလည်း စောင့်စည်းလျက် တရားသဖြင့် အသက်မွေးလေ့ရှိ၍ မမေ့မလျော့သောသူအား စည်းစိမ်ဥစ္စာ၊ အရာရာထူး၊ ကျေးဇူးသတင်းကျော်စောခြင်းသည် နေ့စဉ်ရက်ဆက် ဆဆတက် အလွန်တိုးပွားလေ၏။

(ဓမ္မပဒ-၂၄)

"ပင်လုံစာချုပ်"ပေါ်ထွန်းလာမှု (၆၉)နှစ်ပြည့်မြောက်ချိန် ယနေ့ကာလတွင် စည်းလုံးညီညွတ်မှုအင်အားကို တစ်နိုင်ငံလုံးက ပါဝင်ပြသကြရမည့် နှစ်ဆယ့်တစ်ရာစု ပင်လုံညီလာခံကြီး မကြာမီ ပေါ်ထွန်းလာတော့မည်ဟု ရဟန်းရှင်လူ ပြည်သူအပေါင်းတို့က အလေးအနက် ယုံကြည်လျက်ရှိကြကြောင်း။

နန္ဒဝန်၏ "စည်းလုံးညီညွတ်မှုအင်အား တစ်နိုင်ငံလုံးပါဝင်ပြသကြရမည့်အချိန်"

စာမျက်နှာ - ၅



## မန္တလေး လွှတ်လပ်ရေးကျောက်တိုင်ကြီးကို လွှတ်လပ်ခွင့်ပေးလိုက်ပါ

စာမျက်နှာ » ၆

## အစိုးရသစ်နှင့်အတူ စနစ်သစ်တွေနဲ့လိုက်ပါ ပြောင်းလဲကြရအောင်(သို့မဟုတ်) ပြည်သူ့အစိုးရကို ပြည်သူတွေက ကူညီပါ

စာမျက်နှာ » ၇

# ဘက်စုံပညာထူးချွန် လူငယ်အပန်းဖြေစခန်း(ငွေဆောင်)



၂၀၁၅ -၂၀၁၆ ဒသမတန်းဘက်စုံပညာထူးချွန် လူငယ်မောင်မယ်များ ဧပြီ ၂၉ ရက် ညနေပိုင်းက လူငယ်အပန်းဖြေစခန်း (ငွေဆောင်)တွင် ပျော်ရွှင်စွာ အပန်းဖြေရေကစားနေစဉ်။ (ဓာတ်ပုံ - ဝင်းကြိုင်)


KBZ BANK

STRENGTH OF MYANMAR

သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

## ဆင်းရဲမွဲတေမှု ပပျောက်ရေးနှင့် ပြည်သူ့အစိုးရ၏ လေးလံသောတာဝန်များ

မြန်မာနိုင်ငံ၏ အဓိကရင်ဆိုင်နေရသော ပြဿနာများထဲတွင် ဆင်းရဲမွဲတေမှု ပြဿနာကလည်း တစ်ခုဖြစ်သည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ သည်နိုင်ငံက အရှေ့တောင်အာရှမှာ ထိပ်သီးနိုင်ငံတစ်ခုဖြစ်ခဲ့သည်ဆိုတာက အိပ်မက်မဟုတ်။ ထိုစဉ်ကာလက ဆန်စပါး အရည်အသွေးနှင့် ထုတ်လုပ်ရောင်းချနိုင်မှုဆိုသည်က ကမ္ဘာမှာ ထိပ်တန်းစာရင်းဝင်။ အခြားသော ကုန်ထုတ်လုပ်မှု လုပ်ငန်းများကလည်း အာရှတစ်လွှားမှာ ရှေ့ဆုံးကပြေးနေခဲ့တာ ဖြစ်သည်။ သဘာဝသယံဇာတများကို ထုတ်ရောင်းပြီး စီးပွားရေးမှာ ရှေ့တန်းရောက်ခဲ့တာမဟုတ်။

ယနေ့ကာလနှင့် နှိုင်းယှဉ်လျှင် သိသိသာသာ ကွာခြားချက်က နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်နှင့် ပညာရေးစနစ်တို့ကို တွေ့ရပါမည်။ ထိုခေတ်ထိုအခါက ပညာတတ်များ၏ အခန်းကဏ္ဍက သိသိသာသာ မြင့်မားတာလည်းတွေ့ရပါမည်။ ပညာရှင်များ၊ ပညာတတ်များ နေရာရကြ။ သူနှင့်ထိုက်သင့်ရာမှာ နေရာရကြသည်။ သူ့နေရာနှင့်သူ၊ သူ့တာဝန်နှင့်သူ။

အခြေခံအားဖြင့်မူ တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုဟူသည် အုပ်ချုပ်သူ အစိုးရပေါ်မှာ အများကြီး တာဝန်ရှိသည်ဟု ယူဆပါသည်။ တိုင်းပြည်နှင့် ပြည်သူတို့၏ အကျိုးကို အမှန်တကယ် စေတနာထားသည့် အစိုးရဖြစ်ဖို့၊ ကိုယ်ကျိုးစီးပွား လောဘဖြင့် လာဘ်ပေးလာဘ်ယူမှုများနှင့် အဂတိလိုက်စားသည့် အစိုးရမဖြစ်ဖို့၊ အမြော်အမြင်ရှိရှိနှင့် စီမံခန့်ခွဲမှုပိုင်နိုင်သည့် အစိုးရဖြစ်ဖို့၊ မှားယွင်းသည့် စီမံခန့်ခွဲမှု၊ အလွဲသုံးစီမံခန့်ခွဲမှုများနှင့် မနိုင်မနင်း အစိုးရမဖြစ်ဖို့တို့က အဓိကလိုအပ်ချက်များဖြစ်ပါလိမ့်မည်။

စီမံခန့်ခွဲမှုများဆိုရာ၌ သဘာဝအမွေအနှစ်များနှင့် ပတ်ဝန်းကျင်ကို မှန်မှန်ကန်ကန် စီမံခန့်ခွဲနိုင်မှု၊ ထိန်းသိမ်းသင့်သည်တို့ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ပြီး ရင်းမြစ်များကို စနစ်တကျ ခွဲဝေသုံးစွဲနိုင်မှုတို့ ဖြစ်ပါမည်။ ပတ်ဝန်းကျင် ပြဿနာတို့ကြောင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍများတွင် ဖြစ်ပေါ်ခဲ့သည့် ဆုံးရှုံးနစ်နာမှုများက မကြာလှသေးသော ကာလများအတွင်းက သမိုင်းသင်ခန်းစာများပါပေ။

ထို့အတူ လူသားရင်းမြစ်များကို ပြုစုပျိုးထောင်မှု၊ စီမံခန့်ခွဲတတ်မှုတို့နှင့်အတူ ပညာရေးစနစ်၊ ကျန်းမာရေးစနစ်များကို ခိုင်မာကျနအောင် လုပ်နိုင်ဖို့လိုပါမည်။ ပညာတတ်တွေ ပေါများသည့်နိုင်ငံ၊ ကျန်းမာသန်စွမ်းသည့် နိုင်ငံသားများရှိသည့်နိုင်ငံတို့သာ အမှန်တကယ် တိုးတက်နိုင်ပါလိမ့်မည်။ ကုန်ထုတ်လုပ်အား အများဆုံး ထုတ်ပေးနိုင်စွမ်းရှိသည့် အရွယ်များက စစ်ပွဲတွေထဲမှာ၊ အကျဉ်းထောင်များထဲမှာ၊ နိုင်ငံရပ်ခြားအသီးသီးမှာ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေသည့် နိုင်ငံအဖို့ မည်သို့တိုးတက်အောင်စွမ်းဆောင်နိုင်ပါအံ့နည်း။

လူသားရင်းမြစ်အကြောင်းပြောမည်ဆိုလျှင်တော့ ပညာရေးစနစ်က အဓိကဖြစ်ပါလိမ့်မည်။ စိတ်သဘောထားမှန်ကန် ရင့်ကျက်သော ပညာတတ်များ၊ ပညာရှင်များကို စနစ်တကျ မွေးထုတ်နိုင်ပါမှ နိုင်ငံတိုးတက်အောင် စွမ်းဆောင်နိုင်ပါမည်။

ဆင်းရဲမွဲတေမှု ပပျောက်ရေး ဆောင်ရွက်မည်ဆိုလျှင် ယင်းသို့သော အခြေခံစဉ်းစားပြင်ဆင်ရမည့် ကိစ္စအဝဝကို တိုင်းပြည်နှင့်ပြည်သူတို့အကျိုးကို စေတနာမှန်မှန်ဖြင့် ဆောင်ရွက်လိုသော အစိုးရတစ်ရပ် လိုအပ်ပါသည်။ နှစ်ပေါင်းများစွာ စီမံခန့်ခွဲမှုအလွဲများ၊ အဂတိလိုက်စားမှုများနှင့် ပြည့်နှက်နေသည့် အစိုးရနှင့် အုပ်ချုပ်ရေးစနစ်တို့ကြောင့် ဆင်းရဲတွင်းထဲ နစ်သည်ထက် နစ်ခဲ့ရသော တိုင်းပြည်ကို ပြန်လည်မြှင့်တင်နိုင်ရန်အတွက် ယနေ့ ပြည်သူ့အစိုးရမှာ ကြီးမားလေးလံသောတာဝန်များ ကျရောက်နေခဲ့ပြီ ဖြစ်ပါသည်။

ပြည်သူလူထု၏ အားပေးကူညီမှု၊ ထောက်ခံဝန်းရံမှုတို့ဖြင့် မြန်မာနိုင်ငံတော် အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ပါစေသတည်း။

# မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားရင်ကြားစေ့ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဧပြီ ၂၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ စကော့ အလန် မာရှယ်အား ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Jurg Montani အား ယနေ့မွန်းလွဲ ၁ နာရီတွင် လည်းကောင်း၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူး Ms. Renata Dessallien အား ယနေ့မွန်းလွဲ ၂ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



အလားတူ ဆွီဒင်နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီး H.E. Ms. Isabella Lovin နှင့်အဖွဲ့အား **(ဓာတ်ပုံ)**မွန်းလွဲ ၃ နာရီတွင် လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ ဧည့်ခန်းမဆောင်၌ တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားရင်ကြားစေ့ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အမျိုးသားအဆင့် ကလေးသူငယ် ပန်းချီနှင့် ဆောင်ပုဒ်ရေးသားခြင်း ပြိုင်ပွဲဖိတ်ခေါ်

**နေပြည်တော် ဧပြီ ၂၉**

စတုတ္ထအကြိမ် အာဆီယံကလေးသူငယ်ဖိုရမ်အထိမ်းအမှတ် အမျိုးသားအဆင့် ကလေးသူငယ်ပန်းချီနှင့် ဆောင်ပုဒ်ရေးသားခြင်းပြိုင်ပွဲကို "One ASEAN, One Vision for Children" ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပါသဖြင့် ဝင်ရောက်ယှဉ်ပြိုင်လိုသူ အသက်(၁၈)နှစ်အောက် ကလေးသူငယ်များအနေဖြင့် ရိုးရာပန်းချီပြိုင်ပွဲအတွက် လူမှုဝန်ထမ်းဦးစီးဌာန (ရုံးချုပ်) ရုံးအမှတ် (၂၃) နေပြည်တော်သို့ မေ ၁၀ ရက် နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့ရမည်ဖြစ်သည်။

Digital ပန်းချီနှင့် ဆောင်ပုဒ် (အင်္ဂလိပ်ဘာသာဖြင့်) ရေးသားယှဉ်ပြိုင်လိုသူ အသက်(၁၈)နှစ်အောက် ကလေးသူငယ်များအနေဖြင့် www.aseanmcf.com သို့ ဝင်ရောက်လေ့လာ၍ စာရင်းသွင်းပြီး မေ ၁၀ ရက် နောက်ဆုံးထား၍ ပေးပို့ယှဉ်ပြိုင်နိုင်သည်။

အဆိုပါပြိုင်ပွဲမှ ဆုရရှိသော ပန်းချီပြိုင်ပွဲဝင်လက်ရာသုံးခုနှင့် ဆုရဆောင်ပုဒ်ပြိုင်ပွဲဝင်လက်ရာသုံးခုအား အာဆီယံအဆင့်ပြိုင်ပွဲသို့ ဆက်လက်ပေးပို့ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အသေးစိတ် သိရှိလိုပါက ဖုန်း-၀၆၇-၄၀၄၁၁၀ နှင့် ၀၆၇-၄၀၄၂၉၂ သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ ပြိုင်ပွဲဝင်စည်းမျဉ်းစည်းကမ်းများနှင့် မှီငြမ်းကိုးကားရမည့် အချက်အလက်များအား www.aseanmcf.com တွင် ရှာဖွေလေ့လာနိုင်သည်။

**(သတင်းစဉ်)**




## သောက်သုံးရေအခက်အခဲရှိသည့်ကျေးရွာများသို့ ရေပေးပို့

**မင်းပြား ဧပြီ ၂၉**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မင်းပြားမြို့နယ်တွင် ဧပြီလမှစတင်၍ သောက်သုံးရေအခက်အခဲဖြစ်ပေါ်လျက်ရှိသော အမ်းသားကျေးရွာ၊ သေကံကျေးရွာ၊ ခေါင်းလောင်းရွာသစ်ကျေးရွာ၊ င/တန်ပျင်းကျေးရွာ လေးရွာသို့ သောက်သုံးရေအဆင်ပြေစေရေးအတွက် မြို့နှင့် ခုနစ်မိုင်ကွာဝေးသည့် မြောင်ချေဆည်မှ ရေဂါလန် ၁၂၀၀ ဆံ့ ရေသယ်ယာဉ်များဖြင့် ဧပြီလတတိယပတ်မှစတင်၍ တစ်ရွာလျှင် တစ်နေ့ရေဂါလန် ၁၂၀၀ အား နေ့စဉ်သယ်ယူဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

**(၅၂၂)**

ဧကြာမှုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှိုင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀) ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
Mirror ၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၉၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး ၀၂-၈၆၁၀၆၈၅ ဒီပ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်**

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း

**၁၃၇၈ ခုနှစ်၊ လ ရက်**

**၂၀၁၆ ခုနှစ်၊ လ ရက်**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၉** ကို အောက်ပါအတိုင်းအစားထိုးရမည်။

"၈၉။ ကော်မရှင်သည် လွှတ်တော်တွင် တစ်စုံတစ်ရာသော အကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ပါက ကြားဖြတ်ရွေးကောက်ပွဲများကို-

(က) လွှတ်တော်ပုံမှန်သက်တမ်း၏ ပထမနှစ်အတွင်းနှင့် ပဉ္စမနှစ်အတွင်းတို့တွင် ကျင်းပပေးခြင်းမပြုရ။

(ခ) လွှတ်တော်ပုံမှန်သက်တမ်း၏ ဒုတိယနှစ်၊ တတိယနှစ်နှင့် စတုတ္ထနှစ်တို့တွင်သာ ကျင်းပပေးရမည်။

(ဂ) လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကော်မရှင်သို့ အကြောင်းကြားသည့်အခါ ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ ဥပဒေနှင့်အညီ ကျင်းပပေးရမည်။"

## အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်**

အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း

**၁၃၇၈ ခုနှစ်၊ လ ရက်**

**၂၀၁၆ ခုနှစ်၊ လ ရက်**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အ**မျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ **အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၉** ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၈၉။ ကော်မရှင်သည် လွှတ်တော်တွင် တစ်စုံတစ်ရာသော အကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ပါက ကြားဖြတ်ရွေးကောက်ပွဲများကို-

(က) လွှတ်တော်ပုံမှန်သက်တမ်း၏ ပထမနှစ်အတွင်းနှင့် ပဉ္စမနှစ်အတွင်းတို့တွင် ကျင်းပပေးခြင်းမပြုရ။

(ခ) လွှတ်တော်ပုံမှန်သက်တမ်း၏ ဒုတိယနှစ်၊ တတိယနှစ်နှင့် စတုတ္ထနှစ်တို့တွင်သာ ကျင်းပပေးရမည်။

(ဂ) လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကော်မရှင်သို့ အကြောင်းကြားသည့်အခါ ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ ဥပဒေနှင့်အညီ ကျင်းပပေးရမည်။"

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်**

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း

**၁၃၇၈ ခုနှစ်၊ လ ရက်**

**၂၀၁၆ ခုနှစ်၊ လ ရက်**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ **တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၉** ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈၉။ ကော်မရှင်သည် လွှတ်တော်တွင် တစ်စုံတစ်ရာသော အကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ပါက ကြားဖြတ်ရွေးကောက်ပွဲများကို-

(က) လွှတ်တော်ပုံမှန်သက်တမ်း၏ ပထမနှစ်အတွင်းနှင့် ပဉ္စမနှစ်အတွင်းတို့တွင် ကျင်းပပေးခြင်းမပြုရ။

(ခ) လွှတ်တော်ပုံမှန်သက်တမ်း၏ ဒုတိယနှစ်၊ တတိယနှစ်နှင့် စတုတ္ထနှစ်တို့တွင်သာ ကျင်းပပေးရမည်။

(ဂ) လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကော်မရှင်သို့ အကြောင်းကြားသည့်အခါ ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ ဥပဒေနှင့်အညီ ကျင်းပပေးရမည်။"

# နှစ်နိုင်ငံဆက်ဆံရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရေးကိစ္စရပ်များ၊ အခြားအကျိုးတူကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေး



ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် အမေရိကန် သံအမတ်ကြီးနှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)



ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် မွန်ဂိုလီးယားနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

**နေပြည်တော် မေ ၂၉**

မြန်မာနိုင်ငံနှင့် ဆွီဒင်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်ရေး၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးအပ်ရေး၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းမဟုတ်သော အဖွဲ့ဝင်နေရာတွင် ဆွီဒင်နိုင်ငံမှ ပါဝင်ရွေးချယ်ခံမည့်ကိစ္စများနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွီဒင်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E. Ms. Isabella Lovin တို့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံစဉ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်အား မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့အလန်မာရှယ်သည် နံနက် ၁၀ နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ မွန်ဂိုလီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာ တက်စ်ဘီလ်ဂူအန်း တူမာကူလာဒ်သည် နံနက် ၁၀ နာရီ မိနစ် ၅၀ တွင်လည်းကောင်း သီးခြားစီ လာရောက်တွေ့ဆုံခဲ့ကြပြီး နှစ်နိုင်ငံဆက်ဆံရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရေးကိစ္စရပ်များ၊ အခြားအကျိုးတူကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❖

## မီဒီယာကဏ္ဍတိုးတက်မြင့်မားရေး ဆွေးနွေး

**နေပြည်တော် မေ ၂၉**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် UNESCO Myanmar အကြီးအကဲ Mr. Sardar Umar Alam နှင့်လည်းကောင်း၊ ညနေ ၃ နာရီတွင် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီး Dr. Ito Sumardi နှင့်လည်းကောင်း ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီးသည် UNESCO Myanmar အကြီးအကဲနှင့်တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် UNESCO နှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီးနှင့်တွေ့ဆုံစဉ် မြန်မာ-အင်ဒိုနီးရှား မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် မီဒီယာသမားများ အပြန်အလှန်သွားရောက်နိုင်ရေးတို့ကိုလည်းကောင်း ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**မြောင်းမြမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးညဏ်လွင်၊ မြို့မစခန်းမှူး ဒုတိယ ရဲမှူးအောင်စိုးနှင့် ရဲတပ်ဖွဲ့ဝင်များက ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ကျားကွင်းကျေးရွာရှိ အိမ်ထောင်စု ၂၂၁ စု၊ လူဦးရေ ၁၄၁၉ ဦးတို့အတွက် ၂၀ လီတာဝင် သောက်ရေသန့်ဘူးကြီး ၂၀၀ ကို မေ ၂၈ ရက်က သွားရောက်လှူဒါန်းကြစဉ်။**

**အောင်မင်း (မြောင်းမြ)**

## ကျေးရွာများသို့ သောက်သုံးရေပြတ်လပ်မှု မရှိစေရေးဖြန့်ဝေပေး

**သထုံ မေ ၂၉**

သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် အယ်နီညိုရာသီဥတုကြောင့် အပူဒဏ်ခံစားကာ သောက်သုံးရေရှားပါးလာသည့်မြို့နယ်အတွင်း ကျေးရွာခြောက်ရွာသို့ ရေသယ်ယာဉ်များဖြင့် စဉ်ဆက်မပြတ် ပေးဝေလျက်ရှိရာ မေ ၂၇ ရက် အထိ ရေဂါလန်ပေါင်း ၃၉၆၀၀ ဖြန့်ဝေပေးခဲ့ပြီးကြောင်းသိရသည်။

**(ကြေးမုံ)**

# ဂျီ-၇ သတင်းနှင့်ဆက်သွယ်ရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေး

**ကျိုတို မေ ၂၉**

ဂျီ-၇ နိုင်ငံများမှ သတင်းနှင့်ဆက်သွယ်ရေးဝန်ကြီးများက (၄၂)ကြိမ်မြောက် ဂျီ-၇ ထိပ်သီးအစည်းအဝေးမတိုင်မီ နှစ်ရက်ကြာအစည်းအဝေးတစ်ရပ်ကို တာကာမတ်ဆုမြို့တွင် ယနေ့ကျင်းပခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရသိရသည်။

အဆိုပါအစည်းအဝေးတွင် အင်တာနက်အခြေခံသည့် ခေတ်မီနည်းပညာများအသုံးပြုပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရမည့်နည်းလမ်းကောင်းများကို ဝန်ကြီးများက တိုင်ပင်ဆွေးနွေးခဲ့သည်။

ယင်းအစည်းအဝေးကို ဂျပန်ပြည်ထဲရေးနှင့်ဆက်သွယ်ရေးဝန်ကြီး ဆာနေး တာကိုင်ချီက သဘာပတိအဖြစ်ဆောင်ရွက်ခဲ့ပြီး ဂျပန်စီးပွားရေး၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီး မိုတူး ဟာရာရှီလည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

အင်တာနက်အခြေပြု ခေတ်မီနည်းပညာများသည် ယနေ့ခေတ် လူမှုစီးပွားလုပ်ငန်းမူဘောင်များတွင် အခြေခံကျသည့်နေရာမှ ပါဝင်ပတ်သက်လာပြီဖြစ်ကြောင်း ဂျပန်ပြည်ထဲရေးနှင့်ဆက်သွယ်ရေးဝန်ကြီး ဆာနေး တာကိုင်ချီက ဆိုသည်။

ပြည်သူ့အကျိုးစီးပွားများ ပိုမိုတိုးတက်မြင့်မားရေးအတွက် ခေတ်မီနည်းပညာများကို မည်သို့အသုံးချရမည်ဆိုသည့် နည်းလမ်းကောင်းများကို တက်ရောက်လာသော ဝန်ကြီးများက တိုင်ပင်ညှိနှိုင်းပြီး အဖြေရှာနိုင်မည်ဟု ယုံကြည်ပါကြောင်း တာကိုင်ချီက ဆက်လက် ပြောကြားသည်။

နည်းပညာအခြေခံသည့် စုံစမ်းထောက်လှမ်းမှုများနှင့်ပတ်သက်သော နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများ ချမှတ်နိုင်ရေးအတွက် တာကိုင်ချီက ဝန်ကြီးများအား တိုက်တွန်း ပြောကြားခဲ့သည်။

(၄၂) ကြိမ်မြောက် ဂျီ-၇ ထိပ်သီးအစည်းအဝေးကို မေ ၂၆-၂၇ ရက်တွင် ဂျပန်နိုင်ငံ ကာရှီကိုကျွန်းရှိ ရှီးမားကန်ကို ဟိုတယ်တွင် ကျင်းပမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**



# ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကီရှီဒါ ပေကျင်းသို့ထွက်ခွာ၊ ရှစ်ရက်ကြာ အရှေ့တောင်အာရှခရီးစဉ် စတင်

**တိုကျို မေ ၂၉**

ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဖူမီအိုကီရှီဒါသည် မေ ၂၉ ရက်က ပေကျင်းသို့ထွက်ခွာသွားခဲ့ပြီး မြန်မာ၊ ထိုင်း၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံများသို့သွားရောက်မည့် ရှစ်ရက်ကြာ ခရီးစဉ်၏ ပထမခရီးတစ်ထောက်ကို စတင်လိုက်ကြောင်းသိရသည်။

ကမ္ဘာ့စီးပွားရေးနှင့်ပတ်သက်၍ ကြီးထွားလာသော မသေချာမှုများကို တုံ့ပြန်ဖြေရှင်းရာတွင် ကမ္ဘာ့ဒုတိယစီးပွားရေးအင်အားအကြီးမားဆုံး တရုတ်နိုင်ငံ၏ပူးပေါင်းဆောင်ရွက်မှုကိုရယူရန် ကီရှီဒါသည် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိ၊ တရုတ်နိုင်ငံတော်ကောင်စီဝင် ရန်ကျိချီနှင့် တရုတ်ဝန်ကြီးချုပ် လီခချန်းတို့နှင့် မေ ၃၀ ရက်တွင် ပေကျင်း၌ သီးခြားစီ ဆွေးနွေးမှုများပြုလုပ်မည်ဖြစ်သည်။ တောင်တရုတ်ပင်လယ်အရေးနှင့်ပတ်သက်၍ ဂျပန်နှင့် တရုတ်နိုင်ငံတို့မှာ အလှမ်းကွာဝေးဆဲဖြစ်သော်လည်း ကီရှီဒါ၏ ခရီးစဉ်က နှစ်နိုင်ငံဆက်ဆံရေးကို တိုးတက်စေပြီး ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ကြား တွေ့ဆုံဆွေးနွေးမှုတစ်ခုဖြစ်လာစေရေးအတွက် အခြေခံ အုတ်မြစ်ချပေးမည်ဟု ဂျပန်အစိုးရက မျှော်မှန်းသည်။

ဖြစ်နိုင်ဖွယ်ရာ စစ်ရေးအတွက်အသုံးပြုရန်ရည်ရွယ်ချက်ဖြင့် တရုတ်နိုင်ငံ၏ ကျွန်းတုများနှင့်တပ်စခန်းများ အလျင်အမြန်တည်ဆောက်မှုမှာ ပေကျင်းက ဗီယက်နမ်နှင့်ဖိလစ်ပိုင်ကဲ့သို့သော သေးငယ်သောအာရှနိုင်ငံများနှင့် ပိုင်နက်နယ်မြေအငြင်းပွားမှုများ ဖြစ်ပေါ်လျက်ရှိရာ တောင်တရုတ်ပင်လယ်အတွင်း တင်းမာမှုများအရှိန်မြင့်လာစေခဲ့သည်။ တရုတ်ခရီးစဉ်ပြီးနောက် ကီရှီဒါသည် မြန်မာ၊ ထိုင်း၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့သို့ လည်ပတ်မည်ဖြစ်ကာ အဆိုပါတိုင်းပြည်များ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုကူညီရန် ဂျပန်နိုင်ငံ၏ စဉ်ဆက်မပြတ်သော ကတိကဝတ်ကို ဖော်ပြမည်ဖြစ်ကြောင်းသိရသည်။

**ကျိုဒိုနယူးစ်။**



# ကိုရီးယားနွယ်ဖွား အမေရိကန်တစ်ဦးကို မြောက်ကိုရီးယားတရားရုံးက အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၁၀နှစ် ချမှတ်

**ဆိုးလ် မေ ၂၉**

အစိုးရအဖွဲ့အား အကြည်ညိုပျက်စေမှုဖြင့် ကိုရီးယားနွယ်ဖွား အမေရိကန်နိုင်ငံသားတစ်ဦးကို မြောက်ကိုရီးယားတရားရုံးချုပ်က မေ ၂၉ ရက်တွင် အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၁၀ နှစ် ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း၊ နိုင်ငံခြားသားတစ်ဦးအား ယခုကဲ့သို့ အလုပ်ကြမ်းဖြင့်ထောင်ဒဏ်ချမှတ်သော နောက်ဆုံးဖြစ်စဉ်ဖြစ်ကြောင်း မြောက်ကိုရီးယား အစိုးရသတင်းဌာနက မေ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

အသက် (၆၂) နှစ်အရွယ်ရှိ ကင်ဒေါင်ချူးသည် ယမန်နှစ် အောက်တိုဘာလအတွင်း မြောက်ကိုရီးယားနိုင်ငံ၌ အဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ ၎င်းသည် စစ်ဘက်ဆိုင်ရာလျှို့ဝှက်ချက်များ ခိုးယူခဲ့မှုအပါအဝင် ခွင့်လွှတ်နိုင်ဖွယ်မရှိသော သူလျှိုလုပ်မှု ပြစ်ချက်များကို ကျူးလွန်ခဲ့သည်ဟု ဝန်ခံခဲ့ကြောင်း မြောက်ကိုရီးယားအစိုးရ ကေစီအန်အေ သတင်းဌာနတွင် အစောပိုင်းက သတင်းထုတ်ပြန်ခဲ့သည်။

မြောက်ကိုရီးယား ကွန်မြူနစ်ပါတီ၊ အစိုးရအဖွဲ့နှင့် စစ်ဘက်ဆိုင်ရာ သတင်းအချက်အလက်များကို ရရှိနိုင်ရန် သူလျှိုပြုလုပ်ခဲ့သည်ဟူသော စွပ်စွဲချက်များကို ကျူးလွန်ခဲ့သည်ဟု ၎င်းကဝန်ခံခဲ့သည်ဆို၏။ ယင်းမှာ နိုင်ငံတော်အကြည်ညိုပျက်စေသော လုပ်ရပ်ဖြစ်သည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

မြောက်ကိုရီးယားအစိုးရရှေ့နေများက ၎င်းအား ပြစ်ဒဏ် ၁၅ နှစ် ချမှတ်ရန် တောင်းဆိုခဲ့သည်။ တရားခံ၏ ရှေ့နေကမူ ၎င်း၏အသက်ကို ထောက်ထားညှာတာကာ ပြစ်ဒဏ်လျှော့ပေါ့ပေးရန် လျှောက်လဲခဲ့သည်။

လွန်ခဲ့သည့်နှစ်များအတွင်းက မြောက်ကိုရီးယားအစိုးရသည် လူ့အခွင့်အရေးဖောက်ဖျက်ကျူးလွန်မှု စံချိန်တင်ခဲ့သည်ဟု ဝေဖန်ခံခဲ့ရသည်။ ယင်းနိုင်ငံက အမေရိကန်နိုင်ငံသားများကို ဖမ်းဆီးချုပ်နှောင်မှုများရှိခဲ့သည်။ မြောက်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့မှာ တရားဝင် သံတမန်ဆက်ဆံရေး ထူထောင်ထားခြင်း မရှိပေ။

မြောက်ကိုရီးယားနိုင်ငံတွင် ထောင်ဒဏ်ကျခံရသူ နိုင်ငံခြားသားများအား ၎င်းတို့အပေါ် ချမှတ်ထားသည့် ပြစ်ဒဏ်များ ကုန်ဆုံးချိန်မတိုင်မီတွင် ပြန်လည်လွှတ်ပေးလေ့ရှိသည်။ ယခုပြစ်ဒဏ်ချမှတ်ခံရသူ အပါအဝင် နိုင်ငံခြားသားခြောက်ဦး ပြစ်ဒဏ်စီရင်ချမှတ်ခံခဲ့ရာတွင် တောင်ကိုရီးယားနိုင်ငံသား သုံးဦးပါဝင်သည်။

**ရိုက်တာ။**

# ၂၀၃၆ ခုနှစ်ထက် နောက်မကျဘဲ လကမ္ဘာသို့ အာကာသယာဉ်မှူးများ စေလွှတ်ရန် တရုတ်မျှော်မှန်း

**ပေကျင်း မေ ၂၉**

တရုတ်နိုင်ငံသည် ၂၀၃၆ ခုနှစ်ထက် နောက်မကျဘဲ လကမ္ဘာသို့ လူသားများ စေလွှတ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်အာကာသ အစီအစဉ်၏ အထက်တန်း တာဝန်ရှိသူတစ်ဦးက မေ ၂၉ ရက်တွင် ပြောကြားသည်။ တရုတ်နိုင်ငံသည် ဆိုဗီယက်ပြည်ထောင်စုနှင့် အမေရိကန်ပြည်ထောင်စုတို့ပြီးလျှင် ကမ္ဘာပေါ်တွင် အာကာသအတွင်းသို့ လူသားစေလွှတ်နိုင်သော တတိယမြောက်နိုင်ငံအဖြစ် ၂၀၀၃ ခုနှစ်တွင် သမိုင်းမှတ်တမ်းတင်နိုင်ခဲ့သည်။

တရုတ်နိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် လကမ္ဘာ၏ မျက်နှာပြင်ပေါ်၌ ပထမဆုံးသော စူးစမ်းလေ့လာရေးယာဉ် ဆင်းသက်နိုင်ရန်လည်း အစီအစဉ်ချမှတ်ထားသည်။

တရုတ်နိုင်ငံသည် လာမည့် ၁၅ နှစ်မှ နှစ် ၂၀ ကာလအတွင်း လကမ္ဘာပေါ်၌ လူသားခြေချနိုင်ရန် ရည်မှန်းချက်ထားရှိကြောင်း လူလိုက်ပါသော အာကာသယာဉ်လွှတ်တင်ရေး အစီအစဉ်၏ ဒုတိယအကြီးအကဲ ဒုတိယဗိုလ်ချုပ်ကြီး တျန်ယုလင်က ပြောကြားသည်။

တရုတ်နိုင်ငံသည် လကမ္ဘာသို့ အာကာသယာဉ်မှူးများ စေလွှတ်နိုင်ရေးအတွက် ဦးစွာပထမ ကမ္ဘာ့အနိမ့်ပိုင်း ဂြိုဟ်ပတ်လမ်းအတွင်းသို့ မက်ထရစ်တန်ချိန် ၁၀၀ ထက်မနည်း အလေးချိန်ကို တင်ဆောင်နိုင်သော ဒုံးပျံယာဉ်ကို လွှတ်တင်နိုင်ရန်ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ စွမ်းအားမြင့် ဒုံးပျံယာဉ်ကို သုတေသနပြု ထုတ်လုပ်နိုင်ရန် အဆင့်မြင့်နည်းပညာ လိုအပ်ကြောင်း၊ အာကာသ ယာဉ်မှူးများအတွက် ဝတ်စုံများကိုလည်း ထုတ်လုပ်နိုင်ရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။ **ရိုက်တာ။**

## ဒုံးကျည်ကာကွယ်ရေးစနစ် ဖြန့်ကြက်ခြင်း မပြုလုပ်ရန် တရုတ်နှင့် ရုရှားတို့ အမေရိကန်ကို တိုက်တွန်း

ပေကျင်း မေ ၂၉

တောင်ကိုရီးယားနိုင်ငံ၌ ဒုံးကျည်ကာကွယ်ရေးစနစ် ဖြန့်ကြက်ခြင်း မပြုလုပ်ရန် တရုတ်နှင့် ရုရှားနိုင်ငံတို့က တိုက်တွန်းလိုက်ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

မြောက်ကိုရီးယားနိုင်ငံက နျူကလီးယားလက်နက်နှင့် ဒုံးကျည်စမ်းသပ်မှုများ ပြုလုပ်ခဲ့ပြီးနောက် ကိုရီးယားကျွန်းဆွယ်၌ လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများ ပေါ်ထွက်လျက်ရှိနေစဉ်တွင် ဒုံးကျည်ကာကွယ်ရေးစနစ်သစ် ဖြန့်ကြက်ရန် တောင်ကိုရီးယားနှင့် အမေရိကန်တို့ ဆွေးနွေးလျက်ရှိသည်ဟု အမေရိကန်တာဝန်ရှိသူများက ပြောကြားခဲ့ကြသည်။

မြောက်ကိုရီးယားအရေးနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများဖြစ်ပေါ်လျက်ရှိပြီး တီအိပ်ချ်အေအေဒီ အမျိုးအစား ဒုံးကျည်ကာကွယ်ရေးစနစ်ကို တောင်ကိုရီးယား၌ ဖြန့်ကြက်ဖွယ်ရှိနေသည်။

မြောက်ကိုရီးယားနိုင်ငံသည် တာလတ်ပစ် ဒုံးကျည်နှစ်စင်းဟု ယူဆရသော ဒုံးကျည်နှစ်စင်းကို မေ ၂၈ ရက်က စမ်းသပ်ပစ်သတ်ခဲ့သော်လည်း စမ်းသပ်မှု အောင်မြင်ခြင်းမရှိကြောင်း အမေရိကန်စစ်ဘက်ကပြောကြားသည်။

တောင်ကိုရီးယား၌ ဒုံးကျည်ကာကွယ်ရေး စနစ်ဖြန့်ကြက်ရန် စီစဉ်နေခြင်းနှင့် ပတ်သက်၍ မိမိတို့နှစ်နိုင်ငံစလုံး စိုးရိမ်ပူပန်မှုဖြစ်ရကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေး လက်မရော့နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိတို့ တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် ပူးတွဲပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ရိုက်တာ။

# မန္တလေး လွတ်လပ်ရေးကျောက်တိုင်ကြီးကို လွတ်လပ်ခွင့်ပေးလိုက်ပါ

**ဆူးငှက်**



၁၂၉၇ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၈ ရက်နေ့ မန္တလေး နေပြည်တော်မှ သီပေါဘုရင်ပါတော်မူပြီး (၆၂)နှစ်ပြည့် မြောက်တဲ့နှစ်မှာ တစ်နိုင်ငံလုံး လွတ်လပ်ရေးရပြီး အချုပ် အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတနိုင်ငံတော်အဖြစ် ကြေညာနိုင်ခြင်းဖြစ်ပါတယ်။ ပထမဆုံးလွတ်လပ်ရေးနေ့မှာ မြန်မာတို့ရဲ့ သက်ဦးဆံပိုင်နောက်ဆုံးဘုရင် ပါတော်မူခဲ့ရာ မန္တလေးမှာ လွတ်လပ်ရေးနေ့အတွက် လွတ်လပ်ရေးစာတမ်း ကြေညာခြင်း၊ လွတ်လပ်ရေးအဓိဋ္ဌာန်ကိုးချက် ဖတ်ကြား ခြင်း၊ လွတ်လပ်ရေးမော်ကွန်းကျောက်တိုင်အတွက် ပန္နက် ချခြင်းများနှင့်အတူ နန်းတော်တောင်ဥယျာဉ်တော်အတွင်း အင်္ဂလိပ်တို့ စိုက်ထူထားခဲ့တဲ့ သီပေါမင်းအညံ့ခံလက်နက်ချ ပါတော်မူကျောက်တိုင်ကိုပါ ထိုစဉ်က မန္တလေးမြူနီစီပယ် ဥက္ကဋ္ဌ ဗိုလ်စောမောင်က အမြစ်အရင်းက တူးဖြိုဖျက်ဆီး ပစ်ခဲ့ပါတယ်။

မန္တလေးမြို့က စာရေးဆရာများ၊ အနုပညာရှင်များ ကလည်း လွတ်လပ်ရေးအောင်ပွဲ အခမ်းအနားအတွက် ဓားတန်းရပ်ရှိ မြို့မအသင်းတိုက်မှာ စုဝေးပြီး ကြိုတင် ပြင်ဆင်ကြတယ်။ အဲ့ဒီနောက် မန္တလေးမြို့က ဂီတစာဆိုကြီး ရှစ်ဦးတို့က တစ်ယောက်တစ်ပိုဒ်စီ ပူးပေါင်းပြီး လွတ်လပ်တဲ့ မြန်မာပြည် ဆိုတဲ့သီချင်းကို စုပေါင်းရေးစပ် ခဲ့ကြတယ်။ ပညာရှင်ရှစ်ဦးမှာ ဆရာထာ၊ ဆရာခင်၊ မြို့မ ငြိမ်း၊ နန်းတော်ရှေ့ဆရာတင်၊ ဂီတာဘသိန်း၊ ဆရာညွှာ၊ ဆရာရိုက်၊ ဆရာလှိုင်တို့ဖြစ်ကြပြီး ဒီသီချင်းကို တေးသွား သံစဉ်နှင့် ဂီတသင်္ကေတနုတ်(စ်)တွေကို မြို့မငြိမ်းက ရေးပေးပြီး မြို့မတူရိယာအဖွဲ့က တီးမှုတ်ခဲ့တာပါပဲ။

လွတ်လပ်ရေးအကြိုည (၁၉၄၈ ခုနှစ် ဇန်နဝါရီလ၃ ရက်နေ့ည)မှာ မန္တလေးလက်ဆည်ကန်ရပ်က ဝင်းလိုက် ရုပ်ရှင်ရုံရှေ့မှာ မြို့မအဖွဲ့က မြို့လူထုကို "အောင်သံမြေမိုး" အစချီ "လွတ်လပ်တဲ့ မြန်မာပြည်" သီချင်းကို စတင်သီဆို တီးမှုတ်ဖျော်ဖြေတယ်။ နောက်ရက် လွတ်လပ်ရေးအခမ်း အနားကျင်းပတဲ့နန်းတွင်းမှာလည်း ဒီသီချင်းကို သီဆိုတီး မှုတ်ခဲ့ပါတယ်။ မန္တလေးမှာကျင်းပတဲ့ ပထမဆုံးလွတ်လပ် ရေးအောင်ပွဲ အခမ်းအနားက စည်ကားလှသလို လွတ်လပ်ရေးကျောက်တိုင် ခံ့ညားစွာစိုက်ထူရေးကိုလည်း မြို့လူထုက ဆုံးဖြတ်စီစဉ်ခဲ့တာကို အခမ်းအနားအစီအစဉ် မှာ လွတ်လပ်ရေး မော်ကွန်းကျောက်တိုင်အတွက် ပန္နက် ချခြင်းဆိုတဲ့ အစီအစဉ်ပါခြင်းက သက်သေပြနေပါတယ်။ ဒါပေမယ့် မန္တလေးမှာ လွတ်လပ်ရေးကျောက်တိုင် စိုက်ထူ ရေးအစီအစဉ်ဟာ တော်တော်နဲ့ အကောင်အထည်မပေါ် ခဲ့ပါဘူး။ မြို့တော်ဖြစ်တဲ့ ရန်ကုန်မှာတော့ လွတ်လပ်ရေး ကျောက်တိုင်ကို မဟာဗန္ဓုလပန်းခြံ (ယခင် ဝိတိုရိယဘုရင်မ ပန်းခြံ)မှာ စိုက်ထူဖို့ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့မှာပဲ ဝန်ကြီးချုပ်ဦးနုက အုတ်မြစ်ချပေးတယ်။ ၁၉၅၀ ခုနှစ် နိုဝင်ဘာ ၂၆ ရက်မှာ သမ္မတကြီးစဝ်ရွှေသိုက်က လွတ်လပ်ရေးကျောက်တိုင်ကို ဖွင့်လှစ်ပေးခဲ့တယ်။

လွတ်လပ်တဲ့ ပြည်ထောင်စုသမ္မတနိုင်ငံတော်အဖြစ် ကမ္ဘာသိကြေညာနိုင်ခဲ့တာနဲ့အတူ နှစ်ပေါင်း ၁၀၀ ကျော်၊ မြန်မာ့မြေပေါ်မှာ အပိုင်စီးလွှင့်ထူခဲ့တဲ့ ဗြိတိသျှအင်ပါယာ ယူနီယံဂျက်အလံကို လျှော့ချပြီး အလယ်ကောင်ရှိ ကြယ်ကြီး ကို ကြယ်ငါးလုံးရံတဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံကို ဂုဏ်ယူဝင့်ကြွားစွာ လွှင့်ထူ၊ အလေးပြုနိုင်ခဲ့တာ ပါပဲ။ ကြယ်ငါးလုံးဟာ ပြည်ထောင်စုရဲ့ အမှတ်လက္ခဏာ ဖြစ်တယ်။ အလယ်ကောင်ရှိ ကြယ်ကြီးက နိုင်ငံတော်ရဲ့ အမှတ်လက္ခဏာပါ။ တိုင်းရင်းသားများနှင့် စုစည်းဖွဲ့စည်း ထားတဲ့ နိုင်ငံတော်ကြီးပေါ့။

အလယ်ကောင်ကြယ်ကြီးကို ကြယ်ငါးလုံးရံထားတဲ့ အထိမ်းအမှတ်ဟာ ပြည်ထောင်စုရဲ့ အမှတ်အသားအဖြစ် တိုင်းရင်းသားအားလုံးက အသိအမှတ်ပြုခဲ့ကြတာပါ။ ဒီတော့ လွတ်လပ်ရေးရဲ့ အထိမ်းအမှတ်အဖြစ် ကျောက် တိုင်စိုက်ထူမယ်ဆိုတော့ ဒီအထိမ်းအမှတ်ပုံစံကိုပဲ နမူနာ ယူကြတယ်။ အလယ်ကောင်က ကြယ်ကြီးကို ကြယ်ငါးလုံးရံ ထားတဲ့ဒီဇိုင်းကိုအခြေခံပြီး ရန်ကုန်မှာ ပထမဆုံးလွတ်လပ် ရေးနေ့ကတည်းက လွတ်လပ်ရေးကျောက်တိုင်ကို အုတ် မြစ်ချတည်ဆောက်ခဲ့တယ်။

အလားတူ ပုံစံတူ လွတ်လပ်ရေးကျောက်တိုင်ကို ဒုတိယမြို့တော် မန္တလေးမှာ ၁၉၅၃ ခုနှစ် အောက်တိုဘာလ ၃၁ရက်နေ့မှာ စတင်တည်ဆောက်ဖို့ ပန္နက်ရိုက်ခဲ့တယ်။ မန္တလေးလွတ်လပ်ရေးကျောက်တိုင်ကြီးက မန္တလေး နန်းတွင်းအင်္ဂါထောင့် (အရှေ့တောင်ထောင့်)မှာရှိတဲ့ ပိုလိုကွင်းလို့ခေါ်တဲ့ ကွင်းကြီးမှာပါ။ ပန္နက်ရိုက်ပွဲကို ထေရ်ကြီးဝါကြီးဆရာတော်ကြီးတွေ၊ နိုင်ငံတော် ဝိနည်းဓိုရ် ဆရာတော်ကြီးတွေ ကြွရောက်ပြီး ပရိတ်တော်များ ချီးမြှင့် ပေးတော်မူကြတယ်။ မင်္ဂလာအချိန်ကျရောက်တဲ့ နံနက် ၁၀ နာရီ ၁၆ မိနစ် ၁ စက္ကန့်အချိန်မှာ အမျိုးသားစီမံကိန်း၊ သာသနာရေး၊ ယဉ်ကျေးမှုဌာနဝန်ကြီး ဦးဝင်းက တနင်္ဂနွေ ထောင့်ကစပြီး ရွှေတူနဲ့ ပန္နက်များ စတင်ရိုက်သွင်းပေးတယ်။ ပန္နက်များရိုက်သွင်းနေစဉ် ဗေဒင်ပညာရှိ ဦးကျော်ဇောက သိဒ္ဓိဇေယျမင်္ဂလာအခါတော် ကျရောက်ကြောင်း ဖတ်ကြား ပြီး သီရိမင်္ဂလပရိတ်တော်အဖွဲ့ ဦးဘသော်က စိန္တာမဏိ သျှန္တိမန္တာန်ကို ရွတ်ဖတ်ကြပါတယ်။

ပန္နက်ရိုက်ခဲ့တဲ့ လွတ်လပ်ရေးကျောက်တိုင်ကြီးကို နောက် သုံးလအကြာ ၁၉၅၄ ခုနှစ် ဇန်နဝါရီ ၄ ရက် (၇)ကြိမ်မြောက် လွတ်လပ်ရေးနေ့အမီ တည်ဆောက်ဖို့ ဝန်ကြီးချုပ် ဦးနုက ညွှန်ကြားလို့ ဝန်ကြီးဦးဝင်း ကြီးမှူးပြီး ကုန်ကျမယ့် ငွေကျပ် ၃၀၀၀၀ အနက် မန္တလေးနေပြည်တော် လူထုကိုယ်စား မန္တလေးမြူနီစီပယ်အဖွဲ့ရန်ပုံငွေက ငွေကျပ် ၁၀၀၀၀ ထည့်ဝင် တည်ဆောက်ခြင်းဖြစ်ပါတယ်။

၁၉၅၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်က မန္တလေး အနောက်တောင်ကျုံးထောင့်မှာ ကျင်းပတဲ့ (၇)ကြိမ်မြောက် လွတ်လပ်ရေး နှစ်ပတ်လည်နေ့မှာ ကျောက်တိုင်သစ်ဖွင့်ပွဲ ကိုပါ ကျင်းပခဲ့တာကလည်း အမှတ်တရပါ။ မနက် ၄ နာရီကတည်းက ကျောက်တိုင်ဖွင့်ပွဲအတွက် လူထုပရိသတ် က တိုးမပေါက်အောင် စည်ကားနေပါပြီ။ မနက် ၄ နာရီ ၅ မိနစ်အတိမှာ ပုဏ္ဏားပညာရှိ ခုနစ်ယောက်က အန္တရာယ်ကင်း ဂါထာမန္တရားတွေ ရွတ်ဆိုကြတယ်။ ၄ နာရီ ၁၅မိနစ်တိတိမှာတော့ မန္တလေးတိုင်းမင်းကြီး သရေ စည်သူဦးအောင်မြင့်က နိုင်ငံတော်အလံ လွှင့်ထူတယ်။ ၄ နာရီ မိနစ် ၂၀ မှာ ဗိုလ်မှူးအေးငွေဦးဆောင်ပြီး သစ္စာ လေးချက်ကိုတိုင်ပြီး လူထုပရိသတ်က လိုက်ဆိုကြတယ်။ ဒီအချိန်မှာ ဗမာ့တပ်မတော်က အမြောက်ငါးချက် ပစ်ဖောက်လိုက်တာနဲ့ မန္တလေးတစ်မြို့လုံးက စက်ရုံတွေ၊ မီးရထား၊ မီးသင်္ဘောတွေက ဥသြသံရှည်တွေဆွဲပြီး အလေး ပြုကြတယ်။ ဥသြသံတွေတင် မကပါဘူး။ စေတီတွေ၊ ဘုရားကျောင်းတွေ၊ ဘုန်းတော်ကြီးကျောင်းတွေက ကြေးစည်သံ၊ ခေါင်းလောင်းသံတွေပါ ဘဝင်တိုင်မျှ ထွက် ပေါ်လာတယ်။

မနက် ၇နာရီတိတိမှာတော့ ကျုံးထောင့်မှာရှိတဲ့ ဗဟို မဏ္ဍပ်မှာ သံဃာ ၁၀၈ ပါးကို ဆွမ်းကပ်လှူပြီး အမျှအတန်း ပေးဝေကြတယ်။ မနက် ၇ နာရီ မိနစ် ၃၀ တိတိမှာ ကျောက် တိုင်သစ်ဖွင့်ပွဲ စတင်ကျင်းပပါပြီ။ မန္တလေးတစ်မြို့လုံးရှိ ပညာရှိပြက္ခဒိန်တော်ဆက်အဖွဲ့ကြီးက မင်္ဂလာသြဘာ စာဖတ်ကြားပြီး နံနက် ၈ နာရီတိတိအချိန်မှာတော့ ပုဏ္ဏား ပညာရှိ "ဦးလောကသာရ" က အခါတော်ကြားစာ ဖတ်ကြားပြီး တိုင်းမင်းကြီး သရေစည်သူ ဦးအောင်မြင့်က ပြည်ထောင်စုအလံတော် ဖုံးအုပ်ထားတဲ့ လွတ်လပ်ရေး ကျောက်တိုင်သစ်ကို ဖွင့်လှစ်ပေးလိုက်ပါတယ်။

ကျောက်တိုင်သစ်ဖွင့်ပွဲမှာ မြို့လူထု၊ ကျောင်းသူ ကျောင်းသား၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ အလုပ် သမားများသာမက တပ်မတော်ကပါ အင်နဲ့အားနဲ့ တက်ရောက်လို့ အထူးစည်ကားလှတယ်။ ကျောက်တိုင်သစ် ဖွင့်ပွဲကျင်းပရာမဏ္ဍပ်မှာ ခရိုင်ဖဆပလဥက္ကဋ္ဌကြီး ဦးဘကြွယ်က ဝန်ကြီးချုပ်ဦးနုရဲ့ သဝဏ်လွှာကို ဖတ်ကြား တယ်။ ပြီးတာနဲ့ ကျောင်းသားကျောင်းသူ ၆၀၀၀ ကျော် က ကာယအလှ လေ့ကျင့်ခန်းတွေပြကြသတဲ့။ စက်ဘီး အမြန်စီးပွဲ၊ အားကစားပြိုင်ပွဲ၊ လက်နှိပ်စက်ပြိုင်ပွဲတွေ၊ ပျော်ပွဲရွှင်ပွဲတွေနဲ့ ကျင်းပကြပါတယ်။

ကျောက်တိုင်သစ် ဖွင့်ပြီးတာနဲ့ ဗမာ့တပ်မတော်က စစ်ရေးပြကာ အလေးပြုတယ်။ တပ်မတော်က အလေးပြု တာကို ဗိုလ်မှူးတင်ဦးက စင်မြင့်ထက်က ခံယူတယ်။ ပြီးတာနဲ့ နိုင်ငံတော်သမ္မတကြီးသဝဏ်လွှာကို တိုင်းမင်း ကြီး ဦးအောင်မြင့်က ဖတ်ကြားပါတယ်။ စစ်ရေးပြတဲ့ တပ်မတော်သား ၁၀၀၀ နဲ့အတူ ရဲအတတ်သင်ကျောင်းက သင်တန်းသား ၈၀၀ ကျော်၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့တွေက မင်္ဂလာတံခါးကနေ ၂၆ ဘီလမ်း အနောက်ဈေးချိုနာရီစင်၊ ဒီမှတစ်ဆင့် ၈၄ လမ်းအတိုင်း တောင်ဘက် ၃၅ လမ်းအထိ၊ ဒီနောက် ၃၅ လမ်းအတိုင်း အနောက် မလွန်ဘောလုံးကွင်း အထိ စစ်ရေးပြ ချီတက်ကြတယ်။

ကျောက်တိုင်သစ်ကြီးက အမြင့် ၁၃၂ ပေရှိပြီး အမြင့် ၂၇ပေခွဲရှိတဲ့ ကြယ်ပုံသဏ္ဌာန် ကျောက်တိုင်ငယ် ငါးလုံးက ခြံရံထားတယ်။ ထည်ဝါမြင့်မားပြီး မြို့ရိုးပြအိုး ပြာသာဒ် တွေနောက်ခံနဲ့ လွတ်လပ်ရေးကျောက်တိုင်ကြီးဟာ အပြာ ရောင် မိုးကောင်းကင်မှာ ခံ့ညားကျက်သရေ ရှိလှပါတယ်။ အခု ကျောက်တိုင်သစ်ကြီး မတည်ဆောက်ခင်မှာတော့ ယာယီစက္ကူကျောက်တိုင်နဲ့ပဲ လွတ်လပ်ရေးအောင်ပွဲ အခမ်းအနား ကျင်းပခဲ့ရတယ်။ နောက်ပိုင်းဆက်တိုက် ဆိုသလို လွတ်လပ်ရေးအောင်ပွဲအခမ်းအနားတွေကို နှစ်စဉ် ပရိသတ်သိန်းချီဆံ့တဲ့ နန်းတွင်းကျောက်တိုင်ကွင်းနဲ့ တောင်ဘက်ကျုံး နံဘေးမှာ စည်စည်ကားကားကျင်းပခဲ့လို့ ညပိုင်းရောက်ရင် မီးရောင်စုံနဲ့ တင့်တယ်လှတဲ့ လွတ်လပ်ရေးကျောက်တိုင်ကြီးကို အမြဲမြင်တွေ့ကြရတယ်။

အလားတူ မတ်လ ၂၇ ရက် တော်လှန်ရေးနေ့ရောက် ပြန်ရင်လည်း နန်းတွင်းကျောက်တိုင်ကွင်းမှာ ပြပွဲတွေ၊ ပျော်ပွဲရွှင်ပွဲတွေနဲ့ကျင်းပလို့ မြို့လူထုက လွတ်လပ်စွာ ဝင်ထွက် ဆင်နွှဲကြတာပေါ့။ ဘုရားကြီး ၄၅ တာကွင်း ကနေ နန်းတွင်းကျောက်တိုင်ကွင်းအထိ တပ်မတော်စစ် ကြောင်းတွေ ချီတက်တော့ မြို့လူထုက ပန်းစည်းဆက် ကြိုဆိုကြလို့. . ။ လွတ်လပ်ရေးကျောက်တိုင်ကြီးနဲ့ တော်လှန်ရေးမီးရှူးတိုင်ကိုလည်း မီးရောင်စုံ ထွန်းညှိလို့. . ။ လွန်ခဲ့တဲ့ နှစ် ၃၀ ကျော် ၄၀ ဝန်းကျင်မှာ ဒီအစဉ်အလာတွေ ပျက်သုဉ်းပြီးနောက် ၁၉၈၈နောက်ပိုင်း နန်းတွင်းဝင်ထွက်ခွင့်ကို မြို့လူထုအတွက် ကန့်သတ် တားဆီးလိုက်ပါတယ်။

ဒါကြောင့် မန္တလေးမှာ လွတ်လပ်ရေးကျောက်တိုင်ရှိ တယ်ဆိုတာ နှောင်းခေတ်လူငယ်တော်တော်များများ မသိကြတော့ပါဘူး။ ဒါကလည်း အပြစ်မဆိုသာပါဘူး။ အဖိုးတန် မွန်မြတ်လှတဲ့ လွတ်လပ်ရေးကျောက်တိုင်ကြီးက အများပြည်သူနှင့် အမြဲတမ်းထိစပ်နေတဲ့ လူထုမြင်ကွင်းမှာ မှ မဟုတ်ဘဲ။ အများပြည်သူလူထုနဲ့ အဆက်အစပ်မရှိတဲ့၊ သွားခွင့်လာခွင့်၊ အလေးပြုခွင့်၊ ဂါရဝပြုခွင့်၊ ပွဲလမ်းကျင်းပ ခွင့်မရှိတဲ့ နေရာမှာပဲ တည်ရှိနေခဲ့လို့ပါပဲ။

အခုတော့ အတားအဆီး၊ အကန့်အသတ်များလှတဲ့ နေရာ ရောက်ရှိနေရရှာတဲ့ လွတ်လပ်ရေးကျောက်တိုင်ကြီး ကို မန္တလေးသားတွေ အလေးအမြတ်ဂါရဝပြုခွင့် မရကြ ရုံမက မျိုးဆက်သစ်လူငယ်လေးတွေကပင် ကျောက်တိုင် ကြီးရှိမှန်း မသိကြရတော့တာ "ပြောင်းလဲဖို့ အချိန်တန်" နေပါပြီ။ ချုပ်ကိုင်တားမြစ် ကန့်သတ်ခံထားရတဲ့နေရာမှာ နှစ်ပေါင်းများစွာ ရောက်ရှိနေရရှာတဲ့ ကျောက်တိုင်ကြီးကို လွတ်လပ်ခွင့်ပေးလိုက်ပါတော့. . ။

**အတားအဆီး၊ အကန့်အသတ်များလှတဲ့နေရာ ရောက်ရှိနေရရှာတဲ့ လွတ်လပ်ရေးကျောက်တိုင်ကြီး ကို မန္တလေးသားတွေ အလေးအမြတ်ဂါရဝပြုခွင့် မရကြရုံမက မျိုးဆက်သစ်လူငယ်လေးတွေကပင် ကျောက်တိုင်ကြီးရှိမှန်း မသိကြရတော့တာ "ပြောင်းလဲဖို့ အချိန်တန်"နေပါပြီ။ ချုပ်ကိုင် တားမြစ်ကန့်သတ်ခံထားရတဲ့နေရာမှာ နှစ်ပေါင်းများစွာ ရောက်ရှိနေရရှာတဲ့ ကျောက်တိုင်ကြီး ကို လွတ်လပ်ခွင့်ပေးလိုက်ပါတော့. . .**

## အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းဆွေးနွေး

**ရန်ကုန် မေ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်း အမှတ် (၅၉/၆၁)ရှိ ပြည်တွင်းအခွန်များဦးစီးဌာန အလယ်အလတ်အခွန်ထမ်းများ ဆိုင်ရာ အခွန်ရုံး (၁)၏ အခွန်ထမ်းကုမ္ပဏီ လုပ်ငန်းရှင်များအား အထူးကုန်စည်ခွန် ဥပဒေနှင့် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေလုပ်ထုံး လုပ်နည်းများ ရှင်းလင်းခြင်း အခွန်ပညာပေးဆွေးနွေးပွဲကို မေ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉ ရက်တို့တွင် အဆိုပါရုံး၏ ပထမထပ် အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် အလယ်အလတ် အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၁) ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်နိုင်က အခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ အခွန်ထမ်းလုပ်ငန်းရှင်များ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် အသေးစိတ်ရှင်းလင်းခဲ့ပြီး အခွန်ထမ်းများကအခွန်ဆိုင်ရာ သိလိုသည်များ ကိုလည်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်းနှင့် ဆွေးနွေးပွဲများသို့ အခွန်ထမ်းကုမ္ပဏီ လုပ်ငန်းရှင်များ၊ စိတ်ပါဝင်စားသူ ပြည်သူများ စုစုပေါင်း ၁၃၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# အစိုးရသစ်နှင့်အတူ စနစ်သစ်တွေနဲ့ လိုက်ပါပြောင်းလဲကြရအောင် (သို့မဟုတ်) ပြည်သူ့အစိုးရကို ပြည်သူတွေက ကူညီပါ

## သန်းဖြိုးနိုင်(ကညင်ကျိုး)

အစိုးရအသစ်ရဲ့ တာဝန်ထမ်းဆောင်လာတဲ့ကာလအနေနဲ့ အခုဆိုရင် တစ်လတာအတွင်းကို ချင်းနင်းဝင်ရောက်လာပြီဖြစ်သလို ပြောင်းလဲမှုတွေကိုလည်း မြင်တွေ့နေကြရပြီဖြစ်ပါတယ်။ မကြာမီရက်ပိုင်းတွေက ကျရောက်ခဲ့တဲ့ နှစ်ဦးသင်္ကြန်အချိန်အခါနဲ့ တိုက်ဆိုင်စွာ ယှဉ်တွဲပါလာတာကတော့ ပြည်သူကရွေးချယ်ခဲ့တဲ့ ပြည်သူ့အစိုးရသစ်ကြီး ပေါ်ပေါက်လာခြင်းနှင့်အတူ ခေတ်ပြောင်းစနစ်ပြောင်း၊ မူပြောင်းလူပြောင်းဆိုတဲ့ ပြောင်းလဲခြင်းတွေ တည်ဆောက်တော့မယ့် အချိန်ကာလတစ်ခုကို ကျရောက်နေတာပဲဖြစ်ပါတယ်။ ဒီလိုအစိုးရအသစ်ပြောင်းလဲလာမှုနဲ့အတူ လိုက်ပါပြောင်းလဲဖို့ လိုလာတာကတော့ ကျွန်တော်တို့ပြည်သူတွေရဲ့ အပိုင်းပဲဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံ တိုးတက်ဖို့ဆိုရင် အစိုးရတစ်ခုတည်းကပဲ ဖော်ဆောင်နေလို့မရပါဘူး။ ပြည်သူတွေကလည်းအစိုးရနဲ့အတူ ဝိုင်းဝန်းဖော်ဆောင်နိုင်ကြမှသာ ကျွန်တော်တို့ပြည်သူအများရောက်ချင်နေတဲ့ တိုးတက်ခေတ်မီတဲ့ နိုင်ငံတော်သစ်တစ်ခု၊ အနာဂတ်ကောင်းများစွာပြည့်ဝနေတဲ့ လူမှုအဖွဲ့အစည်းတစ်ခုကို အချိန်တိုအတွင်း ရယူပိုင်ဆိုင်နိုင်ကြမှာဖြစ်ပါတယ်။

ဆိုလိုချင်တာကတော့ ပြောင်းလဲလာတဲ့ အစိုးရသစ်နဲ့အတူ ကျွန်တော်တို့ပြည်သူတွေရဲ့ နိုင်ငံရေးအသိ (Political Mind-set)တွေလည်း အချိန်အခါအလိုက် လိုက်ပါပြောင်းလဲကြဖို့ ညွှန်းဆိုလိုရင်းသာဖြစ်ပါတယ်။ ပြည်သူတစ်ဦးချင်းစီမှာ နိုင်ငံရေးအသိ ကိုယ်စီရှိလာတာနှင့်အမျှ အသိပညာကျယ်ပြန့်လာပြီး နိုင်ငံတော်သစ်တည်ဆောက်ရေးကိစ္စတွေ၊ တရားဥပဒေစိုးမိုးမှုကိစ္စတွေ၊ နိုင်ငံသားတစ်ဦး လိုက်နာပြုကျင့်ရမယ့် ကျင့်ဝတ်တွေကို အလိုလို လိုက်ပါပြောင်းလဲတတ်လာတဲ့ဓလေ့တွေ ယှဉ်တွဲပါလာတတ်ကြပါတယ်။

ဒီနေရာမှာ အလျဉ်းသင့်လို့ ကမ္ဘာကျော်နိုင်ငံရေးသိပ္ပံပညာရှင်ကြီးတစ်ယောက်ရဲ့စကားနဲ့ ယှဉ်ပြောရရင် ပြည်သူနဲ့ထိုက်တန်တဲ့ အစိုးရကို ပြည်သူတွေရတတ်ကြတယ်ဆိုတာပါပဲ။ ဆိုလိုတာကတော့ ပြည်သူတွေကသာ နိုင်ငံရေးအသိ ရေချိန်မြင့်မားပြီး အသိဉာဏ်ပညာ ပြည့်ဝစွာနဲ့ သူတို့လိုချင်တဲ့အစိုးရတစ်ရပ်ကို သူတို့ပုံဖော်ရယူတတ်ကြသလို အခြားတစ်ဖက်ကလည်း ပြည်သူတွေကပဲ နိုင်ငံရေးအသိမရှိရင် မရှိသလောက် သူတို့ကို အုပ်ချုပ်မင်းလုပ်မယ့် အစိုးရတစ်ရပ်ကလည်း သူတို့နဲ့ထိုက်တန်စွာ၊ တူညီစွာရတတ်ကြတယ်လို့ ဆိုလိုရင်းဖြစ်ပါတယ်။

ဥပမာအနေနဲ့ပြောရရင်. . နိုင်ငံသားတိုင်း နိုင်ငံရေးအသိ ကိုယ်စီရှိကြလာပြီဆိုရင် အမှိုက်လေးတစ်စကအစ ယခင်လို အမှုမဲ့အမှတ်မဲ့ စွန့်ပစ်ဖို့ ဝန်လေးလာတော့မှာဖြစ်ပါတယ်။ ပြောင်းလဲလာတဲ့ နိုင်ငံရေးစနစ်သစ်နဲ့အတူ မိမိလုပ်တာကို မိမိတာဝန်ယူတတ်တဲ့ အကျင့်၊ တာဝန်ခံတတ်တဲ့ ဓလေ့နဲ့ နိုင်ငံသားတစ်ဦးအဖြစ် တာဝန်သိလာတဲ့ အမူအကျင့်ကောင်းတွေလည်း အစိုးရသစ်နဲ့အတူ အားလုံးယှဉ်တွဲပါလာလိမ့်မယ်လို့လည်း ထင်မြင်မိပါတယ်။

ယခင်ခေတ်အခါဆီက ဖြစ်ဖြစ်ခဲ့သမျှ အရာရာကို အစိုးရမကောင်းလို့လိုလို ပုံချခဲ့သမျှ ဒီနေ့ခေတ်၊ ဒီနေ့ခါမှာတော့ ဖြစ်တည်လာတော့မယ့် နိုင်ငံရေးအခင်းအကျင်းသစ်တွေအရ နိုင်ငံသားတွေရဲ့ အပိုင်းကဏ္ဍကလည်း အလွန်အရေးကြီးလာတော့မှာဖြစ်ပါတယ်။ နိစ္စဓူဝကြုံတွေ့လာရမယ့် စားဝတ်နေရေးအတွက် သွားလာလှုပ်ရှားမှုမှန်သမျှမှာ ခေတ်ပြောင်းသွားခဲ့ပြီပဲလို့ဆိုတဲ့ အသိလေးစိတ်ထဲစွဲငြိနေရင်း ယခင်ရှိရင်းစွဲ အမူအကျင့်ဟောင်းတွေကို စွန့်ခွာဖယ်ကြဉ်ကြရတော့မှာပဲ ဖြစ်ပါတယ်။

နှစ်ဦးနှင့်အတူ အစိုးရအသစ်ဖော်ဆောင်လာတော့မယ့် ပြုပြင်ပြောင်းလဲရေးကိစ္စတိုင်းကို အရင့်အရင်ကာလတွေလို ကျွန်တော်တို့ ပြည်သူတွေအနေနဲ့ ကိုယ်နဲ့မဆိုင်ပါဘူးကွာဆိုပြီး မဆိုင်သလိုနေလို့ရမယ့်ကာလ မဟုတ်တော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ယခုအစိုးရအသစ်ဟာ ကျွန်တော်တို့ကိုယ်တိုင် ရွေးချယ်ခဲ့ကြတဲ့ အစိုးရတစ်ရပ်ဖြစ်နေလို့ပါပဲ။ အဲဒီအတွက်ပဲ စိတ်ဝင်စားကြရမယ်လို့ ဆိုလိုချင်တာဖြစ်ပါတယ်။

တိုင်းရေးပြည်ရေးကိစ္စအဝဝကို ကြည့်မယ်ဆိုရင်လည်း အောက်ခြေမှာ ဘာတွေဖြစ်ပျက်နေသလဲ၊ ဘာတွေရင်ဆိုင်နေကြရသလဲ၊ ဘယ်လို အခက်အခဲတွေရှိနေတယ်၊ ဘယ်လိုအချက်ကို ပြင်ဆင်လိုက်ရင် ဘယ်လိုတော့ ကောင်းမွန်လာမယ်ဆိုတာ အစိုးရထက်စာလျှင် ကျွန်တော်တို့ ပြည်သူတွေကသာ အသိဆုံးဖြစ်ပါတယ်။ ဒီအတွက် ကျွန်တော်တို့ ရွေးချယ်မဲပေးခဲ့တဲ့အစိုးရသစ်၊ တစ်နည်းအားဖြင့် ကျွန်တော်တို့လိုချင်နေခဲ့တဲ့ အရပ်သားစစ်စစ်အစိုးရသစ်ကို ကျွန်တော်တို့ကပဲ ပြန်ပြီး ကူညီစောင့်ရှောက်ပေးကြရတော့မှာဖြစ်ပါတယ်။ အရာရာ အစိုးရတာဝန်ကြီးပါဟု မခံယူထားစေချင်တော့ပါဘူး။

အစိုးရအသစ်ရဲ့ လွှတ်တော်အပိုင်းကလည်း ဘယ်လိုဥပဒေမျိုးတွေကို အရင်ဆုံးစတင် ပြင်ဆင်ကြသင့်သလဲ၊ ဘယ်လိုဥပဒေတွေကိုတော့ အသစ်ရေးဆွဲပြဋ္ဌာန်းပေးချင်ကြသလဲဆိုတာတွေကို ကျွန်တော်တို့ ပြည်သူတွေကသာ အသိဆုံးဖြစ်တဲ့အတွက် ကျွန်တော်တို့ကပဲ အစိုးရသိအောင် အောက်ခြေကနေပြီး ကြည့်ပေး၊ ပြောပေးကြရတော့မှာဖြစ်ပါတယ်။ ဖြစ်နိုင်ရင် ပြည်သူတွေက ဥပဒေကြမ်း (Bill)ရေးဆွဲတင်ပြကြတဲ့ဓလေ့ကို သွားကြရတော့မှာဖြစ်ပါတယ်။

ဒီလိုပြည်သူတွေက သူတို့အောက်ခြေက လိုအပ်ချက်၊ လစ်ဟာချက်တွေကို ပြည့်ပြည့်စုံစုံရေးဆွဲ တင်ပြလာတဲ့ ဥပဒေကြမ်းကို ပြင်ပ NGOs တွေ၊ အခြား လူမှုအဖွဲ့အစည်းတွေ၊ မီဒီယာတွေကပါ ဝိုင်းဝန်းလှုံ့ဆော် ပံ့ပိုးပေးကြတဲ့အခါ ပိုမိုပြည့်စုံကောင်းမွန်တဲ့ ဥပဒေကောင်းတစ်ရပ်အဖြစ်ကို ရောက်ရှိသွားနိုင်မှာပါ။ ဒီအဆင့်ရောက်တော့မှ လွှတ်တော်ကို တင်သွင်းပေးလိုက်ကြတဲ့အခါ လွှတ်တော်က လို အပိုအလိုမရှိ၊ ကွက်တိဖြစ်နေတာမို့ ဆွေးနွေးစရာတောင်မလိုတော့ဘဲ နိုင်ငံတော်သမ္မတကသာ လက်မှတ်ရေးထိုးထုတ်ပြန်ပေးကြရတဲ့အထိ အသိဉာဏ်ပညာကျယ်ပြန့်ကြဖို့ လိုနေပြီဆိုတာကို ပြောလိုရင်းဖြစ်ပါတယ်။

ဒီလိုအဖြစ်မျိုးကို ပြန်ပြောင်းလို့ သတိတရပြောရရင်တော့ ယခင်အစိုးရအဟောင်းလက်ထက်မှာ သတင်းမီဒီယာဥပဒေဆိုတာ ဒီလိုလုပ်ယူခဲ့ကြတာပါ။ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)ကနေ သူတို့လိုချင်၊ ဖြစ်ချင်တာတွေကို အပြင်မှာ ဥပဒေကြမ်းရေးဆွဲပြီးမှ လွှတ်တော်ကို တင်ပြခဲ့ကြတာပါ။ အမှန်တကယ်တော့ ဒီလိုအလုပ်တွေကို ဒီမိုကရေစီသက်တမ်းရင့် အနောက်ဥရောပနိုင်ငံတွေမှာတော့ ပြည်သူတွေက လုပ်နေကြတာကြာခဲ့ပါပြီ။ ပြည်သူတွေ နိုင်ငံရေးအသိ မြင့်မြင့်မားမား ထားရှိသင့်ကြပြီဆိုတာဒါကို ဆိုလိုရင်းပဲဖြစ်ပါတယ်။

ဒါကို ဘာကြောင့်ပြောရသလဲဆိုရင်. . နိုင်ငံတစ်နိုင်ငံ၊ တိုင်းပြည်တစ်ခု ဖွံ့ဖြိုးတိုးတက်ဖို့၊ ပြည်သူပြည်သားတွေရဲ့ လူမှုစီးပွားဘဝတွေ တိုးတက်ဖို့ဆိုရင်. . အစိုးရတစ်ရပ်ရဲ့ မူဝါဒပြောင်းလဲမှုနဲ့အတူ ဖော်ဆောင်ကျင့်သုံးမယ့် ဥပဒေ စည်းမျဉ်းစည်းကမ်းတွေက အခရာကျပါတယ်။ ဥပဒေဆိုတာ ကြိုးတစ်ချောင်းပါပဲ။ ကြိုးတစ်ချောင်းအနေနဲ့ သစ်ပင်တစ်ခုခုကို ချည်နှောင်တဲ့နေရာမှာ. . တင်းတင်းကျပ်ကျပ်ကြီး ချည်နှောင်ထားရင် ဒီသစ်ပင်ဟာ ကြီးထွားလာဖို့ မလွယ်ကူနိုင်သလို. . လျော့ရဲရဲ ချည်နှောင်ထားလို့လည်း မရပါဘူး။ သက်သောင့်သက်သာနဲ့ မျှမျှတတ ရေးဆွဲချည်နှောင်မှသာ လူးလွန့်လို့ကောင်းမှာဖြစ်သလို ကြီးထွားတိုးတက်ဖို့လည်း အခွင့်အလမ်းတွေ ရှိလာမှာပါ။

လွှတ်တော်တစ်ရပ်က ဥပဒေပြုရေးအာဏာကို ရယူထားတယ်ဆိုပေမယ့်လည်း ဥပဒေပြုရေးအာဏာရဲ့ မူလပိုင်ရှင်ဟာ ကျွန်တော်တို့ပြည်သူတွေပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ လိုချင်၊ ဖြစ်ချင်တဲ့အရာကို ဥပဒေကြမ်းရေးဆွဲပြီး ကိုယ်ရွေးချယ်ခန့်အပ်ထားတဲ့ အစိုးရထံ တင်ပြခြင်းဟာ ယဉ်ကျေးတဲ့ ဒီမိုကရေစီလမ်းစဉ်တစ်ရပ်လည်း ဖြစ်ပါတယ်။ အခု အများလုပ်နေကြသလို ကိုယ်လိုချင်၊ ဖြစ်ချင်တာကို လမ်းမပေါ်ထွက်ပြီး သပိတ်မှောက်ဆန္ဒပြတာတွေ၊ အစာငတ်ခံဆန္ဒပြတာတွေ လုပ်နေကြရမယ့်ခေတ် မဟုတ်တော့ပါဘူး။ ဒီအတွက် ကျွန်တော်တို့ရဲ့ အခန်းကဏ္ဍက အရေးကြီးလာပါမယ်။ ဥပမာအနေနဲ့ ကျွန်တော်တို့နေထိုင်ရာ မြို့ရွာအတွင်းမှာပဲ လေ့လာကြည့်ကြရင်. . ပြင်ရမယ့်အရာတွေ ဒုနဲ့ဒေးရှိနေပါတယ်။

> **ဥပမာအနေနဲ့ပြောရရင် နိုင်ငံသားတိုင်း နိုင်ငံရေးအသိ ကိုယ်စီရှိကြလာပြီဆိုရင် အမှိုက်လေးတစ်စကအစ ယခင်လို အမှုမဲ့အမှတ်မဲ့ စွန့်ပစ်ဖို့ ဝန်လေးလာတော့မှာဖြစ်ပါတယ်။ ပြောင်းလဲလာတဲ့ နိုင်ငံရေးစနစ်သစ်နဲ့အတူ မိမိလုပ်တာကို မိမိတာဝန်ယူတတ်တဲ့ အကျင့်၊ တာဝန်ခံတတ်တဲ့ ဓလေ့နဲ့ နိုင်ငံသားတစ်ဦးအဖြစ် တာဝန်သိလာတဲ့ အမူအကျင့်ကောင်းတွေလည်း အစိုးရသစ်နဲ့အတူ အားလုံးယှဉ်တွဲပါလာလိမ့်မယ်လို့လည်း ထင်မြင်မိပါတယ်။**


တစ်ဖက်ကကြည့်ရင်လည်း ကျွန်တော်တို့နဲ့ နေ့စဉ်ထိတွေ့နေကြတဲ့ အရာတွေမှန်သမျှဟာ ဥပဒေတွေအရသာဖြစ်ပါတယ်။ ဆိုလိုတာက ရောင်းဝယ်ဖောက်ကားတာတွေ၊ ဝယ်ယူစားသောက်တာတွေ၊ အိမ်ခွန်၊ ဆိုင်ခွန်၊ ဝင်ငွေခွန် ပေးဆောင်ရတာတွေ၊ လျှပ်စစ်မီတာကြေး ပေးဆောင်ရတာတွေနဲ့ နောက် တောင်သူလယ်သမား အလုပ်သမားတွေရဲ့ အထွေထွေသော ကိစ္စအဝဝတွေဟာ ဥပဒေတွေအရသာ ကောက်ခံပေးဆောင် ရောင်းဝယ်နေကြတာပါ။

ဒီလိုဆိုရင် ကျွန်တော်တို့အနေနဲ့လည်း ယခင်အစိုးရအဆက်ဆက်က ထုတ်ပြန်ခဲ့ပြီးဖြစ်တဲ့ ဥပဒေတွေအပေါ်မှာ ဘယ်ဥပဒေတွေကတော့ အသစ်ပြဋ္ဌာန်းရမယ်၊ ဘယ်လိုဥပဒေတွေကတော့ ပြင်ဆင်မှုရမယ်၊ ဘယ်ဥပဒေတွေကတော့ အခုခေတ်စနစ်နဲ့ မညီတော့ဘူး၊ ဘယ်လိုဥပဒေတွေကတော့ ပြဋ္ဌာန်းထားပြီးပေမယ့် အခုထိအစိုးရဘက်က မဖော်ဆောင်ပေးသေးဘူး စသဖြင့် ခွဲခြမ်းစိတ်ဖြာလို့ ပြည်သူ့အစိုးရသစ်ထံကို အကြံပြုကြရမယ်။ ပြင်ဆင်ရေးဆွဲပေးရေး တိုက်တွန်းကြရတော့မယ်။ ဒါမှသာ ကျွန်တော်တို့ရဲ့ လူမှုစီးပွားဘဝတွေ ကောင်းမွန်လာနိုင်မယ်လို့ ယုံကြည်မိပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ဒါတွေက အခြေခံကျလှပါတယ်။ အချို့သောဥပဒေအတော်များများဟာ အခြေခံကျတဲ့ ပြည်သူ့အကျိုးစီးပွားတွေကို ကာကွယ်အကျိုးပြုဖို့ထက် စီးပွားရေးလုပ်ငန်းရှင်တွေအပေါ်မှာသာ အလေးထားအကျိုးပြုဖို့ ရေးဆွဲပြဋ္ဌာန်းခဲ့ကြတာ များနေလို့ပါပဲ။

ဒီလိုခေတ်အဆက်ဆက် အုပ်ချုပ်သူ အစိုးရတစ်ရပ်ကပဲ သူ့ဘက်ကကြည့်ရေးဆွဲခဲ့တဲ့ ဥပဒေတွေရဲ့ အားနည်းချက်ကြောင့်ပဲ အခု ကျွန်တော်တို့နိုင်ငံရဲ့ နေရာတိုင်းလိုလိုမှာ ဥပဒေစိုးမိုးမှုမရှိတာတွေ၊ ဥပဒေမဲ့ လက်ရဲဇက်ရဲ ဘောင်ကျော်ကျူးလွန်နေကြတာတွေ၊ ဆိုင်ရာဌာနဝန်ထမ်းတွေနဲ့ပေါင်းပြီး ခရိုနီစီးပွားရေးသမားတွေရဲ့ မတော်လောဘ အဆုံးမသတ်နိုင်ကြတာတွေ၊ ဆိုင်ရာအောက်ခြေဝန်ထမ်းတွေရဲ့ ပေါများလှတဲ့ အကျင့်ပျက်လာဘ်စားမှုတွေကို တွေ့နေကြရမှာ အမှန်ပဲဖြစ်ပါတယ်။

ဒီလိုအောက်ခြေဝန်ထမ်းတွေရဲ့ အကျင့်ပျက်ခြစားမှုတွေကြောင့်သာ တိုင်းပြည်ကရမယ့် အခွန်ဘဏ္ဍာပေါင်းများစွာ ဆုံးရှုံးနေရသလို ပြည်သူတွေအတွက် ပြန်လည်ဖော်ဆောင်ပေးရမယ့် အထွေထွေဝန်ဆောင်မှုလုပ်ငန်းတွေဟာဆိုရင်လည်း အဘက်ဘက်က အားနည်းနုံချည့်နေတာတွေ့ကြရမှာပါ။ နိုင်ငံတကာအလယ်မှာ နောက်ကောက်ကျလို့ ဖွံ့ဖြိုးတိုးတက်မှုနောက်အကျဆုံးနိုင်ငံ (Lower Development Country-LDC) စာရင်းဝင်နေတာ အားလုံးသိကြရပြီးဖြစ်မှာပါ။

အချုပ်အားဖြင့်တင်ပြရရင် အခုဖြစ်ပေါ်လာတဲ့ အတာကူးတဲ့ နှစ်ဦးကာလဟာ ကျွန်တော်တို့ ပြည်သူတွေက မိမိရဲ့ဆန္ဒနှင့်အညီ ရွေးချယ်ထားတဲ့ အစိုးရသစ်တစ်ရပ်အတွက် ကောင်းသောအောင်မြင်ခြင်းတွေ၊ ကောင်းတဲ့ အလားအလာဖြစ်ထွန်းရေးတွေရဖို့၊ ဖြစ်လာဖို့ဆိုရင် ကျွန်တော်တို့ပြည်သူတွေကပဲ ဝိုင်းဝန်းကူညီ တည့်မတ်ထိန်းကျောင်းပြီး ခေတ်အဆက်ဆက် သံမှိုလိုစွဲကပ်ပြီး နာတာရှည်ရောဂါသည်လိုဖြစ်နေတဲ့ အကျင့်ပျက်လာဘ်စားမှုတွေကို ဝိုင်းဝန်းဖော်ထုတ်လို့ ကောင်းတဲ့ ခေတ်စနစ်တစ်ခုဆီသို့ အတူတကွလက်တွဲလျှောက်လှမ်းကြပါစို့လို့ ရည်ရွယ်ပြီး တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။



# ဒသမတန်း ဘက်စုံပညာထူးချွန် လူငယ်အပန်းဖြေစခန်း(ငွေဆောင်) ဖွင့်လှစ်



**ငွေဆောင် ဧပြီ ၂၉**

၂၀၁၆ ခုနှစ် ဒသမတန်း ဘက်စုံပညာထူးချွန် လူငယ်အပန်းဖြေစခန်း(ငွေဆောင်)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်ကမ်းခြေရှိ ပုလဲငွေဆောင်ဟိုတယ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမန်းဂျော်နီက နှစ်သစ်တွင် အစိုးရအဖွဲ့သစ်၏နွေးထွေးစွာ ကြိုဆိုမှုနှင့်အတူ ငွေဆောင်ကမ်းခြေ အပန်းဖြေစခန်းတွင် ရောက်ရှိနေသည့်ကာလအတွင်း ကျန်းမာရွှင်လန်းစွာ အပန်းဖြေနိုင်ပြီး ဒေသန္တရဗဟုသုတများရကြပါစေကြောင်းနှင့် ပြည်ထောင်စုတိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးကြပြီး နိုင်ငံတော်၏အကျိုးအတွက် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် ပညာရေးကဏ္ဍမှ ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်သူများယုံကြည်မျှော်လင့်ထားသည့်အတိုင်း အောင်မြင်စွာ စွမ်းဆောင်နိုင်သူများဖြစ်ကြပါစေကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမန်းဂျော်နီနှင့် ကရင်တိုင်းရင်းသားရေးရာဝန်ကြီးတို့က ဘက်စုံပညာထူးချွန်တံဆိပ်များကို ကျောင်းသား ကျောင်းသူများအား ချီးမြှင့်အပ်နှင်းသည်။

ထို့နောက် ဘက်စုံပညာထူးချွန်အပန်းဖြေစခန်း (ငွေဆောင်)စခန်းမှူး ဦးဝင်းမောင်က ဘက်စုံပညာထူးချွန်အပန်းဖြေစခန်းဖွင့်ပွဲအမှတ်တရ မော်ကွန်းတံဆိပ်ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်သို့ ပေးအပ်ခဲ့သည်။ လူရည်ချွန်ဟောင်းများအဖွဲ့ကလည်း တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ အမှတ်တရတံဆိပ်ပေးအပ်ခဲ့သည်။

ချင်းပြည်နယ် မင်းတပ်မြို့ အထက ကန်ပက်လက်မှ သုံးထပ်ကွမ်းလူရည်ချွန် မောင်ဟာရှိန်းကီးက ဘက်စုံထူးချွန်မောင်မယ်များကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် အလက(၅)ပုသိမ်မှ ကျောင်းသားလေးတစ်ဦးက ကျွန်တော့်ရည်မှန်းချက်သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ဘက်စုံပညာ ထူးချွန်မောင်မယ်များက မြန်မာ့ကျောင်းသီချင်း၊ ဇာတိမာန်သီချင်းဖြင့် ဂုဏ်ပြုသီဆိုခဲ့ကြပြီး ဧရာဝတီတိုင်းဒေသကြီးပညာရေးဌာနမှ ဖွဲ့စည်းထားသော ပညာလက်ာတေးဂီတအဖွဲ့မှ တေးရေးဟသ်ာတမြင့်ငွေ ရေးစပ်သီကုံးထားသည့် "ဧရာဝတီရဲ့အလှ" သီချင်းဖြင့် သီဆိုကပြသရုပ်ဖော်ခဲ့ကြသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များသည် ဘက်စုံပညာထူးချွန်မောင်မယ်များနှင့်အတူ ခင်မင်ရင်းနှီးစွာဖြင့် ဂုဏ်ပြုနေ့လယ်စာ အတူတကွသုံးဆောင်ခဲ့ကြောင်းသိရသည်။

**(သတင်းနှင့်ဓာတ်ပုံ - သီသီမင်း)**

■

# ဘက်စုံထူးချွန် အဋ္ဌမတန်း ကျောင်းသား ကျောင်းသူ ၁၇၆ ဦး ပုဂံဒေသသို့လေ့လာရေးခရီးရောက်ရှိ



**မန္တလေး ဧပြီ ၂၉**

၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် မြန်မာတစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ဘက်စုံထူးချွန် အဋ္ဌမတန်းကျောင်းသား ကျောင်းသူ ၁၇၆ ဦး ပုဂံဒေသသို့ လေ့လာရေးခရီးရောက်ရှိ၍ ပုဂံအပန်းဖြေစခန်းတွင် စခန်းချနေထိုင်လျက်ရှိကြောင်းသိရသည်။

ထူးချွန်ကျောင်းသား ကျောင်းသူများအတွက် ဘက်စုံပညာ ထူးချွန်လူငယ် အပန်းဖြေစခန်းဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၉ က မန္တလေးတိုင်းဒေသကြီး ပုဂံဒေသရှိ Royal Emerald Hotel ၌ ကျင်းပခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီးအတွင်းရှိ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ တက်ရောက်ခဲ့ကြသည်။

စာပေတွင်သာမက ဘက်စုံထူးချွန်သည့် ထူးချွန်ကျောင်းသား ကျောင်းသူများသည် ပုဂံအပန်းဖြေစခန်းတွင် စခန်းချနေထိုင်စဉ်အတွင်း ပညာရပ်ဆိုင်ရာဟောပြောပွဲများ၊ စာပေဗဟုသုတများနှီးနှောဆွေးနွေးခြင်း၊ ပုဂံဒေသရှိ ထင်ရှားသောဘုရားစေတီပုထိုးများ လှည့်လည်ဖူးမြော်ခြင်း၊ ပုဂံအကြောင်း သိကောင်းစရာဟောပြောခြင်း၊ ပုပ္ပားတောင်ကလပ် တက်ရောက်လေ့လာခြင်း၊ ပုပ္ပားသစ်တောပြတိုက်နှင့် ပရဆေးဥယျာဉ်တို့ကို လေ့လာခြင်းများ ပြုလုပ်မည်ဖြစ်သည်။

မျိုးဆက်သစ်ကျောင်းသား ကျောင်းသူများအနေဖြင့် ဉာဏ်ပညာထက်မြက်ရုံတင်မကဘဲ မိမိကိုယ်ကိုယုံကြည်အားကိုးသည့်စိတ်ဓာတ်များ၊ အများအကျိုးသယ်ပိုးလိုသည့်စိတ်ဓာတ်များ၊ လူငယ်အချင်းချင်းချစ်ကြည်ရင်းနှီးစွာနေထိုင်တတ်စေရန်နှင့် ပညာရေးဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်တွင်နိုင်ငံ့အကျိုးပြုလုပ်ငန်းများ လုပ်ဆောင်နိုင်စေရန်အတွက်ရည်ရွယ်၍ ထူးချွန်ကျောင်းသား ကျောင်းသူများအတွက် အပန်းဖြေစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ဘက်စုံပညာအပန်းဖြေစခန်းမှ စခန်းမှူး ဒေါက်တာစိုးမြင့်ထွန်းက ပြောကြားသည်။

"၂၀၁၂-၂၀၁၃ ပညာသင်နှစ်ကစပြီး ဘက်စုံထူးချွန်လူငယ်အပန်းဖြေစခန်း အဋ္ဌမတန်းအတွက် ပုဂံဒေသမှာဖွင့်လှစ်ပေးခဲ့တာအခုဆိုရင် လေးနှစ်မြောက်ရှိပါပြီ" ဟု ၎င်းက ပြောကြားသည်။

ကချင်ပြည်နယ် ပူတာအို အထကမှ မောင်ဖုန်းဇီအောင်ကလည်း "ပုဂံကိုတစ်ခါမှ မရောက်ဖူးတဲ့အတွက် အခုလို လာရောက်လေ့လာခွင့်ရတဲ့အတွက် အလွန်ဝမ်းသာပါတယ်။ စီစဉ်ပေးတဲ့သူတွေကိုလည်း အလွန်ကျေးဇူးတင်ပါတယ်။တစ်နိုင်ငံလုံးက ကျောင်းသား ကျောင်းသူတွေစုံလင်စွာတွေ့ရတဲ့အတွက် တစ်ဒေသနဲ့တစ်ဒေသအတွေ့အကြုံတွေမျှဝေခွင့်ရတဲ့အပြင် အမြင်ချင်းလည်းဖလှယ်လို့ရတဲ့အတွက် အလွန်အကျိုးရှိပါတယ်။ ဒါ့အပြင် လူရည်ချွန်ဟောင်းကြီးတွေကလည်း ကျွန်တော်တို့ကိုလာရောက်တွေ့ဆုံအားပေးတဲ့အတွက် ဆက်လက်ကြိုးစားဖို့ခွန်အားတွေဖြစ်စေပါတယ်"ဟု ၎င်းကပြောသည်။

ရှမ်းပြည်(တောင်ပိုင်း)လင်းခေး အထကမှ မဆုနန္ဒာဝင့်ကလည်း "ဒီလိုလူရည်ချွန်ရွေးချယ်ခွင့်ရအောင်၊ အဘက်ဘက်က ပြည့်စုံအောင် ကြိုးစားခဲ့ရသလို မိဘတွေနဲ့ ဆရာဆရာမတွေရဲ့ အားပေးကူညီမှုကြောင့်လည်း အခုလိုရွေးချယ်ခံခဲ့ရတာပါ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဘက်စုံထူးချွန်အဋ္ဌမတန်းကျောင်းသား ကျောင်းသူများသည် ပုဂံဒေသတွင် လည်းကောင်း၊ နဝမတန်းကျောင်းသား ကျောင်းသူများသည် အင်းလေးဒေသတွင်လည်းကောင်း၊ ဒသမတန်း ကျောင်းသား ကျောင်းသူများသည် ငွေဆောင်တွင်လည်းကောင်း စခန်းချလေ့လာကြပြီး ဘက်စုံပညာထူးချွန်လူငယ်အပန်းဖြေစခန်း ပိတ်ပွဲအခမ်းအနားကို မေ ၂ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အောင်ရဲသွင်)**

# မန္တလေး ခုတင်(၅၅၀)ကလေးဆေးရုံကြီးတွင် လေးမြွှာပူးကလေးငယ်များ ကုသမှုခံယူ



**စစ်ကိုင်း ဧပြီ ၂၉**

စစ်ကိုင်းမြို့ဆေးရုံတွင် ဧပြီ ၂၈ ရက်က ဓမ္မတာအတိုင်းမွေးဖွားခဲ့သည့် ယောကျ်ားလေး လေးမြွှာပူးကလေးငယ်များကို မန္တလေး (ခုတင်-၅၅၀)ကလေးဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူနေကြောင်း ၎င်းဆေးရုံအုပ်ကြီး ဒေါက်တာသက်ဆွေက ပြောသည်။

စစ်ကိုင်းမြို့ ဇေယျာကွက်သစ်ရပ်ကွက်တွင် နေထိုင်ကြသည့် ကိုကျော်မင်းလတ်နှင့် မမြင့်မြင့်အေးတို့က မွေးဖွားခဲ့ခြင်းဖြစ်ပြီး ကလေးငယ်များ၏ ကျန်းမာရေးအတွက် မန္တလေးသို့ ပို့ဆောင်ထားပြီး မိခင်မှာအသက်(၂၉)နှစ်အရွယ်သာရှိကာ စစ်ကိုင်းဆေးရုံကြီးတွင် ဆေးကုသမှုဆက်လက်ခံယူလျက်ရှိသည်။

"များသောအားဖြင့် နှစ်မြွှာပူးတွေနဲ့သုံးမြွှာပူးတွေသာ အမွေးများပါတယ်။ အခုလို လေးမြွှာပူးက အတော်လေးရှားတယ်။ ခုမွေးဖွားတဲ့ လေးမြွှာပူးကတော့ အသက်ရှင်လျက် မိရိုးဖလာအတိုင်းမွေးတာကြောင့် မိခင်ကအင်အားနည်းသွားလို့ စစ်ကိုင်းဆေးရုံမှာပဲ ရှိသေးတယ်။ ကလေးတွေကို အထူးစောင့်ကြပ်ကုသပေးနေပါတယ်" ဟု မန္တလေး(ခုတင်-၅၅၀)ဆေးရုံအုပ်ကြီးက ပြောသည်။

အဆိုပါ လေးမြွှာပူးကလေးငယ်များမှ ပထမမွေးဖွားလာသည့် ကလေးငယ်မှာ ၁ ဒသမ ၂ ကီလိုဂရမ်၊ ဒုတိယမှာ ၁ ကီလိုဂရမ်၊ တတိယမှာ ၁ ကီလိုဂရမ်နှင့် စတုတ္ထကလေးငယ်မှာ ၁ ဒသမ ၃ ကီလိုဂရမ် အသီးသီးရှိကြပြီး ပထမနှင့် ဒုတိယကလေးငယ်များမှာ အခြေအနေဆိုးရွားမှုမရှိဘဲ တတိယကလေးမှာ အဆုတ်ထဲသို့လေအမြဲတမ်းဝင်နေစေရန်အတွက် ပြုလုပ်ပေးထားရပြီး စတုတ္ထကလေးငယ်မှာ အသက်ရှူစက်ဖြင့် ကူညီပေးနေရကြောင်း သိရသည်။

ကလေးမိဘဖြစ်သူသည် လက်သမားအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုပြီး ယခုမွေးဖွားခြင်းမှာ ဒုတိယကိုယ်ဝန်ဆောင်မွေးဖွားခြင်းဖြစ်ကြောင်း၊ အမြွှာပူးမွေးဖွားခြင်းသည် ဖခင်ဘက်ကမျိုးရိုးနှင့် ပို၍သက်ဆိုင်မှုရှိကြောင်း သိရသည်။

"မိဘတွေက ကိုယ်ဝန်ရှိစဉ်မှာ ကိုယ်ဝန်အပ်ထားတာ။ Ultrasound ရိုက်တာတွေမရှိတော့ လေးမြွှာပူးဆိုတာ မသိကြဘူး။ မွေးတော့မှသိကြတယ်။ ကိုယ်ဝန်အရွယ်အစားကလည်း ပုံမှန်ထက်ပိုပြီးကြီးမားတာပေါ့။ ဆေးပညာအရ အမြွှာပူးကလေးငယ်တွေမှာ အလေးချိန်မပြည့်တတ်ကြသလို လမစေ့ဘဲမွေးတတ်ပါတယ်"ဟု ဆေးရုံအုပ်ကြီးက ပြောသည်။

ပုံမှန်မွေးဖွားကြသည့် မွေးကင်းစကလေးငယ်များတွင် ၂ ဒသမ ၅ ကီလိုဂရမ် အထက်ရှိ၍ယင်းထက် နည်းသွားပါက ကိုယ်အလေးချိန်မပြည့်သည့် စာရင်းဝင်ပြီး ၁ ဒသမ ၅ ကီလိုဂရမ်ထက်လျော့နည်းပါက သတိထားရမည့် အခြေအနေဖြစ်ကာ ၁ ကီလိုဂရမ်ထက် နည်းခြင်းများလည်းရှိ၍ အသက်ရှင်သန်မှုရာနှုန်းနည်းသည်ဟု ဆိုသည်။

ယင်းကလေးငယ်များအတွက် စစ်ကိုင်းမြို့ သုခကာရီလူမှုကူညီရေးအသင်းမှ မွေးဖွားစရိတ်အဖြစ် ကျပ်တစ်သိန်းနှင့် နိုင်ငံကျော်ကလေးအဆိုတော် မေ့ချစ်သက်မိသားစုတို့က ကလေးတစ်ယောက်လျှင် ကျပ်တစ်သောင်းနှုန်း ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်းသိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

■

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်
## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၄-၄-၂၀၁၆ ရက်နေ့မှ ၂၂-၄-၂၀၁၆ ရက်နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူတစ်ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်သုံးဦး၊ မဂ္ဂဇင်းလေးဦးနှင့် အထွေထွေသုံးဦးပေါင်း ၁၀ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်းအသစ်လျှောက်ထားသူ တစ်ဦးတို့အား အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှ စ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၃၃၆ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၁၇၈၃ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၂ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၁၅၁ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူတစ်ဦးနှင့် မဂ္ဂဇင်းအသစ်လျှောက်ထားသူတစ်ဦးတို့အား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

❒ **ကျောဖုံးမှ**

ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ဂျပန်ခြေစမ်းခရီးစဉ်သွားရောက်မည့် မြန်မာအမျိုးသမီးအသင်းတွင် အုပ်ချုပ်သူအဖြစ် ဒေါ်မြတ်မြတ်ဦး၊ နည်းပြချုပ်အဖြစ် ရော်ဂျာရိုင်နာ (နယ်သာလန်)၊ လက်ထောက်နည်းပြများအဖြစ် ဦးအောင်နိုင်နှင့် ဒေါ်သက်သက်ဝင်း၊ ဂိုးနည်းပြအဖြစ် ဦးကိုကိုအောင်၊ ကစားသမားများအဖြစ် ဂိုးသမား-ခင်သီတာအေး၊ မေဇင်နွယ်၊ သန္တာဦး၊ နောက်တန်း-ဖူးပွင့်ခိုင်၊ ဝေဝေအောင်၊ ဇင်မာဝင်း၊ အေးအေးမိုး၊ လဲ့လဲ့လှိုင်၊ ဇင်မာထွန်း၊ ငယ်ငယ်ထွေး၊ ခင်သန်းဝေ၊ အလယ်တန်း-ခင်မာလာထွန်း၊ အေးမျိုးမြတ်၊ ရူပါခိုင်၊ မေစံပယ်ဖူး၊ ခင်မိုမိုထွန်း၊ ရှေ့တန်း-ခင်မိုးဝေ၊ ရီရီဦး၊ နော်အားလိုဝါးဖော၊ လှယဉ်ဝင်း၊ ဝင်းသီဂီထွန်း၊ မေသူကျော်နှင့် နီလာဝင်းတို့ပါဝင်သည်။ အပြီးသတ်ရွေးချယ်ရာတွင် ဇာခြည်ဦး၊ ငုဝါသဲနှင့် ဂိုးသမား ဇာဇာမြင့်တို့ကျန်ရစ်ခဲ့သည်။

✪ ဧဝရက်တောင်မှ

"နံနက် ၃ နာရီခွဲက Camp 1 မရောက်ခင်လမ်းမှာ ရေခဲပြိုကျပြီးရှေ့ကိုတက်ရမယ့်လမ်းပိတ်သွားတာမျိုး ကြုံလိုက်ရပါတယ်။ မိမိတို့မြန်မာတောင်တက်အဖွဲ့ရဲ့ ရှေ့မှာအဖွဲ့တစ်ဖွဲ့ရှိနေပါသေးတယ်။ ice falling ဖြစ်တဲ့ ယခုဖြစ်စဉ်မှာ နှစ်ဖွဲ့လုံးဘေးအန္တရာယ်မရှိခဲ့ပါ။ ယခုဧဝရက်တောင်ခြေစခန်းကို ပြန်လှည့်ခဲ့ပြီးအခြေချပြီးဖြစ်ပါတယ်။ အဖွဲ့ဝင်အားလုံးရဲ့ ကျန်းမာရေးအခြေအနေအထူးကောင်းမွန်ပါတယ်။ မနက် ၅ နာရီခွဲမှာတော့ တောင်ခြေစခန်းကနေ Camp 1 သွားရာလမ်းကြောင်းမှာပိတ်ဆို့သွားတဲ့ ရေခဲတွေ ဖယ်ရှားဖို့အတွက် ice fall doctor နှစ်ယောက် တက်သွားပါတယ်"ဟုယင်းစာမျက်နှာတွင် ရေးသားထားသည်။

မြန်မာတောင်တက်အဖွဲ့သည် မတ် ၂၆ ရက်တွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ နီပေါနိုင်ငံ ခတ္တမန္ဒူမြို့သို့ ထွက်ခွာခဲ့ပြီး ဧပြီ ၁၁ ရက် ညနေ ၃ နာရီခန့်တွင် ဧဝရက်တောင်၏ အမြင့်ပေ ၁၇၅၀၀ ရှိသောတောင်ခြေစခန်းသို့ ရောက်ရှိခဲ့ကြသည်။ ဧပြီ ၁၇ ရက်တွင် အမြင့်ပေ ၁၉၀၀၀ အထိ တက်ရောက်ခဲ့ကြပြီးဧပြီ ၁၈ရက်မှ ၂၀ ရက်အထိ တောင်ခြေစခန်းတွင် စခန်းချ ညပြန်အိပ်ခဲ့သည်။

ဧပြီ ၂၁ ရက်တွင် တောင်တက်စခန်းအမှတ် - ၁ အမြင့်ပေ ၁၉၅၀၀ ထိတက်ရောက်ခဲ့ပြီး ၂၂ ရက်တွင် စခန်းအမှတ်-၂ အမြင့်ပေ ၂၁၀၀၀ ထိ ဆက်လက်တက်ရောက်ခဲ့ကြသည်။ ထို့နောက် ၂၃ ရက်တွင် တောင်ခြေစခန်းသို့ ပြန်လည်ဆင်းသက်ခဲ့ပြီး လိုအပ်သည့် လေ့ကျင့်မှုများကို ပြုလုပ်ကာ ဧပြီ ၂၉ ရက်တွင် စခန်းအမှတ်-၃ အမြင့်ပေ ၂၃၆၂၅ပေထိ တက်ရောက်ရန် ထွက်ခွာခဲ့ရာမှ ယခုကဲ့သို့ ရေခဲပြိုကြမှုနှင့်တွေ့ကြုံခဲ့ရခြင်းဖြစ်သည်။

သို့ရာတွင် တောင်တက်အဖွဲ့သည် ဧပြီ ၃၀ ရက်တွင် စခန်းအမှတ် -၁ သို့ ထပ်မံတက်ရောက်ကာ တောင်ခြေသို့ ပြန်ဆင်းသက်ပြီး ရက်သတ္တပတ်ခန့် လေ့ကျင့်မှုများထပ်မံပြုလုပ်ကာ ဧဝရက်တောင်ထိပ် သို့ တက်ရောက်ရန် ပြင်ဆင်သွားမည်ဟုသိရသည်။

သတင်း - ခင်ဇာလီ
ဓာတ်ပုံ-Myanmar Flag on Everest

# မွေတော်ကက္ကူဘုရားဝင်းအတွင်းရှိ စေတီတော်များပြုပြင်ရန် အလှူငွေများ လှူဒါန်းနိုင်

ရှမ်းပြည်တောင်ပိုင်း တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့နယ် ကက္ကူကျေးရွာ၌ ဧပြီ ၂၂ ရက်ညတွင် လေပြင်းများတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် မွေတော်ကက္ကူဘုရားဝင်းအတွင်းရှိ စေတီတော်အရေအတွက်၏ ၄၀ ရာခိုင်နှုန်းခန့် ပျက်စီးခဲ့သည်။

မွေတော်ကက္ကူဘုရားစုရှိ စေတီတော်အချို့သည် အေဒီ ၁၂ ရာစုနှောင်းပိုင်း ပုဂံခေတ်အပြိုင်တည်ထားကိုးကွယ်ခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရပြီး စုစုပေါင်းစေတီတော် ၂၄၈၇ ဆူရှိသည့်အနက် လေပြင်းအရှိန်ကြောင့် စေတီတော် ၁၀၁၅ ဆူ ထိခိုက်ပျက်စီးခဲ့သည်။

အဆိုပါ ထိခိုက်ပျက်စီးသော စေတီတော်များ ပြန်လည်ပြုပြင်ရန်အတွက် စေတီတော်မူလအလှူရှင်များကလည်းကောင်း၊ လှူဒါန်းလိုသူများနှင့် အဖွဲ့အစည်းများကလည်းကောင်း ပါဝင်လှူဒါန်းလိုပါက အောက်ပါဌာနများနှင့် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ဆက်သွယ်လှူဒါန်းရန်လိပ်စာ**

ညွှန်ကြားရေးမှူးချုပ်
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
ရုံးအမှတ်(၃၅)၊ နေပြည်တော်၊ ဖုန်း ၀၆၇-၄၀၈၀၃၈

ညွှန်ကြားရေးမှူး(စီမံ/ဘဏ္ဍာဌာနခွဲ)
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
ရုံးအမှတ်(၃၅)၊ နေပြည်တော်၊ ဖုန်း ၀၆၇-၄၀၈၄၀၈

ညွှန်ကြားရေးမှူး(ပြုပြင်/ထိန်းသိမ်း/စစ်ဆေးမှတ်တမ်းနှင့်ဓာတုဗေဒဌာနခွဲ)
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
ရုံးအမှတ်(၃၅)၊ နေပြည်တော်၊ ဖုန်း ၀၆၇-၄၀၈၀၂၇

ညွှန်ကြားရေးမှူး
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
ရန်ကုန်ဌာနခွဲ၊ ၃၂-ဒီ ခြောက်မိုင်ခွဲ၊ ပြည်လမ်း၊ ဖုန်း ၀၁-၅၁၃၈၉၇

ညွှန်ကြားရေးမှူး
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
မန္တလေးဌာနခွဲ၊ ၂၈ လမ်း၊ ၇၀×၇၁ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ ဖုန်း ၀၂-၆၀၀၆၁



# ဝန်ထမ်းကြို/ပို့ယာဉ်နှစ်စီး မတော်တဆတိုက်မိ

**နေပြည်တော် မေ ၂၉**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက် (ဧက ၁၀၀၀) တိုက်အမှတ် (၁၃၆၈)အနီး လမ်းဆုံတွင် ယနေ့နံနက် ၈ နာရီခန့်က အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးရုံးနှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး ဝန်ထမ်းကြို/ပို့ ယာဉ်တို့ မတော်တဆ တိုက်မိမှုဖြစ်ပွားခဲ့ရာ ဝန်ထမ်း ၃၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ဓနသိဒ္ဓိရပ်ကွက် သုခမြိုင်လမ်းအတိုင်းမောင်းနှင်လာသည့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးရုံးမှ ဝန်ထမ်းကြို/ပို့ယာဉ်နှင့် ရတနာမြိုင်လမ်းအတိုင်း မောင်းနှင်လာသည့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး ဝန်ထမ်းကြို/ပို့ ယာဉ်တို့သည် အဆိုပါလမ်းဆုံတွင် မတော်တဆ တိုက်မိမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယာဉ်နှစ်စီးပေါ်ရှိ ဝန်ထမ်း ၃၅ ဦးမှာ ဒဏ်ရာရရှိခဲ့သဖြင့် နေပြည်တော်ခုတင် (၁၀၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ရာ ဝန်ထမ်းသုံးဦးအား အတွင်းလူနာအဖြစ် ကုသမှုခံယူလျက်ရှိကြောင်းသိရသည်။

**(သတင်းစဉ်)**

# ပုဗ္ဗသီရိမြို့နယ် ဆင်တဲကြီးကျေးရွာနှင့် ကျွန်းတောကြီးကျေးရွာတို့တွင် ကြက်များသေဆုံးမှုဖြစ်ပွား

**နေပြည်တော် မေ ၃၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် ဆင်တဲကြီးကျေးရွာနှင့် ကျွန်းတောကြီးကျေးရွာတို့တွင် ကြက်များသေဆုံးမှုရှိကြောင်း သိရှိရသည့်အတွက် မေ ၂၈ ရက် ညနေ ၃ နာရီက ဥတ္တရခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်းနှင့်တာဝန်ရှိသူများ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာ ဥယျာဉ်ကျေးရွာအုပ်စု ဆင်တဲကြီးတောင်ရွာနှင့်ဆင်တဲကြီးမြောက်ရွာတို့ရှိ ကြက်ခြံခုနစ်ခြံတွင် ကြက်ကောင်ရေစုစုပေါင်း ၁၃၇၀၀ ရှိပြီး CP ကုမ္ပဏီနှင့် အကျိုးတူမွေးမြူထားကြောင်း သိရှိရပြီး မေ ၂၅ ရက်မှ စတင်၍ ကြက်ကောင်ရေငါးကောင်၊ ခြောက်ကောင်ခန့် သေဆုံးခဲ့ပြီး စုစုပေါင်း ကြက်ခြံများမှ ကြက်ကောင်ရေသေဆုံးမှုမှာ ၂၀၇ ကောင်ဖြစ်ပြီး စစ်ဆေးအဖွဲ့ရောက်ရှိချိန်တွင် ကြက်ကောင်ရေ ၁၂၀ ခန့် သေဆုံးနေသည်ကို တွေ့ရှိရကြောင်း၊ သေဆုံးရခြင်းမှာ ကြက်ခြံသို့ပေးသည့် ရေပန့်ပျက်၍ ရေမလိုက်သဖြင့် သေဆုံးခြင်းဖြစ်ကြောင်းနှင့် သေဆုံးကြက်များကို မြေမြုပ်ခဲ့ကြောင်း ပိုင်ရှင်၏ ပြောပြချက်အရ သိရသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ အပူလွန်ကဲ၍ သေဆုံးသည်ဟု သာမန်အားဖြင့် ယူဆခဲ့ပြီး ဓာတ်ခွဲစစ်ဆေးပြီးမှသာ ရောဂါသိရှိရမည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် တာဝန်ရှိသူများသည် ပုဇွန်ဆိတ်ကျေးရွာအုပ်စု ကျွန်းတောကြီးကျေးရွာသို့ သွားရောက်စစ်ဆေးရာ ကျွန်းတောကြီးကျေးရွာတွင် ကြက်ခြံသုံးခြံရှိပြီး ကြက်ကောင်ရေ ၉၁၈၀ ရှိရာ မေ ၂၇ ရက်တွင် ၅၅ ကောင်၊ ၂၈ ရက်တွင် ၁၇ ကောင် စုစုပေါင်း ၇၂ ကောင် သေဆုံးကြောင်း သိရသည်။



အဆိုပါကြက်သေများအား ခြောက်ပေအနက် မြေတွင်းတူး၍ FREEZONE ဆေးဖျန်းပြီး မြေမြှုပ်ရန်၊ ကြက်သေကောင်များအား တိမွေးကုဌာနမှ ဓာတ်ခွဲစမ်းသပ်စစ်ဆေးရန်၊ ကြက်ခြံအတွင်းရှိ ဆက်စပ်ပစ္စည်းများ ခြံပြင်သို့ မထွက်ရှိစေရေး ဆောင်ရွက်ရန်နှင့် ကြက်ခြံအတွင်းနေထိုင်သူ ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးရန် စသည်ဖြင့် မှာကြားခဲ့ကြောင်းသိရသည်။

**ရွှေရဲရင့်**

# ရွှေပြည်သာမြို့နယ်၌ တစ်ရက်လျှင် တန်(၆၀)ကျ အမှိုက်မှ စွမ်းအင်ထုတ်လုပ်မည့် စက်ရုံတည်ဆောက်မှု ၂၀ ရာခိုင်နှုန်းပြီးစီး

**ရန်ကုန် ဧပြီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်တွင် အကောင်အထည်ဖော်တည်ဆောက်လျက်ရှိသည့် တစ်ရက်လျှင် တန်(၆၀)ကျ အမှိုက်မှစွမ်းအင်ထုတ်လုပ်မည့် စက်ရုံတည်ဆောက်မှု ၂၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ လက်ထောက်ဌာနမှူး ဒေါက်တာအောင်မြင့်မော်က ပြောသည်။

"အမှိုက်ထားတဲ့ဂိုဒေါင်နဲ့ ရုံးတွေတည်ဆောက်ပြီးသွားပြီ။ စွန့်ပစ်အမှိုက်တွေကို ချိန်တဲ့စက်တွေ တပ်ဆင်နေပါပြီ။ ဆက်လက်တပ်ဆင်မယ့် စက်ပစ္စည်းတွေကို ဂျပန်နိုင်ငံကနေ သင်္ဘောဆယ်စင်းနဲ့ သယ်လာတာ ဆိပ်ကမ်းမှာ နှစ်စင်းရောက်နေပါပြီ။ ပစ္စည်းထုတ်ယူဖို့ လုပ်နေပါတယ်။ တည်ဆောက်မှုတစ်ခုလုံး အနေအထားနဲ့ ၂၀ ရာခိုင်နှုန်းလောက်ပြီးစီးသွားပါပြီ"ဟု ၎င်းက ပြောသည်။




အမှိုက်မှ ထွက်ရှိနေသည့် မီသိန်းဓာတ်ငွေ့နှင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို လျှော့ချသည့် အစီအစဉ်တစ်ခုအနေဖြင့် တစ်ရက်လျှင် တန်(၆၀)ကျ အမှိုက်မှစွမ်းအင်ထုတ်လုပ်မည့် စက်ရုံကို ရွှေပြည်သာမြို့နယ်ရှိ (လတ်တလော အမှိုက်စွန့်ပစ်နေသည့်နေရာအနီး) လှော်ကားလမ်းမကြီးဘေး (၁၅) ဧက အကျယ်အဝန်းမြေနေရာတွင် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၀ ရက်က စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၁၇ ခုနှစ် မတ်လတွင် အပြီးတည်ဆောက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

"စက်ရုံဆောက်လုပ်မှုအပိုင်းကို ဂျပန်နိုင်ငံက JFE Engineering အဖွဲ့ကို အပ်နှံထားလို့ သူတို့က တာဝန်ယူဆောက်လုပ်နေပါတယ်။ ဂျပန်နိုင်ငံမှာဆိုရင် ဒီလိုစက်ရုံတွေကို JFE အဖွဲ့က စာသင်ကျောင်းတို့၊ ဆေးရုံတို့ ရှိနေတဲ့ မြို့လယ်လိုနေရာမျိုးတွေမှာတောင် အဆင့်မြင့်နည်းပညာတွေသုံးပြီး တာဝန်ယူတည်ဆောက်ခဲ့တာတွေ ရှိတယ်။ ဒါကြောင့် ပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းအောင် သူတို့ကို အပ်နှံခဲ့တာပါ"ဟု ၎င်းကပြောသည်။

စက်ရုံတည်ဆောက်မှု ကုန်ကျစရိတ်အဖြစ် အမေရိကန်ဒေါ်လာ ၁၆ သန်း ကုန်ကျမည်ဖြစ်ပြီး ဂျပန်နိုင်ငံမှ တစ်ဝက်အကုန်အကျခံ တည်ဆောက်ပေးသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် တည်ဆောက်မှုကုန်ကျစရိတ်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ သန်း၊ ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၆ သန်း လျာထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ယခုအခါ ရန်ကုန်မြို့၌ နေ့စဉ် အမှိုက်တန်ချိန် ၁၉၀၀ ကျော်ထွက်ရှိနေပြီး အဆိုပါ စက်ရုံတည်ဆောက်ပြီးစီးသွားပါက စက်ရုံမှထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အား (၇၀၀) ကီလိုဝပ်အနက် (၄၀၀) ကီလိုဝပ်ကို စက်ရုံအတွက် ပြန်လည်သုံးစွဲမည်ဖြစ်သည့်အပြင် ပိုလျှံသော (၃၀၀)ကီလိုဝပ်ကို National Grid Line သို့ ထည့်သွင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စက်ရုံတည်ဆောက်ပြီးစီးသွားပါက လူနေမှုစနစ်အရသော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးရှုထောင့်အနေဖြင့် လည်းကောင်း၊ အမှိုက်မှ စွမ်းအင်ထုတ်လုပ်သည့်စက်ရုံသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို အနည်းဆုံး ဆောင်ရွက်နိုင်စေသည့်အပြင် လျှပ်စစ်ဓာတ်အားကိုလည်းရရှိမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

အဆိုပါ တည်ဆောက်မှုကို ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ဂျပန်နိုင်ငံဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ Leaf Frog Program ဖြင့် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ထောက်ပံ့ရေးအစီအစဉ်အရ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဂျပန်နိုင်ငံနှင့် နှစ်နိုင်ငံ သဘောတူ လက်မှတ်ရေးထိုး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး(ပဏီတ)၊ ဓာတ်ပုံ-ဖေဇော်**

# ရေးမြို့နယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကျပ်သန်းပေါင်း ခုနစ်ရာကျော်ခန့် သုံးစွဲသွားမည်

**ရေး ဧပြီ ၂၉**

မွန်ပြည်နယ် ရေးမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၇၃၉ သန်းခန့် အကုန်အကျခံကာ ၂၀၁၇ ခုနှစ် မတ် ၃၁ ရက်အထိ လုပ်ငန်းများ ရာနှုန်းပြည့်အပြီး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် ရေးမြို့နယ်အတွင်းရှိ ကုလားကုတ်အောက်ဆိပ်၊ အပေါ်ဆိပ်ကွန်ကရစ်လမ်း ၁ မိုင်၊ အာယုတောင်-တောင်ဘုံ ကတ္တရာလမ်း ၁ မိုင်၊ ဟံဂံ-ကော့လှိုင်-ဆင်ကူး ကတ္တရာလမ်း ၂ မိုင်၊ ကျုံလောင်း-ကျောက်မိချောင်း(တောင်) ကတ္တရာလမ်း ၁ မိုင် ၄ ဖာလုံ ဖြစ်၍ တံတားများမှာ မော့ကနင် မြို့ဟောင်း ပေ ၅၀ ကွန်ကရစ်တံတားတစ်စင်းနှင့် မွမ်းမံရန်ပုံငွေဖြင့် ကျုံပေါကျေးရွာအဝင် ကွန်ကရစ် ပေ ၄၀ အရှည်တံတားဖြစ်သည်။

ဆက်လက်ပြီး ရေပေးဝေရေးလုပ်ငန်းများမှာ ကမ်းနီကျေးရွာ စိမ့်စမ်းရေ ၂ မိုင်၊ သဲခုံကျေးရွာစိမ့်စမ်းရေ ၃မိုင်၊ ကွမ်ဒူကျေးရွာမှ တွင်းနက်တစ်တွင်းအပြင် မွမ်းမံရန်ပုံငွေဖြင့် ဆင်ကူး၊ ဇွန်းတလင်း၊ တောင်စွန်း၊ ကော့ဒွတ်ကျေးရွာများတွင် လက်တူးတွင်းပေါင်းငါးတွင်း၊ ရင်းဒိန်းဝကျေးရွာမှ တွင်းတိမ်တစ်တွင်းကို သတ်မှတ်ထားသော အချိန်ကာလအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ထွန်းထွန်း-ရေး)**

# တောင်တွင်းကြီး၌ နေ့အပူချိန် စံချိန်တင်မြင့်တက်

**တောင်တွင်းကြီး ဧပြီ ၂၉**

မြန်မာနိုင်ငံအလယ်ပိုင်း ပူပြင်းခြောက်သွေ့သောဒေသဖြစ်သည့် တောင်တွင်းကြီးမြို့တွင် ယခုရက်များအတွင်း နေ့အပူချိန်များမြင့်တက်၍ အလွန်အမင်းပူပြင်းလျက်ရှိကြောင်း သိရသည်။

သက်ဆိုင်ရာဌာနများအလိုက် အပူဒဏ်သတိပေးကာကွယ်ရေး နှိုးဆော်ချက်များကို လူစည်ကားသည့်နေရာများတွင်စိုက်ထူ၍ တောင်တွင်းကြီးမြို့လယ် လေးလမ်းဆုံ၌ အပူချိန်ကာကွယ်ရေး သတိပေးနှိုးဆော်ချက် (LED) ကြော်ငြာဆိုင်းဘုတ် စိုက်ထူထားကြောင်း သိရသည်။

တောင်တွင်းကြီးမြို့တွင် လတ်တလောရက်များအတွင်း ညအပူချိန် 31°C မှာ အနိမ့်ဆုံးအပူချိန်ဖြစ်၍ ၂၀၁၆ ခုနှစ် မေ ၂၉ ရက် အမြင့်ဆုံးအပူချိန်မှာ 44.9°C အထိ စံချိန်တင်မြင့်တက်လျက်ရှိသည်ဟု အပူချိန်ဒီဂရီပြ (LED)ဆိုင်းဘုတ်တွင် ဖော်ပြလျက်ရှိသော အပူချိန်တိုင်းထွာမှုအရ သိရသည်။

တောင်တွင်းကြီးမြို့နယ်၌ ၂၀၁၀ ခုနှစ် မေ ၁၅ ရက်က နေ့အပူချိန် 44.5°C ဖြင့် စံချိန်တင်ထားရာမှ ၂၀၁၆ ခုနှစ် ဧပြီ ၂၉ ရက် နေ့အပူချိန်မှာ 44.9°C အထိ စံချိန်တင်မြင့်တက်လျက်ရှိသဖြင့် ၁၉ နှစ်အတွင်း နေ့အပူချိန်မြင့်တက်မှု စံချိန်တင်ခဲ့ကြောင်း ဒေသဆိုင်ရာ မိုးလေဝသမှတ်တမ်းများအရ သိရသည်။

**(၅၈၀)**

# ဆိုလာမဲ့ (LED)မြေစိုက်လျှပ်စစ်မီးသီး အိမ်တိုင်ရာရောက်ရောင်းချပေး၊ ကျေးလက်ဒေသခံများအကြိုက်တွေ့

**မော်လူး ဧပြီ ၂၉**

ကျေးလက်ဒေသများတွင် တောင်သူအများစုက နေရောင်ခြည်စွမ်းအင်ဖြင့် အသုံးပြုရလွယ်ကူသော ဆိုလာပြားများကို တွင်ကျယ်စွာအသုံးပြုလာချိန်တွင် နယ်လှည့်အရောင်းဈေးသည်များက ဆိုလာမဲ့(LED) မြေစိုက် 7 watt လျှပ်စစ်မီးသီးများကို အိမ်တိုင်ရာရောက် ရောင်းချပေးခဲ့ရာ အပိုဝင်ငွေရရှိပြီး ကျေးလက်ဒေသခံများကလည်း အသုံးတည့်ကာ အကြိုက်တွေ့ဝယ်ယူသုံးစွဲလာကြကြောင်း သိရသည်။

"ကောလင်းက လာရောင်းပါတယ်။ မီးသီးက 7watt ပါ။ အခု ဒီမီးသီးကို စိုတဲ့လက်၊ ခရမ်းချဉ်သီး၊ သရက်သီးစတာတွေကို မီးထိုးပလပ်ညှပ်ခေါင်းနဲ့ ထိုးလိုက်ရင် မီးလင်းတော့တာပါပဲ"ဟု အရောင်းကိုယ်စားလှယ်တစ်ဦးဖြစ်သူ ဝန်းသိုမြို့နယ် လွင်ကြီးအုပ်စု ရွှေတောင်ကျေးရွာနေ ဒေါ်မြညွန့်က ပြောသည်။

အဆိုပါ လျှပ်စစ်မီးသီးသည် တရုတ်နိုင်ငံထုတ် INTELIGENT လျှပ်စစ်မီးသီး (LED- EMERGENCY LIGHT )ဖြစ်ကြောင်း၊ မီးကြိုးနှင့် ပလပ်ခေါင်းပါတစ်စုံကို ကျပ် ၅၀၀၀ ဖြင့် ရောင်းချပေးလျက်ရှိပြီး နန့်စီးအောင်၊ ပေကုန်း၊ မလူး၊ မံဟဲ၊ ဟောင်းတုန်း၊ ဆားမှော် စသည့် ကျေးရွာများသို့ တစ်အိမ်တက်၊ တစ်အိမ်ဆင်း လိုက်လံရောင်းချလျက်ရှိရာ ဒေသခံများက အသုံးတည့်အကြိုက်တွေ့ကာ အရောင်းအဝယ်ဖြစ်ကြောင်း၊ အဆိုပါ မီးသီးကို သုံးစွဲရာတွင် ပလပ်ခေါင်းကို မြေကြီးထဲထည့်သွင်းရခြင်း၊ စိုစွတ်သောအရာတွင် စိုက်ထူခြင်း၊ လက်ဖြင့်ထိတွေ့၊ ကိုင်တွယ်ခြင်း၊ သစ်သီးသစ်ဥတို့တွင် စိုက်ထည့်ပါက လျှပ်စစ်မီးလင်းလာသည်ကို ဒေသခံများက အကြိုက်တွေ့လျက်ရှိကြောင်း သိရသည်။



**(ဝ၅၈)**


# ကျွဲ၊ နွားများရောဂါကာကွယ်ဆေး ကွင်းဆင်းထိုးနှံပေး



**ကျောက်တန်း ဧပြီ ၂၉**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါက်တာသန်းမြို့ဦးနှင့် အဖွဲ့သည် ဧပြီ ၂၇ ရက်က ပုတ္တာလုတ်၊ မရမ်းအေး၊ အဝကောက်၊ အောင်သပြေနှင့် အောင်သုခကျေးရွာများသို့ ကွင်းဆင်း၍ ပေါင်ပုပ်၊ လက်ပုပ်နှင့် လည်ချောင်းကွဲရောဂါကာကွယ်ဆေးများ ထိုးနှံပေးခဲ့ရာ လည်ချောင်းကွဲရောဂါအတွက် ကျွဲ၊ နွား ၃၆၅ ကောင်၊ ပေါင်ပုပ်၊ လက်ပုပ်အတွက် ကျွဲ၊ နွား ၃၀၆ ကောင်တို့ကို ထိုးနှံပေးခဲ့ပြီး ရောဂါနှင့်ဆိုင်ရာအချက်အလက်များကို ဆွေးနွေးဟောပြော အသိပညာပေးခဲ့သည်။

ကျောက်တန်းမြို့နယ်အတွင်းရှိ ကျန်ရှိသောကျေးရွာများသို့လည်း ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် အသိပညာပေးဆွေးနွေးဟောပြောပွဲများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ဆွေ(ရွှေတံတား)**






# ယခင်က မရိုက်ဖြစ်ခဲ့ရသော ဇာတ်ကားပြန်လည်စီစဉ်၍ ဇာတ်ကားသစ်များ သရုပ်ဆောင်ရွေးချယ်

**ရန်ကုန် ဧပြီ ၂၉**

လွန်ခဲ့သော နှစ်ပေါင်း ၂၀ လောက်ကတည်းက ရိုက်ကူးရန်စီစဉ်ခဲ့ဖူးသော်လည်း ရိုက်ခွင့်မရခဲ့သော ဇာတ်ကားအတွက် ယနေ့ခေတ်တွင် ပြန်လည်စီစဉ်ခဲ့ကြောင်း ဒါရိုက်တာချိုင်းရှိန်က ပြောသည်။

အဆိုပါဇာတ်ကားရိုက်ကူးရန်အတွက် သရုပ်ဆောင်များနှင့် လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုမှုကို ပြုလုပ်ခဲ့ပြီး ဇာတ်ကားသစ်များအတွက် ကန်တော့ပွဲပေးခြင်းနှင့် သရုပ်ဆောင်ရွေးချယ်ခြင်းတို့ကို ဧပြီ ၂၈ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က ရန်ကုန်မြို့ ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပခဲ့သည်။

"လွန်ခဲ့တဲ့နှစ် ၂၀ လောက်ကတည်းက ရိုက်ဖို့စီစဉ်ပြီးကာမှ အကြောင်းအမျိုးမျိုးကြောင့် မရိုက်ဖြစ်ခဲ့ဘူး။ နှစ်ပေါင်း ၂၀ လောက်ကြာပြီဆိုပေမယ့် အကြောင်းအရာတွေအားလုံးဟာ ယနေ့အထိ သစ်လွင်နေဆဲဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်တုန်းကလည်း ဒီဇာတ်ကားကိုပြန်ရိုက်ဖို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမယ့်လည်း အကြောင်းကြောင်းကြောင့် ပျက်ခဲ့ရတယ်။ အခုရိုက်ဖို့ အချိန်စာရင်းတွေလည်း ထွက်ပြီ၊ ရိုက်ဖို့လည်းသေချာပြီ"ဟု ၎င်းက ရှင်းပြသည်။ ထိုဇာတ်ကားသည် "လူမိုက်ကျွန်း"ဟု အမည်ရပြီး ဒါရိုက်တာချိုင်းရှိန်က ရိုက်ကူးမည်ဖြစ်ကာ အကယ်ဒမီရန်အောင်၊ အကယ်ဒမီရဲအောင်၊ မင်းရာဇာ၊ ဟိန်းဝေယံ၊ သဥ္ဇာနွယ်ဝင်း၊ ဖူးဖူး စသော သရုပ်ဆောင်များနှင့် အခြားသော သရုပ်ဆောင်များစွာလည်းပါဝင်မည်ဟု သိရသည်။

ထိုရိုက်ကူးမှုအစီအစဉ်များကို ဓနချမ်းသာကုမ္ပဏီမှ စီစဉ်ခြင်းဖြစ်ပြီး "မီးမုန်တိုင်း"၊ "မိုးကြိုးမုန်တိုင်း"၊ "ရသမုန်တိုင်း" စသော ဇာတ်ကားများကိုလည်း ရိုက်ကူးသွားရန် စီစဉ်လျက်ရှိသည်။

"ကျွန်တော့်အနေနဲ့က အဲဒီဇာတ်လမ်းထဲမှာ ဗီလိန်စစ်စစ်လုပ်ဆောင်သွားရမှာပါ။ ယုတ်မာတယ်။ ကောက်ကျစ်တယ်ပေါ့။ အဲဒီလိုမျိုး သရုပ်ဆောင်သွားရမှာပါ"ဟု အကယ်ဒမီရန်အောင်က ပြောသည်။ "မီးမုန်တိုင်း" ဇာတ်ကားသည် ယခင် ၁၉၉၇-၁၉၉၈ လောက်က သရုပ်ဆောင် ရာဇာနေဝင်းနှင့် ထွန်းအိန္ဒြာဗိုလ်တို့ သရုပ်ဆောင်ခဲ့ဖူးပြီး သရုပ်ဆောင် ရာဇာနေဝင်း၏ ဈေးကွက်ဝင်သော ဇာတ်ကားဖြစ်ခဲ့သည်။ ယခုအခါ သရုပ်ဆောင်အဆိုတော် စိုင်းစိုင်းခမ်းလှိုင်က ပြန်လည်သရုပ်ဆောင်ရိုက်ကူးမည်ဖြစ်သလို လာမည့် ဩဂုတ် ၁ ရက်တွင် စတင်နိုင်ရန် စီစဉ်ထားသည်။

"မိုးကြိုးမုန်တိုင်း" အမည်ရသော ဇာတ်ကားကိုလည်း မူလက မေ ၁ ရက်မှ ၂၁ ရက်အတွင်း ရိုက်ရက်ပေး၍ စီစဉ်ခဲ့ဖူးသော်လည်း ဇာတ်ကားအတွင်း ပါဝင်မည့် ရှုံးပုံကြီး၏ပုံကို ဖန်တီးရေးဆွဲသော ကွန်ပျူတာပညာရှင်မှာ အချိန်ကာလနှစ်လလောက်ဖြင့် မပြီးပြတ်နိုင်သည့်အတွက် ခြောက်လလောက်အချိန်ယူ၍ ပြီးစီးမည်ဖြစ်ခြင်းကြောင့် လာမည့် ဒီဇင်ဘာလလောက်မှသာ ရိုက်ကူးရန် စီစဉ်ထားရှိသည်။

"ရသမုန်တိုင်း"ဟူ၍ အမည်ရသော ဇာတ်ကားတွင် ထည့်သွင်းရိုက်ကူးရန် သရုပ်ဆောင်သစ်နှစ်ဦးကို ရွေးချယ်ထားပြီး ယင်းရွေးချယ်ထားသော သရုပ်ဆောင်အမျိုးသားအတွက် ကျပ်သိန်း ၂၀ နှင့် သရုပ်ဆောင် အမျိုးသမီးအတွက် ကျပ် ၁၅ သိန်းကို ချီးမြှင့်မည်ဟု သိရသည်။ ထိုဇာတ်ကားကို အောက်တိုဘာ ၁ ရက်တွင် စတင်ရိုက်ကူးရန် စီစဉ်ကာ ကြားကာလငါးလအတွင်း သရုပ်ဆောင်များကို စန္ဒရား၊ တယော စသည့် တူရိယာတီးခတ်နည်းများကို သင်ကြားပေးကာ ပီပီပြင်ပြင် သရုပ်ဆောင်နိုင်ရန် သရုပ်ဆောင်သစ်များအနက်မှ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

"တကယ်မတီးခတ်ဘဲနဲ့ ဟန်ဆောင်တာမျိုးမလုပ်ချင်ဘူး။ ကျွန်တော်တို့ကားကို ကြည့်တဲ့ပြည်သူတွေကို ဟန်ဆောင်လိမ်ညာမှုတွေ မလုပ်ချင်ဘူး။ စန္ဒရားနဲ့ တယောသင်ပေးဖို့တော့ ဂီတမိတ်နဲ့ပြောထားတယ်။ ဒီလောကမှာ အသစ်တွေကို ပိုက်ဆံပေးပြီးရိုက်တာ ကျွန်တော်တို့တစ်ခုပဲရှိတယ်လို့ ယူဆပါတယ်။ ဘာကြောင့်လဲဆိုတော့ သရုပ်ဆောင်အသစ်တွေအနေနဲ့က အရွေးခံရရင်ကောင်းတယ်၊ သွားစရိတ်လာစရိတ်နဲ့ အရွေးမခံရရင် မိဘတွေအတွက် လုံးပါးပါးရတယ်။ ဒါကြောင့်မို့လည်း အခုလိုစီစဉ်တာဖြစ်ပါတယ်"ဟု ဒါရိုက်တာချိုင်းရှိန်က ထုတ်ဖော်ပြောကြားခဲ့သည်။

ထိုသို့ ရွေးချယ်ခံရသော သရုပ်ဆောင်သစ်များသည် အဆိုပါတေးဂီတများကို ငါးလတာအတွင်း တတ်ကျွမ်းစွာ တီးခတ်တတ်ရန်လိုအပ်ပြီး ယင်းကဲ့သို့ မသင်ကြားချင်ပါက ထည့်သွင်းရိုက်ကူးမည်မဟုတ်ကြောင်းသိရသည်။ ထိုသရုပ်ဆောင်သစ်များအနက် အကောင်းဆုံးသော သရုပ်ဆောင်နှစ်ဦးကို ရွေးချယ်ရာတွင် ဦးဝင်းငြိမ်း၊ ဦးဇင်ဝိုင်း၊ ဦးရန်အောင်၊ ဦးချိုင်းရှိန်နှင့် ဦးတင်အောင်စိုးတို့က ရွေးချယ်ခဲ့ခြင်းလည်းဖြစ်သည်။

**သတင်း-စနိုး၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# Iron Man 4 မှာ ဆက်လက်မြင်တွေ့ရမယ့် ရောဘတ်ဒေါင်နေးဂျူနီယာ

Iron Man ဇာတ်ကားများ၏ ပင်တိုင်သရုပ်ဆောင် ရောဘတ်ဒေါင်နေးဂျူနီယာက အသစ်ရိုက်ကူးမည့် Iron Man 4 ဇာတ်ကားတွင် ယခင့်ယခင်များထက် ပိုမိုစိတ်ဝင်စားဖွယ်ရာ သရုပ်ဆောင်သွားဖွယ်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

များမကြာမီအချိန်က သရုပ်ဆောင် ရောဘတ်အနေဖြင့် Iron Man ဇာတ်လမ်းတွဲများတွင် ဆက်လက်ပါဝင်ရန် ဆုံးဖြတ်ချက်ဝေဝါးနေဆဲဟု



သတင်းများထွက်ပေါ်လာခဲ့ပြီး ယခုအခါမှ Iron Man 4 ဇာတ်ကားနှင့် Captain America: Civil War ဇာတ်ကားသစ်တို့တွင် ဆက်လက်ပါဝင်မည်ဖြစ်ကြောင်း ဧပြီ ၂၇ ရက်က အေဘီစီရုပ်သံလိုင်း၏ တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့အပြင် မာဘယ်မှ ထုတ်လုပ်သည့် Iron Man ဇာတ်ကားများတွင် တိုနီစတက်အဖြစ် ပင်တိုင်ပါဝင်ခဲ့သူ သရုပ်ဆောင်ရောဘတ်အား ဆိုနီနှင့် မာဘယ်စတူဒီယိုမှ ထုတ်လုပ်မည့် ဇာတ်ကားသစ်များဖြစ်သော Spider-Man: Homecoming ဇာတ်ကားနှင့် Avengers ဇာတ်လမ်းတွဲ၏ နောက်ဆက်တွဲဇာတ်ကားဖြစ်သော Avengers: Infinity War ဇာတ်ကားတို့တွင် သူရဲကောင်းတစ်ဦးအဖြစ် ထပ်မံမြင်တွေ့ရဦးမည်ဖြစ်ကြောင်း သိရသည်။

ရောဘတ်ဒေါင်နေးဂျူနီယာသည် ရုံဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော်ရရှိခဲ့သည့် ဇာတ်ကားပေါင်းမြောက်မြားစွာတွင် ပါဝင်သရုပ်ဆောင်ခဲ့သူတစ်ဦးဖြစ်ပြီး ယင်းတို့အနက်မှ The Avengers, Avengers: Age of Ultron ဇာတ်ကားနှင့် Iron Man 3 ဇာတ်ကားတစ်ကားစီမှ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ရုံဝင်ငွေမှာအမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်ရှိကြောင်း သိရသည်။

ထို့ပြင် ၂၀၁၂ မှ ၂၀၁၅ ခုနှစ်ထိ သုံးနှစ်ဆက်တိုက် ဟောလိဝုဒ်၏ အနုပညာကြေးအမြင့်ဆုံး ရုပ်ရှင်မင်းသားတစ်ဦးအဖြစ် Forbes မဂ္ဂဇင်းတွင် ဖော်ပြခြင်းခံရသည့် အနုပညာရှင်တစ်ဦးလည်းဖြစ်သည်။ **(ဖြိုးစန္ဒာမြင့်)**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၃၀ - ၄ -၂၀၁၆ (စနေနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | | | |
|---|---|---|---|
| ၆း၀၀ | အဖွင့်<br>-မိုးလေဝသအစီအစဉ်<br>-တေးဂီတအစီအစဉ် | ၈း၃၀ | ထန်းတောအိုးစည်အစီအစဉ် |
| ၆း၃၀ | ဂီတပညာရှင် "ငယ်ငယ်လေး" အစီအစဉ် | ၈း၄၀ | နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ |
| ၆း၅၀ | တေးဂီတအစီအစဉ် | ၈း၅၀ | ဖော်ထုတ်နွှဲပျော် မီးပုံးပွဲတော်အစီအစဉ် |
| ၇း၁၀ | ကတ်ဆက်ဇာတ်လမ်း "မရွှေအထက်တန်းစား" | ၉း၂၀ | မြန်မာရုပ်ရှင် "အထာသစ်နဲ့နှစ်ခါချစ်မယ်" |
| ၈း၁၀ | တေးဂီတအစီအစဉ် | ၁၂း၀၀ | အစီအစဉ်ပြီး၏ |

(ည (၈း၃၀)Live:Everton Vs AFC Bournemouth)

**တစ်နေ့(၆)နာရီစာ(၄)ကြိမ်ပြသပါမည်။**

## မြန်မာ့ရုပ်မြင်သံကြား News Channel

| | | | |
|---|---|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် | ၆း၂၀ | Graphic Info (Stock Exchange) (အခန်း-၃) |
| ၇း၃၅ | Hyper Sport | ၆း၃၅ | Business News |
| ၈း၃၅ | The Farmer | ၇း၁၅ | "ရင်တွင်းရေးပြဿနာ" (အပိုင်း-၆) (နိုင်းနိုင်း၊ သင်ဇာဝင့်ကျော်၊ နန်းမြတ်ဖြိုးသင်း) (ဒါရိုက်တာ-ဟိန်းစိုး) |
| ၉း၃၅ | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် | ၈း၀၀ | ပြည်တွင်းသတင်း၊ -နိုင်ငံတကာသတင်း၊ -မိုးလေဝသအခြေအနေ |
| ၁၀း၃၅ | ပြည်ထောင်စုရာထူးဝင်အဖွဲ့၏ ရက်ပေါင်းတစ်ရာစီမံချက် | ၉း၀၀ | ပြည်တွင်းသတင်း -လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက် -ဂီတတံခါးလေးဖွင့်ပါဦး -"နေမဝင်အလှများ" (ဒေါ်အေးအေးသင်းနှင့် တွေ့ဆုံခြင်း) (အပိုင်း-၄) |
| ၁၁း၃၅ | ချစ်စရာ့အရွယ်ကစားကြမယ် | | |
| ၁း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါ ဂင်ချီ" (အပိုင်း-၁၀) | | |
| ၁း၄၅ | "ထာဝရမိတ်ဆွေဖြစ်ပါစေ" | | |
| ၂း၃၅ | "ရိုးရာပိုးကမ္ဘာဆင်ယင်ကွယ် ဂီတညီအစ်မသီဆိုမယ်" | | |
| ၃း၃၅ | Hyper Sport | | |
| ၄း၃၅ | အလုပ်အကိုင်အခွင့်အလမ်း အစီအစဉ် | | |
| ၅း၃၅ | ကဗျာရိပ်မြုံ "မျက်လှည့်ဝိုင်း" | | |
| ၅း၄၅ | စက်ရုပ်များရဲ့ ကမ္ဘာ "ရွှေရောင်အပိုင်းအဖြတ်" | | |

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## MRTV- 4

| | | | |
|---|---|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ် | | (Miss Myanmar World 2016 စာနယ်ဇင်းမိတ်ဆက်ပွဲ အခမ်းအနား) |
| ၅း၂၀ | MRTV-4 သတင်း | ၄း၄၅ | တရားမြတ်၏ ရောင်ခြည်တော် မဟာမေ့မုနိရုံသီ အိမ်တော်ရာစေတီ ကြေးသွန်ဆင်းတုတော် ရောင်ခြည်တော်ဖွင့် |
| ၅း၄၀ | "ဒုက္ခလွတ်ကင်းအောင် စွမ်းဆောင်နိုင်သည့် အရည်အချင်းများအကြောင်း" တရားတော်(ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသ) | ၆း၁၀ | Health Fix |
| ၆း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၄၇) | ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၄၈) |
| ၇း၅၀ | Smart Skin Center နှင့် Smart Hot Pot ဆိုင်သစ်ဖွင့်ပွဲ အခမ်းအနား | ၇း၁၅ | Let's Talk |
| ၉း၁၅ | Drive It | ၇း၅၅ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [ရွှေပိုးဖြူ (အပိုင်း-၂)] |
| ၉း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၉၅) | ၈း၄၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၉၆) |
| ၁၀း၁၅ | ခေတ်သစ်ပျိုမေ | ၉း၂၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၇၁+၇၂) |
| ၁၁း၀၀ | အမေ တို့ရဲ့ လက်ရာ | ၁၀း၅၅ | Forever Music Tribute အဝေးတစ်နေရာ (အပိုင်း-၁) |
| ၁၁း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို" (အပိုင်း-၆၉+၇၀) | ၁း၃၀ | MRTV-4 Stage |
| ၂း၀၀ | MRTV-4 သတင်း | ၄း၀၀ | World of Knowledge (Killer Whales) |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [ရွှေပိုးဖြူ (အပိုင်း-၁)] | ၄း၄၅ | တန်ခိုးကြီးမားဘုရားစေတီပုထိုးများ (အကောက်တောင်ပေါ်ရှိ တန်ခိုးကြီးမား ဘုရားစေတီပုထိုးများ) |
| ၃း၄၀ | ရန်ကုန်မြင်ကွင်းကျယ် | | |

## mitv

| | |
|---|---|
| 07:26 | Great Shwedagon- Charitable Associations |
| 08:26 | Ar Khar New Year Festival |
| 08:47 | Toddy Palm Product Shop |
| 09:26 | Myanmar Game Changers (Episode - IV) |
| 09:51 | Sai Ye Kwan |
| 10:26 | Interview with Union Minister, Ministry of Social Welfare, Relief and Resettlement (Part-1) |
| 10:42 | Interview with Union Minister, Ministry of Social Welfare, Relief and Resettlement (Part-2) |
| 07:26 | A Famous Pagoda in the Sea |
| 07:52 | Today Myanmar: El Niño Impacts On Fish Breeding |
| 08:26 | Bogalay Tint Aung: A Man of Versatility (Part- 2) |
| 08:53 | Now in Yangon |

# ကြမ်းတမ်းစွာကစားမှုကြောင့် ရာသီကုန်အထိ ဒီလီအယ်လ်လီ အနားယူရမည်

ပရီမီယာလိဂ်ကလပ် စပါးအသင်းမှ ကွင်းလယ်ကစားသမား ဒီလီအယ်လ်လီသည် ကြမ်းတမ်းစွာကစားခဲ့မှုကြောင့် စပါးအသင်း၏ လက်ကျန်ပွဲစဉ်များတွင် လွဲချော်မည်ဖြစ်ကြောင်းသိရသည်။

စပါးအသင်းကွင်းလယ်ကစားသမား အယ်လ်လီသည် ဝက်စ်ဘရွန်းအသင်းနှင့် ပွဲစဉ်တွင် ဝက်စ်ဘရွန်းကစားသမား ကလောဒီယိုယာကော့ဘ်အား ကြမ်းတမ်းစွာကစားခဲ့မိကြောင်း ဝန်ခံခဲ့သူဖြစ်သည်။ ထို့ကြောင့် ကွင်းလယ်ကစားသမား အယ်လ်လီသည် ပွဲပယ်ပြစ်ဒဏ်ကျခံခဲ့ရပြီး စပါးအသင်းနှင့် လက်ကျန်ပွဲစဉ်များတွင် ပါဝင်ခွင့်ရရှိမည်မဟုတ်ကြောင်း သိရသည်။

စပါးအသင်းနှင့် ဝက်စ်ဘရွန်းအသင်းတို့ တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် ပွဲကစားချိန် ၂၆ မိနစ်တွင် ဖြစ်ပွားခဲ့သည့် အဆိုပါဖြစ်ရပ်နှင့်စပ်လျဉ်း၍ ကွင်းလယ်ဒိုင်ဖြစ်သူက မည်သို့မျှ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းမရှိသော်လည်း ကင်မရာများ၏ ပြကွက်ကြောင့် ယခုကဲ့သို့ ပွဲပယ်ပြစ်ဒဏ်ကျခံခဲ့ရခြင်းဖြစ်သည်။

အင်္ဂလန်ကြယ်ပွင့် ဒီလီအယ်လ်လီသည် စပါးအသင်းနှင့် ပါဝင်လာရန်မရှိတော့သော်လည်း အင်္ဂလန်အသင်းက ရွေးချယ်မည်ဆိုပါက ဇွန်လ ၁၁ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ရုရှားအသင်းနှင့် ပွဲစဉ်တွင် အင်္ဂလန်အသင်းနှင့်အတူ ပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။

ကွင်းလယ်ကစားသမားအယ်လ်လီသည် စပါးအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် သွင်းဂိုး ၁၀ ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး လက်ကျန်သုံးပွဲကစားရန်အလိုတွင် စပါးအသင်းအား အမှတ်ပေးဇယားထိပ်ဆုံး၌ ဦးဆောင်နေသည့် လက်စတာအသင်းနှင့် ခုနစ်မှတ်အကွာတွင် ရပ်တည်နိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။




# လီဗာပူးရှုံးနိမ့်ခဲ့ပြီး လက်ရှိချန်ပီယံ သရေရလဒ်ထွက်ပေါ်ခဲ့သည့် ယူရိုပါလိဂ်ဆီမီးဖိုင်နယ်

ယူရိုပါလိဂ်ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်များကို ဧပြီ ၂၈ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အင်္ဂလန်ပရီမီယာလိဂ်ကလပ်အသင်းဖြစ်သည့် လီဗာပူးအသင်းမှာ အဝေးကွင်းတွင် ရှုံးပွဲကြုံခဲ့ပြီး လက်ရှိချန်ပီယံ ဆီဗီလာအသင်းမှာ သရေရလဒ်သာထွက်ပေါ်ခဲ့သည်။

ဗီလာရီးယဲလ်အသင်းနှင့် လီဗာပူးအသင်းတို့၏ ပွဲစဉ်တွင် လီဗာပူးအသင်းသည် ယူရိုပါလိဂ်နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ရေးအတွက် အကြိတ်အနယ်ကြိုးစားခဲ့သော်လည်း အဝေးကွင်းတွင် တစ်ဂိုး-ဂိုးမရှိဆိုသည့် ရလဒ်ဖြင့် ရှုံးပွဲကြုံခဲ့ရသည်။

ထိုသို့ လီဗာပူးအသင်း ရှုံးပွဲဖြင့်ကြုံတွေ့ခဲ့ရသော်လည်း လက်ရှိယူရိုပါလိဂ်ချန်ပီယံ ဆီဗီလာအသင်းမှာမူ တစ်ဖက်နှစ်ဂိုးစီသရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့သည်။ ဆီဗီလာအသင်းသည် ၂၀၁၄ နှင့် ၂၀၁၅ တို့တွင် ယူရိုပါလိဂ်ပြိုင်ပွဲ၌ ဆက်တိုက်ဗိုလ်စွဲခဲ့သည့် အသင်းဖြစ်ပြီး ယခုနှစ်တွင်လည်း ဆုဖလားဆွတ်ခူးရန် ရေပန်းစားနေသည့်အသင်းဖြစ်သည်။

လီဗာပူးအသင်းသည် ယူရိုပါလိဂ်ဆီမီးဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်တွင် နာကျင်အချိန်ပိုင်း၌ ဗီလာရီးယဲလ်ကစားသမား အက်ဒရီယန်၏ သွင်းဂိုးကို ခွင့်ပြုပေးလိုက်ရခြင်းကြောင့် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်ပြီး ဆီဗီလာအသင်းမှာမူ ရှက်ခ်တာဒိုးနက်စ်ခ်အသင်းနှင့် ပွဲစဉ်တွင် ပွဲကစားချိန် ၆ မိနစ်တွင် ပီရက်ဇ်၏ သွင်းဂိုးဖြင့် ဦးဆောင်ဂိုးရရှိခဲ့သော်လည်း ပွဲကစားချိန် ၂၃ မိနစ်နှင့် ၂၅ မိနစ်တို့တွင် နှစ်ဂိုးဆက်တိုက်ခွင့်ပြုပေးခဲ့ရသည်။ သို့ရာတွင် ပွဲကစားချိန် ၈၂ မိနစ်တွင် ဂါမီယို၏ သွင်းဂိုးကြောင့် တစ်ဖက်နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သည်။

ထို့ကြောင့် ယူရိုပါလိဂ်ပြိုင်ပွဲတွင် ဆုဖလားဆွတ်ခူးရန် ရေပန်းစားနေသည့် လီဗာပူးအသင်းနှင့် လက်ရှိချန်ပီယံ ဆီဗီလာအသင်းတို့ ယူရိုပါလိဂ်ဆီမီးဖိုင်နယ် ဒုတိယအကျော့တွင် အကောင်းဆုံးရလဒ်ထွက်ပေါ်မည်လားဆိုသည်မှာ စောင့်ကြည့်ရဦးမည်လည်းဖြစ်သည်။




# ဒေါ့မွန်နောက်ခံလူ ဟမ်မဲ ဘိုင်ယန်မြူးနစ်သို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေ

ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်း၏ နောက်တန်းကစားသမား ဟမ်မဲသည် ယခုနှစ်နွေရာသီ အပြောင်းအရွှေ့ကာလတွင် ဘွန်ဒက်လီဂါပြိုင်ဘက် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေကြောင်း သိရသည်။

အသက်(၂၇) နှစ်အရွယ်ရှိ နောက်တန်းကစားသမား ဟမ်မဲသည် ပရီမီယာလိဂ်ကလပ်အသင်းများဖြစ်သည့် လီဗာပူးအသင်း၊ မန်ယူအသင်းနှင့် အာဆင်နယ်အသင်းများသို့ ပြောင်းရွှေ့ကစားရန်ချိတ်ဆက်မှုများ ပြုလုပ်ခဲ့သူဖြစ်ပြီး ဟမ်မဲ၏ လက်ရှိစာချုပ်သက်တမ်းသည်လည်း ၂၀၁၇ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သည်။

နောက်တန်းကစားသမား ဟမ်မဲသည် ၂၀၀၉ ခုနှစ်အတွင်းက ဒေါ့မွန်အသင်းသို့ မရောက်ရှိမီ ဘိုင်ယန်မြူးနစ်အသင်း၌ ကစားသမားဘဝ စတင်ခဲ့သူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီတွင် ဒေါ့မွန်အသင်းနှင့်အတူ ပြိုင်ပွဲအရပ်ရပ်၌ ပွဲပေါင်း ၄၄ ပွဲပါဝင်ကစားပေးခဲ့သူဖြစ်သည်။

ဟမ်မဲသည် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကစားမည်ဆိုပါက လွန်ခဲ့သည့် သုံးနှစ်တာကာလအတွင်း ဘိုင်ယန်မြူးနစ်အသင်းသို့ တတိယမြောက်ပြောင်းရွှေ့ကစားသည့် ကစားသမားဖြစ်လာမည်ဖြစ်ပြီး ၂၀၁၃ ခုနှစ်အတွင်းက တိုက်စစ်မှူး ဂေါ့ဇီနှင့် ၂၀၁၄ ခုနှစ်အတွင်းက တိုက်စစ်မှူး လီဝမ်ဒိုစကီးတို့သည် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့သွားခဲ့ကြောင်း သိရသည်။







# မန်ယူအသင်းက အိုးထရက်ဖို့ဒ်၌ လက်စတာအား အနိုင်ပေးမည်မဟုတ်ဟု ဟာရဲရားဆို

မန်ယူအသင်းသည် ယခုတစ်ပတ်အတွင်း ယှဉ်ပြိုင်ရမည့် လက်စတာစီးတီးအသင်းနှင့် ပွဲစဉ်သည် ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာရရှိရေးအတွက် ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် အိမ်ကွင်းအိုးထရက်ဖို့ဒ်တွင် လက်စတာစီးတီးအသင်းအား အနိုင်ပေးမည်မဟုတ်ကြောင်း မန်ယူအသင်း၏ အားထားရသည့် ကစားသမားတစ်ဦးဖြစ်သည့် ဟာရဲရားက ထုတ်ဖော်ပြောကြားလိုက်သည်။

လက်စတာစီးတီးအသင်းသည် လက်ရှိပရီမီယာလိဂ်အမှတ်ပေးဇယားတွင် ထိပ်ဆုံး၌ ခုနစ်မှတ်ဖြတ်ကာ ဦးဆောင်နိုင်ခဲ့ပြီး မေ ၁ ရက်တွင် ယှဉ်ပြိုင်ကစားမည့် မန်ယူအသင်းနှင့်ပွဲစဉ်တွင် အနိုင်ရရှိခဲ့ပါက စောစီးစွာပရီမီယာလိဂ်ချန်ပီယံဖြစ်မည့် အခွင့်အရေးတစ်ရပ်ကိုလည်း ပိုင်ဆိုင်မည်ဖြစ်သည်။

သို့ရာတွင် ဟာရဲရားအနေဖြင့် အိမ်ကွင်းအိုးထရက်ဖို့ဒ်၌ လက်စတာစီးတီးအသင်းအား အောင်ပွဲခံခွင့်ပြုမည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

# ယူရို ၈၉ ဒသမ ၃ သန်း ဆုံးရှုံးခဲ့ဟု အေစီမီလန် ထုတ်ဖော်ပြောကြား

အီတလီစီးရီးအေကလပ် အေစီမီလန်အသင်းသည် ၂၀၁၅ ခုနှစ်အတွင်း ယူရို ၈၉ ဒသမ ၃ သန်းအထိ ဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အေစီမီလန်အသင်းသည် ၂၀၁၅-၂၀၁၆ ဘောလုံးရာသီမတိုင်မီ အပြောင်းအရွှေ့ကာလအတွင်း ကစားသမားခေါ်ယူမှုအတွက် သုံးစွဲမှုများပြားခဲ့ပြီး ရိုနာနိုလီ၊ ကားလို့စ်ဘာကာ၊ အက်ဒရီယာနိုနှင့် ဘာတိုလက်စီတို့ကို ပြောင်းရွှေ့ကြေး ယူရို သန်း ၈၀ အထိ အကုန်အကျခံကာ ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ထိုသို့ အကုန်ကျခံသုံးစွဲခဲ့သော်လည်း လက်ရှိအီတလီစီးရီးအေ အမှတ်ပေးဇယားတွင် အဆင့်(၆)နေရာတွင်သာ ရပ်တည်နိုင်ခဲ့သည်။ လက်ရှိတွင်လည်း ဥရောပပြိုင်ပွဲတွင် ဝင်ခွင့်တစ်နေရာရရှိရန်အတွက် အေစီမီလန်အသင်းအနေဖြင့် နောက်ဆုံးတစ်ပတ်အတွင်း အကြိတ်အနယ်ယှဉ်ပြိုင်ရမည်လည်းဖြစ်သည်။

ငွေကြယ်-စုစည်းဖော်ပြသည်။



# မကွေးတိုင်းဒေသကြီးအတွင်း အခွန်လျာထားချက်ထက်ကျော်လွန်၍ အခွန်ငွေများကောက်ခံရရှိသော်လည်း အခွန်ရှောင်သူများရှိနေဆဲ

**မကွေး ဧပြီ ၂၉**
နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားအတွက် အခွန်ရှောင်သူများကို ဖော်ထုတ်ကာ အခွန်ငွေများ ပြည့်ဝစွာ ရရှိရေး နယ်ပယ်ကဏ္ဍစုံက အလေးအနက်ထား တိုက်တွန်းလျက်ရှိပြီး မကွေးတိုင်းဒေသကြီးအတွင်း အခွန်ကို နည်းအမျိုးမျိုးဖြင့် ရှောင်တိမ်းနေမှုများ ရှိနေသေးသော်လည်း အခွန်အရပ်ရပ် ကောက်ခံရရှိမှု၌ လျာထားချက် ထက်ကျော်လွန်၍ အခွန်ငွေများရရှိခဲ့ကြောင်း မကွေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးမှ သိရသည်။

"ကုန်သွယ်ခွန်၊ ဝင်ငွေခွန်၊ တံဆိပ်ခေါင်းနဲ့ အောင်ဘာလေသိန်းဆု အခွန်အရပ်ရပ်အတွက် နှစ်စဉ်လျာထားချက်နဲ့ ကောက်ခံရရှိမှုဆိုတာ ရှိပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ လျာထားအခွန်ငွေ ၁၄၁၅၇ ဒသမ ၀၂၃ ကျပ်သန်းဖြစ်ပြီး ကောက်ခံရရှိမှု အခွန်ငွေ ၂၇၂၄၃ ဒသမ ၆၁၃ ကျပ်သန်း ရှိပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ လျာထားအခွန်ငွေ ၁၈၂၄၈ ဒသမ ၄၄၈ သန်းဖြစ်ရာ ကောက်ခံရရှိမှု အခွန်ငွေ ၂၅၉၂၇ ဒသမ ၃၈၅ သန်းရရှိခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လျာထားအခွန်ငွေ ၁၈၀၈၇ ဒသမ ၂၃၇ သန်းဖြစ်ရာ ကောက်ခံရရှိသည့် အခွန်ငွေ ၃၂၃၇၅ ဒသမ ၀၄၀ သန်း ရရှိပါတယ်။ နှစ်စဉ်လျာထားချက်ထက် ကျော်လွန်ကောက်ခံနိုင်ခဲ့ပါတယ်။ ဒါပေမယ့် နည်းလမ်းအမျိုးမျိုးနဲ့ အခွန်ရှောင်နေတဲ့ လုပ်ငန်းတွေရှိနေတာကို တွေ့ရပါတယ်။ အခွန်ရှောင်နေတဲ့ ကုမ္ပဏီတွေကိုလည်း အသေးစိတ် စစ်ဆေးမှတ်တမ်းတင်နိုင်ဖို့ သက်ဆိုင်ရာ မြို့နယ်အခွန်မှူးတွေကို ညွှန်ကြားထားပြီးဖြစ်ပါတယ်" ဟု တိုင်းဒေသကြီးအခွန်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်သိန်းက ပြောသည်။

"လုပ်ငန်းတွေအတွက် လိုင်စင်ထုတ်ပေးတဲ့ ဌာနဆိုင်ရာများအနေနဲ့ လိုင်စင်သက်တမ်းတိုးချိန် ရောက်တဲ့အခါမှာ အခွန်ဆောင်ပြီးပြီလား၊ မဆောင်ရ သေးရင် သွားဆောင်လိုက်ပါဦးလို့များ ပြောပေးကြမယ်ဆိုရင် အခွန်ဦးစီးက ဒီထက်ပိုတဲ့အခွန်တွေကို တိုင်းပြည်အတွက် ကောက်ခံပေးနိုင်မှာပါ။ အခွန်ရှောင်ချင်သူတွေရှိရင်လည်း ရှောင်လို့ရမှာ မဟုတ်တော့ဘူးပေါ့" ဟု ညွှန်ကြားရေးမှူး ဦးကျော်သိန်းက သူ၏အမြင်ကို ပြောကြားခဲ့သည်။

အစိုးရသစ်လက်ထက်တွင် အခွန်ငွေများ ပြည့်ပြည့်ဝဝရရှိရေးအတွက် အလေးအနက်ထား တိုက်တွန်းမှုများရှိနေပြီး ပြည်သူများဘက်မှလည်း နိုင်ငံနှင့် ပြည်သူ၏အကျိုးစီးပွားကိုသာ ရှေးရှုသော သတ်မှတ်အခွန်နှုန်းထားများကို ပေးဆောင်ရန် လိုလားလက်ခံမှုများရှိကြောင်း မကွေးဒေသခံတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ဇေယျာတု(မကွေး)**

## မြန်မာဆယ်မားအူးလ်အွန်ဒုံစီမံကိန်းကျေးရွာ ဆိုင်းဘုတ်စိုက်ထူ

**ချောင်းဦး ဧပြီ ၂၉**
စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ကင်မွန်းတော်ကျေးရွာအုပ်စု အင်းမကျေးရွာ ဆယ်မားအူးလ်အွန်ဒုံစီမံကိန်းကော်မတီမှ ကျင်းပသော မြန်မာဆယ်မားအူးလ်အွန်ဒုံစီမံကိန်းကျေးရွာဆိုင်းဘုတ် စိုက်ထူခြင်းအခမ်းအနားကို ဧပြီ ၂၈ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြန်မာဆယ်မားအူးလ်အွန်ဒုံစီမံကိန်းကျေးရွာ ဆိုင်းဘုတ်အား ချောင်းဦးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသစ်လွင်နှင့် မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးမျိုးကြည်တို့မှ ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ချောင်းဦးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသစ်လွင်က ၎င်းစီမံကိန်းမှာ အင်းမကျေးရွာ၏ လူနေမှု ပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားရေးအတွက်ဖြစ်သောကြောင့် ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် အင်းမကျေးရွာ ဆယ်မားအူးလ်အွန်ဒုံစီမံကိန်းကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်က အင်းမကျေးရွာ စီမံကိန်း၏ ဆောင်ရွက်ထားရှိမှု လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

**မြို့နယ်ပြန်/ဆက်**

## ပျဉ်းမနားမြို့ရှိ တောင်ပေါ်ကျေးရွာများသို့ သောက်သုံးရေများထောက်ပံ့

**ပျဉ်းမနား ဧပြီ ၂၉**
အယ်နီညိုရာသီဥတုကြောင့် သောက်သုံးရေ ရှားပါးပြတ်လတ်လျက်ရှိသော ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်အတွင်းရှိ တောင်ပေါ်ကျေးရွာများဖြစ်ကြသည့် ဘန့်ဘားကျေးရွာအုပ်စု လဖက်တောင်ကျေးရွာအုပ်စုနှင့် မဲပေါက်ကျေးရွာအုပ်စုများသို့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒက္ခိဏခရိုင်ဦးစီးမှူး ဦးစိုးလင်းနှင့် ပျဉ်းမနားမြို့နယ်ဦးစီးမှူး ဦးတင်မောင်ဦးတို့ ဦးဆောင်သော အဖွဲ့သည် ဧပြီ ၂၇ ရက် နံနက် ၁၀ နာရီက သောက်သုံးရေများ၊ ရေသယ်ယူရာတွင် အသုံးပြုရန်အတွက် စက်သုံးဆီများ သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာများသည် ပျဉ်းမနားမြို့နှင့် မိုင် ၄၀ ခန့်ဝေးသော တောင်ပေါ်ကျေးရွာများဖြစ်သည့်အတွက် ရေသယ်ယူရာတွင် လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် ရေသယ်ကားများ ပို့ဆောင်ရန် ခက်ခဲသဖြင့် ဆိုင်ကယ်များဖြင့်သာ လေးမိုင်ခန့်ဝေးသော တောင်အောက်သို့ ဆင်းကာ သယ်ယူရကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

## ရိခေါဒါရ်မြို့ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းဆောင်ရွက်

**ရိခေါဒါရ် ဧပြီ ၂၉**
ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်သည် ဖလမ်းခရိုင် ရိခေါဒါရ်မြို့ နယ်မြေဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် ယခုလတွင် ကွင်းဆင်း၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

ရပ်ကွက်၊ ကျေးရွာ ၁၈ ခုတို့မှ မိမိနယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များကိုတင်ပြကြပြီး အဆိုပါ တင်ပြချက်များနှင့်ပတ်သက်၍ ရိခေါဒါရ်မြို့အုပ်ချုပ်ရေးမှူး ဦးပေါင်ဒိတ်တုန်း၏ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာအကြီးအကဲများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ချက်ချင်းပြုလုပ်ရာ မြို့အုပ်ချုပ်ရေးမှူးအပါအဝင် ဌာနဆိုင်ရာ တာဝန်ရှိသူများအား နယ်မြေဒေသခွဲဝေသတ်မှတ်ကာ ရပ်ကွက်၊ ကျေးရွာများ၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်တင်ပြမှုများအပေါ် အသေးစိတ်အချက်အလက်များရရှိရေးနှင့် ဆက်လက်ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးညှိနှိုင်းကြပြီး ဧပြီလ တတိယပတ်အတွင်း မိမိနယ်မြေဒေသအရောက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

အဆိုပါနယ်မြေဒေသအလိုက် ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များကို အသေးစိတ်အချက်အလက်များအား သက်ဆိုင်ရာသို့ အချိန်နှင့်တစ်ပြေးညီအမြန်ဆုံး ပေးပို့တင်ပြနိုင်ရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြကြောင်း သိရသည်။

**ဇိုဟေဆာ**



## မင်းဘူးခရိုင်တွင် မိုးရာသီသီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများ ရာနှုန်းပြည့် ပြေကျေစွာဆပ်ပြီး

**မင်းဘူး ဧပြီ ၂၉**
မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်များမှ တောင်သူများ မိုးရာသီ စိုက်ပျိုးရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ စိုက်ပျိုးလုပ်ကိုင်နိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်များမှ ဧကအလိုက် ချေးငွေများ ထုတ်ချေးပေးခဲ့ရာ ဧပြီ ၂၆ ရက်တွင် မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်များအလိုက် ဘဏ်ချေးငွေများ ပြန်လည်ပေးသွင်းမှုတွင် ရာနှုန်းပြည့် ပြေကျေကြောင်း သိရသည်။

မင်းဘူးခရိုင်အတွင်းရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၊ မင်းဘူး၊ ပွင့်ဖြူ၊ စလင်း၊ စေတုတ္တရာ၊ ငဖဲမြို့နယ်တို့မှ ဘဏ်အဖွဲ့ဝင် ၃၇၉၃၁ ဦးသို့ ထုတ်ချေးခဲ့သောမိုးရာသီသီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေကျပ်သန်းပေါင်း ၁၃၃၄၅ ဒသမ ၂၁ အားတောင်သူများက ဧပြီလအတွင်း ပြေကျေစွာ ပေးသွင်းပြီးဖြစ်ကြောင်း မင်းဘူးခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ ခရိုင်မန်နေဂျာထံမှသိရသည်။

**တင်ထွန်းဦး(မင်းဘူး)**



စစ်ကိုင်းတိုင်းဒေသကြီးကျွန်းလှမြို့နယ် လိပ်စင်းတောင်ကျေးရွာနှင့် ဖာလော ကျေးရွာကြား ၃၃ KVA လိုင်းတွင် ဧပြီ ၂၅ ရက် လေပြင်းတိုက်ခတ်၍ လျှပ်စစ်မီးတိုင်များ ကျိုးပဲ့ပျက်စီးသွားကြောင်းသိရသည်။ အဆိုပါ လျှပ်စစ်မီးတိုင်များကို ယခုအခါ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်၏ လမ်းညွှန်မှုဖြင့် မြို့နယ်လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းမှ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများပူးပေါင်းကာ ပြန်လည် အစားထိုးစိုက်ထူခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။
သတင်းနှင့်ဓာတ်ပုံ- မျိုးဝင်းညို(ကျွန်းလှ)

## စစ်ကိုင်းမြို့ဘော်ဂါကျောက်ပုတီးဝိုင်း တရုတ်ဝယ်လက်မဆင်းသဖြင့် အရောင်းအဝယ်အေးနေ

**စစ်ကိုင်း ဧပြီ ၂၉**
စစ်ကိုင်းမြို့ ဒါးဝယ်ဈေးတိုက်နယ်ရှိ ဘော်ဂါကျောက်ပုတီးဝိုင်းတွင် ယခင်နှစ်များက တိုးမပေါက်အောင် စည်ကားသော်လည်း ယခုအခါ တရုတ်နိုင်ငံမှ ဝယ်လက်များ မဆင်းသဖြင့် အရောင်းအဝယ်အေးနေကြောင်း ဘော်ဂါကျောက်ပုတီးဝိုင်းမှ အမှုဆောင် ကိုအောင်စိုးမိုးက ပြောသည်။

စစ်ကိုင်းမြို့ ဘော်ဂါကျောက်ပုတီးဝိုင်း ဈေးတန်းတွင် တန်ဖိုးနည်း ကျောက်စိမ်းအသားကျောက်များဖြင့် ပုတီးလုံးလေးများကို (၅၊ ၇၊ ၉၊ ၁၁၊ ၁၃၊ ၁၆၊ ၁၈ မီလီမီတာ ကြိုးပေါက်မပါ) စသည်ဖြင့် အရွယ်အစား ခုနစ်မျိုးခန့်ပြုလုပ်ကာ တစ်လုံးလျှင် တန်ဖိုး ကျပ် ၈၀၊ ကျပ် ၈၀၀ မှ စ၍ အစားစားရောင်းချကြသည်။

အဆိုပါ ပုတီးကျောက်များမှာ လက်ကောက်၊ လက်စွပ်များပြုလုပ်၍မရသော စွန့်ပစ်ကျောက်များကို စိတ်ပုတီး၊ လည်ဆွဲများ ပြန်လည်ပြုလုပ်ရန် ရောင်းဝယ်လေ့ရှိသည်။

"ကုန်ကြမ်းကျောက်ကရှား၊ ဝယ်သူကရှား၊ ရောင်းတော့လည်း ဈေးက မကိုက်၊ အရှုံးခံပြီး ရောင်းနေရတယ်။ ဖားကန့်ကနေ ကျောက်အကြမ်းကို ၁၀ သိန်းဖိုး ဝယ်လာတာ၊ စစ်ကိုင်းမှာ ပြန်ဖြတ်ရောင်းတော့လည်း ရှုံးတယ်။ ဒုက္ခအတော်ရောက်ပြီးတော့ ကျွန်တော်တို့ ဝိုင်းထဲမှာ သုံးလေးယောက် မလာတော့ဘူး။ ဒီမှာလာလုပ်တဲ့ ကျွန်တော့တပည့်တွေတောင် လာရာလမ်းကို ပြန်ခိုင်းနေရပြီ။

'ပန်းတိမ်သမားကလေးတွေကို ပန်းတိမ်ပြန်လုပ်ဖို့၊ သံပန်းလုပ်တဲ့ကလေးတွေဆိုလည်း သံပန်းပြန်လုပ်ဖို့ ပြောနေရပြီ။ အရင်ကဘုန်ကြီးကျောင်းထိပ်ကနေ တစ်လမ်းလုံး ကျောက်ရောင်းခုံ ၈၀ ကျော် ၉၀ နီးပါးရှိတာ။ ဒီနှစ် သင်္ကြန်ပြီးကတည်းက ခုံ ၂၀၊ ၂၅ ခုံတောင် မရှိတော့ဘူး" ဟု ၎င်းက ပြောသည်။

အဆိုပါ ဘော်ဂါဈေးတွင် ယခင် အရောင်းအဝယ်ကောင်းချိန်က နံနက် ၆ နာရီမှ ၉ နာရီအထိ ရောင်းဝယ်ကြပြီး ယခင် နံနက် ၈ နာရီအထိ သာဖွင့်ကြကြောင်း သိရသည်။

ကျောက်ပုတီးလုံးများကို တစ်ပေါက်လျှင် ၆ ကျပ်မှ ၁၀ ကျပ် ပေးရပြီး ၆ ကျပ်တန်မှာ အပေါက်စောင်း၍ ပုတီးကောက်ပြီး ၁၀ ကျပ်တန် အပေါက်မှာ ဖြောင့်၍ ပုတီးလည်းဖြောင့်ကြောင်း သိရသည်။

**ဖိုးသန့်**

ဆောင်းပါး

# လေးစားလိုက်နာ မိရိုးဖလာ



မိုင်းဘောပင်ကို အကိုင်းချိုင်ပြီး စားသုံးသီးနှံပင်များ စိုက်ထားခြင်းဖြစ်ပါသည်။

**ခ** ဒေါက်တာစန်းဝင်း(သစ်တောတက္ကသိုလ်)

သယံဇာတများကို လူသားတို့၏ စားဝတ်နေရေးအထောက်အပံ့အတွက်ဟုသာ အမြင်မှားခဲ့ကြသည်။ တကယ်ကတော့ ဂေဟစနစ်တည်ငြိမ်ပြီး ရာသီဥတုကောင်းမွန်နေရန်မှာလည်း သယံဇာတများ ဆက်လက်တည်ရှိနေမှသာ ဖြစ်နိုင်သည်။ ကိုယ်လိုတာလည်းစား၊ သယံဇာတလည်း မယိုယွင်းစေဆိုလျှင် ဂေဟစနစ်တည်ငြိမ်မှုကိုလည်း အထောက်အကူပြုနေမည် ဖြစ်သည်။ သားရှေ့အိုးထမ်းဖို့ဆိုတာ လွယ်သည်တော့မဟုတ်။ သို့သော် လူသားတို့ကြံဆောင် လျှင်ဖြစ်နိုင်သည်။ ယင်းဖြစ်နိုင်သော ဥပမာကလေးများကို မျှဝေလိုသည်။

စာရေးသူသည် ၁၉၈၃ ခုနှစ် သစ်တောဘွဲ့ရပြီးနောက် ချက်ချင်းဆိုသလို အရာထမ်းငယ်ဘဝဖြင့် ပဲခူးရိုးမအတွင်း တောင်ယာစနစ်ဖြင့် ထူထောင်သော ကျွန်း၊ ပျဉ်းကတိုးစိုက်ခင်းများကို လုပ်ကိုင်ခဲ့ရသည်။ လုပ်ဖော်ကိုင်ဖက် တောင်ယာသမားများမှာ သာယာဝတီခရိုင် ကုတင်၊ ဘီးလင်း၊ ကုန်းဘီးလင်း၊ မုက္ခာ အစရှိသော သစ်တောကြိုးဝိုင်းအတွင်းရှိ ဟိုင်းယု၊ ရေသိုး၊ ကွဲမကိုင်းရွာများမှ တောင်ပေါ်ကရင်တိုင်းရင်းသားများ ပဲခူးရိုးမတောင်ခြေနားက ကျောင်းရွာ၊ ဘန့်ဘွေးပင်၊ ဖားရွှေကျော်၊ ရှမ်းကရင်စု၊ ရွှေညောင်ပင်၊ အင်းကောက်ရွာမှ ရှမ်းနှင့် ဗမာတိုင်းရင်းသားများဖြစ်ကြသည်။

စိုက်ခင်းမှာ ပဲခူးရိုးမအတွင်းတည်ရှိ၍ တောင်ပေါ်ကရင်တိုင်းရင်းသားများနှင့် ပိုမိုနီးကပ်စွာနေရသည်။ သူတို့အလေ့အကျင့်များကိုလည်း သတိပြုမိသည်။ ဖေဖော်ဝါရီလမှာ တောင်ယာခုတ်ပြီးလျှင် ကုတင်ဘီးလင်းချောင်းများရှိ ကျောက်အိုင်များသို့ ငါးရှာထွက်လေ့ရှိသည်။ သူတို့နှင့် ငါးရှာလိုက်ကြည့်မိသည်။ ကွဲမကိုင်းရွာမှ မနက်အစောထွက်သော် ညနေ ၃ နာရီတွင် ချောင်းဖျားသို့ရောက်သည်။

ရှာပုံရှာနည်းမှာ ငါးဆေးချရွက်များဖြစ်သော ပေါက်နွယ်၊ ပိစပ်ရွက် စသည်တို့ကို ဝါးကျည်တောက်ထဲထည့်ကာ ထောင်းပြီး ကျောက်အိုင်ထဲသို့ပစ်ချသည်။ ရေထဲက ငါးများသည် ယင်းအရွက်၏ အဆိပ်ကြောင့် မျက်စေ့စပ်ကာ ရေပေါ်ပေါ်လာသည်။ အချို့က မူးမေ့သွားကြသည်။ ထိုအခါ ကိုယ်လိုချင်သော ငါးအကြီးကြီးများကို ရွေးယူလိုက်ကြသည်။ အဖမ်းမခံရသော ငါးလတ်၊ ငါးသေးများသည် နောက်နာရီဝက်၊ တစ်နာရီကြာသောအခါ အစပ်ပြေ၊ အမူးပြေသွားကာ ရေထဲ၌ ပြန်လည်ကူးခတ် အသက်ရှင်နိုင်ကြသည်။ ရလာသောငါး (အများအားဖြင့် ငါးဒေါင်းမ) များကို ချက်ချင်းစားဖို့ကင်လိုက်၊ ကျန်ငါးများကို ဗိုက်ခွဲဆားနယ်ကာ ဝါးကျည်တောက်ထဲသို့ သိပ်ထည့်သည်။ နောက်တစ်ရက်မှာ လူတစ်ဦးတွင် ငါးပိသိပ်ထားသော ဝါးကျည်တောက်နှစ်ခုစီလွယ်ကာ ပြန်လာခဲ့ကြသည်။

ဤငါးဖမ်းနည်းကို စဉ်းစားကြည့်သော် ရေလည်း အဆိပ်အတောက်မဖြစ်၊ ကိုယ်လိုချင်သော ငါးလည်းရ၊ ငါးမျိုးလည်းမပြုန်းတီးသည်ကို တွေ့ရသည်။ ထပ်မံစဉ်းစားကြည့်သော် ပြန်ရောင်းဖို့ဟူသော အတွေးဖြင့် အပိုမဖမ်းခဲ့ခြင်းပင်ဖြစ်သည်။ တစ်နှစ်စာစားလောက်ရုံသာ ဖမ်းခဲ့ကြသည်။ ယခုခေတ်ဆိုလျှင် ပိုက်ဆံရအောင်ဟူသောအတွေးဖြင့် တစ်လကိုးသီတင်း အထိုင်ချကာ နည်းမျိုးစုံ (ဘက်ထရီရှော့တိုက်နည်း၊ အင်ဒရင်း အစရှိသည့် ပိုးသတ်ဆေး)များ ချဖမ်းသည့်နည်းတို့ဖြင့် ဖမ်းလောက်ကြမည်။ ထိုနည်းများမှာ ငါးကြီးများသာမက ငါးအသေးလေးတွေရော၊ ကျန်ရေနေအကောင်များရော သေကျေကြသည်။ ရေလည်းသုံးမရတော့။ နောင်ကာလအတွက် ငါးမျိုးဆက်ကျန်ရစ်ခဲ့ဖို့ဆိုတာ အဝေးကြီး။

ထိုနည်းတူပင် အဆိုပါ ကရင်တိုင်းရင်းသားတို့ နေထိုင်ရန်အတွက် ဝါးကိုသာ အသုံးပြုသည်။ သစ်ကိုမသုံး။ တိုင်လည်းဝါး၊ အခင်းနဲ့အကာမှာလည်းဝါး၊ အမိုးမှာသာ သက်ငယ်ဖြစ်သည်။ ဝါးမှာ အကြီးမြန်သောအပင်ဖြစ်၍ တစ်နှစ်တစ်ကြိမ်ရင့်သော အပင်ခုတ်နေသ၍ မပြုန်းတီးနိုင်ချေ။ ရွှေကရင်တို့၏ ငါးနှင့်ဝါး သယံဇာတအသုံးပြုပုံမှာ ကိုယ်လည်းစားသုံး နောင်လာနောက်သားတို့အတွက်လည်း အဆင်ပြေသည့် မိရိုးဖလာ သယံဇာတသုံးစွဲနည်းများ ဖြစ်ကြသည်။

မကြာသေးမီက ချင်းပြည်နယ်ရောက်ခဲ့သည်။ ချင်းပြည်နယ်ရှိ ရွှေ့ပြောင်းတောင်ယာလုပ်နည်းမှာ စိုက်ပျိုးလုပ်ကိုင်မည့် အကွက်အတွင်း မိုင်းဘောပင်များကို ၁၅ ပေ ၂၀ ပေ အကွာ စိုက်ထားပြီး တောင်ယာလုပ်ချိန်တွင် ဒီမိုင်းဘောအပင်များ၏ အကိုင်းများခုတ်ပြီး လင်းဖွင့်ပါသည်။ လင်းပွင့်သွားတော့ ကိုယ်စိုက်လိုရာသီးနှံစိုက်၊ သီးနှံရိတ်သိမ်းသည့်အခါကျတော့ အဆိုပါ သည်ဘောပင်က အခက်အလက်များနှင့် အပင်ငယ်သဖွယ် ဝေစည်လာပြန်သည်။ အကိုင်းတွေခုတ်ပြီး လင်းဖွင့်တုံးကလောင်စာအတွက် ထင်းလည်းရ၊ လင်းပွင့်သွားတော့နောက် ကိုယ်စိုက်လိုရာသီးနှံစိုက်တော့လည်း စားဖို့သီးနှံရရနဲ့ အလွန်နေရာကျတဲ့နည်း ဖြစ်ပါသည်။

Rio+20 Declaration ၏အပိုဒ် (၁၉၇) တွင် 'ရိုးရာဗဟုသုတ၊ ဒေသခံလူများနှင့် ဒေသန္တရအသိုင်းအဝိုင်းများ၏ ဆန်းသစ်တီထွင်မှုများ၊ အလေ့အထများသည် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောက်ရှောက်မှုနှင့် ရေရှည်သုံးစွဲမှုကို အထောက်အပံ့ဖြစ်စေပြီး ပိုမိုကျယ်ပြန့်စွာ အသုံးချခြင်းသည် လူမှုအကျိုးစီးပွားနှင့် ရေရှည်အသက်မွေးဝမ်းကျောင်းမှုများအတွက် အထောက်အကူဖြစ်စေနိုင်သည်' ဟု ဖော်ပြထားပါသည်။

မိုင်းဘောပင်ကို English ဘာသာဖြင့် Alder (Scientific name: Alnus nepalensis) ခေါ်ပါသည်။ Nitrogen Fixing Species ဖြစ်လို့ ယင်းအပင်ရှိသည့်နေရာမှာ မြေဆီဩဇာကောင်းစေပါသည်။

ယနေ့ခေတ်တွင် ရာသီဥတုပြောင်းလဲခြင်းဒဏ်ခံရပြီး ပြန်လည်ရှင်သန်ထမြောက်နိုင်ခြင်း (Climate Change Resilience)ဆိုတဲ့ စကားလုံး အသုံးများလာပါသည်။ စနစ်တစ်ခု (ဥပမာစိုက်ပျိုးနည်းစနစ်တစ်ခု) ဟာ ရာသီဥတုပြောင်းလဲခြင်းဒဏ်ခံရပြီးနောက် ပြန်လည်နာလန်ထူနိုင်မဲ့ကိစ္စက တကယ်တော့ မလွယ်လှပါဘူး။ အချိန်ယူရပါသည်။ ပြန်ဖြစ်ထွန်းချင်းမှလည်း ဖြစ်ထွန်းနိုင်ပါသည်။

သို့သော် အထက်ဖော်ပြပါ စိုက်ပျိုးနည်းစနစ်ကတော့ မြေသားကို မပြိုပျက်၊ မတိုက်စားအောင် အပင်နဲ့မြေကြီး အမြဲကပ်လျက်ရှိတာကြောင့်လည်းကောင်း၊ အပင်ကြောင့် မြေဆီဩဇာတက်စေမှုကြောင့်လည်းကောင်း၊ စိုက်ပျိုးရိတ်သိမ်းပြီး တောအုပ်ကလေး မြန်မြန်ဖြစ်ပြီး ဖြစ်စေ၍လည်းကောင်း Climate Change Resilience အတွက် မပူပင်ရတဲ့ ရိုးရာစိုက်ပျိုးနည်းလေးပါ။

မိုင်းဘောပင်နှင့် လက်ဖက်ပင်တွဲ စိုက်ထားသော သုတေသနတစ်ခု၏ရလဒ်မှာ လက်ဖက်ရွက် အထွက်တိုးသည့်အပြင် အရသာပါ ပိုမိုကောင်းမွန်ကြောင်း၊ မိုင်းဘောပင်နှင့် ပြောင်းပင် ရောစိုက်ရာမှာ သာမန်အကွက် (Control) ကွက်ထက် ၁၇ ရာခိုင်နှုန်းပိုထွက်ကြောင်း သုတေသနရလဒ်များအရ သိရှိရပါသည်။

တစ်ခုပဲကန့်သတ်ချက်ရှိပါသည်။ ယင်းမှာတော့ မိုင်းဘောပင်ဟာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀၀ ကျော်နေရာများမှာသာ ပေါက်ရောက်နိုင်ပါသည်။ ကျွန်တော်တို့နိုင်ငံမှာ ပင်လယ်ရေမျက်နှာပြင် အထက်ပေ ၃၀၀၀ ကျော် ဒေသတွင် ဥပမာ-ချင်း၊ ရှမ်း၊ ကချင်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတွေမှာ ဒီအပင်ပေါက်ရောက်နေတာ စာရေးသူကိုယ်တိုင်တွေ့ရှိပြီး ဖြစ်ပါသည်။ ပင်လယ်ရေမျက်နှာပြင် ၃၀၀၀ အောက်ရှိ မြေပြန့်ဒေသတွင်ရော Nitrogen Fixing Species အပင်မျိုးသွားစိုက်နိုင်မလဲ။ စိုက်ပျိုးနိုင်သည့်အပင်မျိုးရှိပါသည်။ ကျွန်တော်တို့ဒေသ မျိုးပင်များဖြစ်တဲ့ အညာကုက္ကို၊ ပြီးတော့ဘောဇကိုင်း၊ ပျဉ်းကတိုး၊ ဘုံမွဲဇာ စသည်တို့ဖြစ်သည်။

ရာသီဥတုပြောင်းလဲခြင်း ဒဏ်ကြောင့် စိုက်ပျိုးရေးအပါအဝင် ကဏ္ဍပေါင်းစုံ ထိခိုက်နိုင်တာကို 'အညာဆူးလှည်း' ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆောင်းပါး (၆-၁၀-၂၀၁၃ ထုတ်ကြေးမုံ) ရေးသားခဲ့ဖူးပါသည်။ ရာသီဥတုပြောင်းလဲခြင်းရဲ့ ဒဏ်တွေထဲမှာ အဓိကဒဏ်ရာဒဏ်ချက်ကတော့ 'ရေရှားပါးမှု' (စမ်းရေခန်းမှု၊ မြေအောက်ရေရှားပါးမှု၊ အင်းအိုင်ချောင်းမြောင်းများ ရေခန်းမှု) ပဲဖြစ်ပါသည်။ တောင်ပေါ်ဒေသ (Hilly Region) တွေမှာ ရေဓာတ်ထိန်းသိမ်းပေးကာ မြေဆီဩဇာပါတက်စေသည့် ဖော်ပြပါ မိရိုးဖလာ စိုက်ပျိုးနည်းဖြင့် ဂျုံ၊ တောင်ယာစပါး၊ အာလူး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ဝဥ၊ မြေပဲ စတာတွေကို စဉ်ဆက်မပြတ်စိုက်ပျိုးခြင်း (Sustainable Agriculture) လုပ်လို့ရနိုင်ပါကြောင်း ကဏ္ဍပေါင်းစုံတွင် ရှိနိုင်သော မိရိုးဖလာနည်းများသည် ဒီနေ့ခေတ်မှာ ရင်ဆိုင်နေရတဲ့ ရာသီဥတုပြောင်းလဲခြင်းဒဏ်ခံနိုင်ပြီး ပြန်လည်ရှင်သန်ထမြောက်နိုင်ခြင်းဖြစ်စေနိုင်ပါကြောင်း။

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ချက်များရှင်းလင်း

**စေတုတ္တရာ မေ ၂၉**

မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ မေ ၂၅ ရက် နံနက် ၁၀ နာရီက မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ချင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးလှထွန်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပွဲပြုလုပ်ခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ချင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးလှထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် စေတုတ္တရာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်က လွှတ်တော်အစည်းအဝေးအတွေ့အကြုံများကို ရှင်းလင်း ပြောကြားပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့ကြသည်။ ဆက်လက်၍ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ချင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးလှထွန်းက ဌာနဆိုင်ရာတာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်လမ်းညွှန်မှာကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**တင်ထွန်းဦး(မင်းဘူး)**

## ရက်(၁၀၀)ကာလအတွင်း အကောင်အထည်ဖော်နိုင်ရန် ကျေးရွာချင်းဆက်လမ်းများ ဆောင်ရွက်

**ဘားအံ မေ ၂၉**

ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်နှင့် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကျေးရွာများမှ ကျေးရွာချင်းဆက် လမ်းများ လတ်တလောလိုအပ်ချက်များအား အစိုးရသစ်၏ ရက် (၁၀၀)စီမံချက်အတွင်း ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ကျေးရွာချင်းဆက်လမ်းများ ဆောင်ရွက်ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ခွင့်ပြုရန်ပုံငွေကျပ် ၂၄၉ သမ ၆ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဘားအံမြို့နယ်ရှိ ဘားကပ်ကျေးရွာ-တောကြီးကုန်း ကျေးရွာချင်းဆက်လမ်း ကတ္တရာလမ်း (၁)မိုင်ခင်းခြင်း၊ တောင်ကလေးကျေးရွာ-ကော့ထော်ကျေးရွာ ကတ္တရာလမ်း(၁)မိုင်ခင်းခြင်း၊ လှိုင်းဘွဲ့မြို့နယ်ရှိ သိုက်တောကျေးရွာ-လှကဗိုင်းကျေးရွာချင်းဆက်လမ်း မြေသားလမ်း(၁)မိုင် ဖောက်လုပ်ခြင်းနှင့် ၎င်းလမ်းများပေါ်ရှိ ရေပြွန်၊ တံတားငါးစင်းတို့အား သတ်မှတ်ရက်အတွင်း စံချိန်စံညွှန်းမီ ပြီးစီးရေးအတွက် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးနေဦး၊ ဘားအံခရိုင် ဦးစီးမှူးနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးမှူးများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဇိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

## ajyvnf;ajycsifw,f ajyvnf;rajy&bl;



# စွဲမိစွဲရာ စွဲသောခါဝယ်

ဆူဇိုနင်

### အစွဲရဲ့ သဘာဝနဲ့ အကျိုးဆက်

Prejudice ဆိုတာကို အဘိဓာန်မှာ "အမှန်ကို မစူးစမ်းဘဲ အဂတိတရားဖြင့် မလိုမုန်းထားခြင်း၊ မျက်စိမှိတ် ဘက်လိုက်ခြင်း၊ ရမ်းဆ၍ ဆုပ်ကိုင်ထားသော အစွဲအလမ်း၊ အခြေအမြစ်မရှိသော အစွဲအလမ်း"ဆိုပြီး ဖွင့်ဆိုပေးထားပါတယ်။

လူတိုင်း မဟုတ်တောင် လူအတော်များများမှာ ရှိတတ်တဲ့ "အစွဲ"လို့ လွယ်လွယ်ပြောနိုင်မယ် ထင်ပါတယ်။

သိသာထင်ရှားတာတွေကတော့ နေ့နံတွေအပေါ်မှာ ထားရှိတဲ့ "အစွဲ"၊ ဘာသာကွဲတွေအပေါ်မှာ ထားရှိတဲ့ "အစွဲ"၊ လူမျိုးခြားတွေအပေါ်မှာ ထားရှိတဲ့ "အစွဲ"၊ တိုင်းရင်းသားလူမျိုးစုတွေအပေါ်မှာ ထားရှိတဲ့ "အစွဲ"၊ လိင်တူချင်း တပ်မက်သူတွေအပေါ်မှာ ထားရှိတဲ့ "အစွဲ"တွေပါပဲ။

နောက်ထပ်အဲသလို "အစွဲ"တခု ရှိသေးတယ်။ ဥပမာ ရှေ့နေဆိုရင် လူလည်တွေ၊ ကျအောင်ပြောနိုင်သူတွေဆိုတာမျိုး၊ ကျောင်းဆရာဆိုရင် လူတကာကို ဩဝါဒပေးချင်တတ်တယ်၊ ဆရာဝန်ဆိုရင် လူတိုင်းကို လူနာမှတ်နေတတ်တယ် ဆိုတာမျိုး လူတစ်ယောက်ရဲ့ အသက်မွေးမှု အလုပ်အကိုင်နဲ့ ပတ်သက်ပြီး "အစွဲ"ကြီးတတ်ကြတာမျိုးပါ။

နောက်တစ်မျိုးပြောရင် အဲဒါဟာ stereotyping ဆိုတဲ့ လေ့နံ့ခားထစ်ခြင်းပါပဲ။

"အစွဲ"ဆိုတာ "အပမှီတာ"နဲ့ အတော် ဆင်လှပါတယ်။ အဲဒီ "အစွဲ" ပူးနေပြီဆိုရင် ဘယ်လောက် ပြောပြော သဘောမပေါက်နိုင်တော့ပါဘူး။ ဟောရင်းသာ ပျံတော်မူရမယ်ဆိုတာမျိုးဟာ အဲဒီ "အစွဲ"တွေ ပူးကပ်နေလို့ပါပဲ။

မိသားစုကို မခိုက်တဲ့ နေတက်ရေတက်မွေးသူ စနေသားသမီးတွေ၊ သိမ်မွေ့ယဉ်ကျေးတဲ့ ဘာသာခြားတွေ၊ တစ်လင်တမယားစနစ်ကို အလွန်အားပေးတဲ့ မျက်နှာဖြူတွေ၊ ဖြူစင်ရိုးသားတဲ့ တောင်ပေါ်သားတွေ၊ ထက်မြက်ပြီး စိတ်ကောင်း အင်မတန်ရှိတဲ့ လိင်တူချင်း တပ်မက်သူတွေ၊ စကားဝိုင်းမှာ လုံးဝ အသံမထွက်တဲ့ ရှေ့နေတွေ၊ ရိုကျိုးတဲ့ ကျောင်းဆရာတွေ သည်လောကမှာ အနမတဂ္ဂပါ။

သို့သော်. . . အတော်များများကတော့ အဲဒီ အစွဲတွေကြားမှာပဲ ပိတ်မိနေတတ်ကြပါတယ်။ အဲလိုနဲ့ မိမိဟာ သဘောထားသေးသိမ်သူဘဝကို ရောက်မှန်း မသိရောက်သွားရပါတယ်။ အဲဒီမှာ အတွေးတွေလည်း လွဲ၊ အမြင်တွေလည်း လွဲ၊ ကံသုံးပါးလည်း လွဲပါတော့တယ်။ အကျိုးဆက်အဖြစ် အခွင့်အလမ်းတွေလည်း ဆုံးရှုံးကုန်ရ တတ်ပါတယ်။

ကျွန်တော့်အစွဲကြောင့်အခွင့်အလမ်းကောင်း ဆုံးရှုံးရမယ့် အဖြစ်တခုကို ကြုံရမလို ဖြစ်ခဲ့တာလေး တခုကို နမူနာ ပြချင်ပါတယ်။

### ကိုယ်တွေ့ အစွဲ နမူနာ

၁၉၉၀ ပြည့်လွန်စ နှစ်တွေကပါ။

အဲဒီအချိန်မှာ ဂျာနယ်တွေ ရှိလာပြီ ဖြစ်ပေမယ့် ခုလောက် မများသေးဘူး။ အဲဒီအချိန်ထွန်းသစ်စ ဂျာနယ်တွေထဲက ပေါ်ပြူလာ ဂျာနယ်မှာ မြသန်းစံက ပျဉ်းမနားမဟာမြိုင်တောရ ဆရာတော်ဦးဇောတိက အကြောင်း ခဏခဏ ရေးတယ်။

မြသန်းစံဆိုတာက ကျွန်တော် တက္ကသိုလ် ဒုတိယနှစ်တုန်းက ရန်ကုန်တက္ကသိုလ်မှာ ခင်မင်ခဲ့ဖူးတဲ့ ကိုရသ ကလောင်အမည်နဲ့ သူငယ်ချင်း။ အဲတော့ သူရေးတဲ့စာ ဘယ်ဖတ်မလဲ။ သူငယ်ချင်းစာများ အရေးလုပ်လို့ ဆိုတဲ့ အစွဲနဲ့ပေါ့။

ပိုဆိုးတာက သူက အဲဒီအချိန်မှာ ဗိုလ်ကြီး။ သာ ဖတ်ချင်စရာ မကောင်းသေးတယ်။ စစ်တပ်ကမောင်၊ သူငယ်ချင်း ကလည်း သူငယ်ချင်း ဖြစ်နေမှတော့ သည်မောင် ဘာတတ်မှာတုံးဆိုတဲ့ အစွဲ။ ဒါ့အပြင် ပါပီမဇာတ်ကားမှာ သင်းက အမြင်ကတ်စရာ ဇာတ်ရုပ်နဲ့ ပါထားသေးတယ်။ တော်တော် မျက်စိနောက်စရာကောင်းတဲ့ မောင်ပဲဆိုတဲ့ အစွဲကလည်း ထပ်ပူးသွားတယ်။

အဲတော့ သူ့စာဆို ဖတ်ကို မဖတ်ဘူး။ အေးရော. . .

အစွဲများ ပြောပါတယ်။

### အစွဲတွေကြားကပဲ စေ့ငုတဲ့အခါ

အဲဒီအချိန်က ကျွန်တော်အလုပ်လုပ်နေတဲ့ ရုံးမှာ လူ့ခွစာကြီးတယောက် ရှိတယ်။ ကျွန်တော်လို ခွစာကတောင် လူ့ခွစာပြောယူရရင် အဲဒီလူ နှယ်နှယ် မဟုတ်လောက်တာ ဓာတ်သိတွေ ရိပ်စားမိမယ် ထင်ပါတယ်။

သူကကျတော့ မြသန်းစံကို ကြည့်မရဘူး။ သို့သော် သည်မောင် ဘယ်လမ်းကြောင်း သွားနေလဲဆိုတာ စေ့ငုတယ်။ သူ မွှမ်းနေတဲ့ ဘုန်းကြီးကလည်း ဘာဘုန်းကြီးလဲ သိရအောင် တရားခွေတွေ ဝယ်နားထောင်တယ်။ ဘုန်းကြီးရဲ့ စာအုပ်တွေလည်း ဝယ်ဖတ်တယ်။သူ တော်တော်ငြိသွားပုံရတယ်။ သူ့ဆီမှာ ဆရာတော့်တရားခွေ အပြည့်အစုံ၊ စာအုပ် အကုန်ရှိတဲ့ အနေအထားကို ရောက်သွားတာ နောက်မှ သိရတယ်။

အဲဒီလူကြီးက တစ်ရက်မှာ ကျနော့လက်ထဲကို အခွေတခွေ လာထည့်တယ်။ နာကြည့်လို့ တစ်ခွန်းပဲ ပြောတယ်။ ကျွန်တော်လည်း သူ့ကြောက်ကြောက်နဲ့ နာမိတယ်။

"အရှုပ်ထဲမှာ ရှင်းအောင်နေ"က စ နာဖြစ်တာပဲ။ အလဲ့. . . ဘုန်းဘုန်းက ဘိုလိုဒေ ထော့(ခ်)နေပါလား။ ဘာကြီးလားပေါ့။ နည်းနည်း လှုပ်သွားတယ်။

နောက်တစ်ခွေ ထပ်ပေးတယ်။ သည်လိုနဲ့ "သဘောထားမှန်သော ရန်ပွဲ" ကျတော့ ဆရာတော့်ကို အရမ်းကို စိတ်ဝင်စားနေပြီ။ သွားဖူးတယ်။ ပိုလို့ ကြည်ညိုလာခဲ့ရတယ်။

### ကံကြီးပေလို့

ကျွန်တော်က ၁၉၉၁ ခုနှစ်က ရဟန်းဝတ်နဲ့ ဓမ္မရိပ်သာတစ်ခုမှာ တစ်လ တိတိသွားနေပြီး တရားရှုမှတ်ဖို့ ကြိုးစားခဲ့ဖူးတယ်။ ကျွန်တော့်ရဲ့ စရိုက်နဲ့ ရှုမှတ်နည်းနဲ့ မကိုက်လို့လားတော့ မသိဘူး။ ဝိပဿနာ အလုပ်ကို တခါတည်းနဲ့ ကြောက်သွားပြီး မလုပ်ရဲတော့အောင်ဖြစ်ကာ တရားနဲ့အဝေးကြီးကို ထွက်ပြေးခဲ့ရဖူးပါတယ်။ နောက်နောင်လည်း အဲဒီအလုပ် ဘယ်တော့မှ မလုပ်တော့ဘူးလို့ စိတ်နှလုံး ဒုံးဒုံးချထားတဲ့အထိပါပဲ။

ဆရာတော် ဦးဇောတိကကို ကြိမ်ဖန်များစွာ ဖူးတွေ့ပြီးတဲ့နောက်ပိုင်းမှာ တရားဘာဝနာကို ကျွန်တော် ပြန် စိတ်လည်လာတယ်။ ဆရာတော့်ရဲ့ ငြိမ်းချမ်းခြင်းတရားနဲ့ အားထုတ်ကြည့်တော့ တော်တော် ထိရောက်တာကိုလည်း ကိုယ်တွေ့ကြုံရပါတယ်။ (နောက်ပိုင်းမှာ ကာမဘုံသား ဆုံလည်နွားပီပီ ထင်ရာ ပြန်စိုင်းတာလည်း ဝန်ခံပါတယ်။) သို့သော် ဘယ်လိုပဲဖြစ်ဖြစ် ဆရာတော့်ကို ဖူးတွေ့ခွင့် ရခဲ့တဲ့အတွက်၊ ဆရာတော့်တရားတွေကို နာကြားခွင့် ရခဲ့တဲ့အတွက် ကျွန်တော်ရှောင်ပြေးနေခဲ့တဲ့ တရားက ကျွန်တော့် ထံပါးကို ပြန်ရောက်လာခဲ့တာလည်း အမှန်ပါပဲ။

### ကံကောင်းလို့. . .

ကျွန်တော့် အစွဲနဲ့သာဆို သည်လို ဆရာတော်တစ်ပါးကို အမှတ်တမဲ့ နေဖြစ်ခဲ့မှာ။

အဲဒီမှာတင် အစွဲက တော်တော်ကျွတ်သွားတယ်။ (ဒါပေမယ့် ကနေ့ထက်တိုင် သူငယ်ချင်း မြသန်းစံ ရေးတဲ့ စာတွေတော့ မဖတ်ဖြစ်ပေါင်ဗျာ။ သူရေးတာ ပျင်းစရာကြီးတွေ ဟာကို။)

### နိဂုံး

စာဖတ်သူ လူကြီးမင်းလည်း ကျွန်တော့်လိုပဲ တစ်ခုမဟုတ်တစ်ခုကို စွဲမိနေမှာပါ။ ဒါပေမယ့် လူကြီးမင်းဟာ အဲဒီအစွဲရှိနေတဲ့ကြားကပဲ တခြားတဖက်၊ တခြားရှုထောင့်ကို ပြောင်းကြည့်လိုက်တဲ့အခါ ဆင်ဆိုသည်မှာ နံရံလည်း မဟုတ်၊ ကြိုးလို့ချည်းပဲလည်း မမြင်၊ ဘက်စုံက ဆင်ခြင်နိုင်လာဖို့ကလည်း မြေကြီးလက်ခတ် မလွဲပါဘူး။ သည်အခါမှာ ရှေ့က ရှိနေခဲ့လေတဲ့ ကိုယ့်အစွဲကြောင့် ကိုယ်လွဲနေသမျှကို ပြန်တည့်သွားနိုင်လေမလားဆိုတဲ့ မျှော်လင့်ချက် ပါးပါးလေးနဲ့ အစွဲများအကြောင်းကို မရဲတရဲလေး ပြောလိုက်ပါတယ်။ အားလုံးအတွက် တွေးဆ ဆင်ခြင်စရာတခုခုတော့ ရနိုင်ပါလိမ့်မယ် ခင်ဗျား။

> "အစွဲ" ဆိုတာ "အပမှီတာ" နဲ့ အတော်ဆင်လှပါတယ်။ အဲဒီ "အစွဲ" ပူးနေပြီဆိုရင် ဘယ်လောက်ပြောပြော သဘောမပေါက်နိုင်တော့ပါဘူး။ ဟောရင်းသာ ပျံတော်မူရမယ်ဆိုတာမျိုးဟာ အဲဒီ "အစွဲ"တွေ ပူးကပ်နေလို့ပါပဲ။



# ဘားအံပြည်သူ့ဆေးရုံ သွေးလှူဘဏ်တွင် (၁၁)ကြိမ်မြောက် သွေးလှူ

**ဘားအံ မေ ၂၉**

ကရင်ပြည်နယ်၊ ဘားအံမြို့ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် ဘားအံမြို့၊ အမှတ်(၂၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲရှိ ရဲတပ်ဖွဲ့ဝင်များက အရေးပေါ်လိုအပ်လာသော လူနာများ အဆင်ပြေစေရန် ရည်ရွယ်၍ (၁၁)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းခြင်းကို မေ ၂၈ ရက် နံနက်ပိုင်းက လှူဒါန်းခဲ့ကြောင်း သိရသည်။

သွေးလှူဒါန်းရာတွင် အမှတ်(၂၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲရှိ အမှတ်(၃) ရဲတပ်ခွဲမှ အရာရှိနှင့် ရဲတပ်ဖွဲ့ဝင် ၃၅ ဦးအား ဘားအံပြည်သူ့ဆေးရုံကြီးမှ လက်ထောက်ဆေးရုံအုပ် ဒေါက်တာဒေါ်နှင်းမြိုင် ဦးဆောင်၍ ဓါတ်ခွဲကျွမ်းကျင်ဝန်ထမ်းများက လိုအပ်သော ဆေးစစ်မှုများပြုလုပ်ကြပြီးနောက် စုပေါင်းသွေးလှူဒါန်းခြင်းကို ဆောင်ရွက်ကြကြောင်း သိရသည်။

အဆိုပါ သွေးလှူဒါန်းမှုအား အမှတ်(၂၂)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ခွဲမှူး၊ ယာယီဒုတိယရဲမှူးကြီး ထွန်းမြင့်ထွန်း၊ ဒုတိယတပ်ဖွဲ့ဖွဲ့မှူး ရဲမှူးကျော်သူရ၊ အမှတ်(၃) တပ်ခွဲမှူး၊ ဒုတိယရဲမှူးသက်ညွှန့်၊ ဘားအံဆေးရုံအုပ် ဒေါက်တာသီတာစိုးတို့မှ သွားရောက်ကြည့်ရှု အားပေးကာ သွေးလှူရှင်တပ်ဖွဲ့ဝင်များအား ကြက်ဥ၊ အချိုရည်၊ အားဆေးများ ထောက်ပံ့ပေးခဲ့ကြောင်းနှင့် ၂၀၁၆ ခုနှစ်အတွင်း ယခင်(၁၀)ကြိမ်မြောက်ထိ သွေးပုလင်း ၅၂၂ ပုလင်းလှူနိုင်ခဲ့ပြီး ယခု(၁၁)ကြိမ်မြောက်တွင် ၃၅ ပုလင်း၊ စုစုပေါင်း သွေးလှူဒါန်းမှု ၅၅၈ ပုလင်းကို ဘားအံ မြို့ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် ပြည်သူအကျိုးပြု လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

## ပြန်/ဆက်ဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မုံရွာ မေ ၂၉**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူများအား အသိပညာဗဟုသုတတိုးပွားစေရေး ပြည်သူ့ဗဟိုပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယင်းလုပ်ငန်းများ တိုးတက်အောင်မြင်စေရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ် ပြန်/ဆက်ဦးစီးမှူးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၆ ရက် နံနက် ၈ နာရီက မုံရွာမြို့ ရုံးကြီးရပ်ကွက်ရှိ တိုင်းဒေသကြီး ပြန်/ဆက်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးပြန်/ဆက်ဦးစီးမှူး ဦးဝင်းမြိုင်က အမှာစကားပြောကြားရာတွင် ခရိုင်/မြို့နယ်နှင့် မြို့နယ်ခွဲရုံးများအနေဖြင့် ပြည်သူကိုအကျိုးပြုသည့် ပြည်သူ့စာကြည့်တိုက်၊ ရပ်ကွက်နှင့် ကျေးရွာစာကြည့်တိုက်လုပ်ငန်းများ ရေရှည်ရှင်သန်ဖွံ့ဖြိုးအောင်မြင်ရေး၊ ဒေသဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ကျေးရွာအရောက် နယ်လှည့်ကွင်းဆင်းပြီး ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး ပညာပေးဟောပြောပွဲများပြုလုပ်ရေး၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲများ၊ စာအုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဒေသခံပြည်သူများ စာဖတ်ရှုနိုင်မြှင့်တင်ရေးလုပ်ငန်းများ၊ သဘာဝဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ထူးခြားဖြစ်စဉ်သတင်းများအား အချိန်နှင့် တစ်ပြေးညီတင်ပြရေးနှင့် ဒေသဖွံ့ဖြိုးမှု ပြည်သူ့အသံ၊ ပြည်သူ့သဘောထားများ တင်ပြရေးတို့ကိုဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တိုင်းဒေသကြီး ပြန်/ဆက်ဦးစီးမှူး ဦးဝင်းမြိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ခိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ ခရိုင်ဦးစီးအရာရှိ ခုနစ်ဦးနှင့် မြို့နယ်ဦးစီးမှူး ၃၀ တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

**ဖတ်စရာ**

# အရံစေတီလေးဆူဝန်းရံထားလို့ ထူးခြားစွာဖူးမြော်နိုင်သည့် မန္တလေးမြို့က သာယာဝတီမင်းတရားကြီး၏ လောကမဏိစူဠာစေတီတော်

**à wdvref**



မန္တလေးမြို့တွင် မဟာရံတံတိုင်းနှစ်ထပ်၊ အရံစေတီတော်လေးဆူဝန်းရံထားကာ ထူးခြားသောလက်ရာများဖြင့် တည်ဆောက်ထားသော စေတီတော်တစ်ဆူကို ဖူးမြော်နိုင်သည်။ ထိုစေတီမှာ လောကမဏိစူဠာစေတီတော်ပင်ဖြစ်သည်။ လောကမဏိစူဠာစေတီတော်သည် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၅) နယ်မြေတွင် တည်ရှိသည်။ စေတီတော်မှာ ရှေးခေတ်လက်ရာအတိုင်း လက်ရာမြောက်တံတိုင်းကြီးများ၊ အရံစေတီများနှင့် စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ပတ်ဝန်းကျင်တွင် ရှင်းလင်းနေပြီးဘုရားဖူးများ စိတ်အေးချမ်းစွာ ဖူးမြော်နိုင်သည့်စေတီဟုပင် ဆိုနိုင်သည်။

စေတီတော်မှာ အမရပူရခေတ်ကြီးလေးကြီးတွင် တစ်ဆူအပါအဝင်ဖြစ်သည်။ လောကမဏိစူဠာစေတီတော်ကြီးကို သာယာဝတီမင်းတရားကြီးက ၁၂၀၀ ပြည့်နှစ် စိတ်ကြည်နူးအေးမြချိန်တွင် အဓိဋ္ဌာန်ပြုရာမှ စေတီတော်ကို တည်ထားကိုးကွယ်ခဲ့သည်။ ကျွန်ုပ်ဒါယကာမင်းတရားကြီးသည် ရှေးဘုန်းရှေးကံရှိ၍ စေတီတည်ထားကိုးကွယ်ထိုက်သော မင်းမြတ်မှန်လျှင် ကမ္ဘာလောကဓာတ် စကြဝဠာတစ်ခွင်ရှိ ဗုဒ္ဓဓာတ်တော်မွေတော်တို့သည် ဒါယကာမင်းမြတ် နန်းတော်သို့ အရောင်အဝါကွန့်မြူး၍ ကြွလာပါစေသတည်းဟု သစ္စာအဓိဋ္ဌာန်ပြုခဲ့သည်။ အဓိဋ္ဌာန်အောင်မြင်ကာ ဗုဒ္ဓဓာတ်တော်မွေတော် ထွန်းလင်းတောက်ပကွန့်မြူးရာ အမရပူရနန်းတော်၏ အရှေ့တောင်ဘက်တာ ၅၀၀ အကွာတွင် တည်ထားခဲ့သည်။

စေတီတော်တည်ရန် ၁၂၀၀ ပြည့်နှစ် တပေါင်းလဆန်း ၁၄ ရက် မင်္ဂလာအခါကောင်းချိန်တွင် ရွှေပန္နက်၊ ငွေပန္နက်ရိုက်စေကာ ၁၂၀၀ ပြည့်နှစ် တပေါင်းလပြည့်ကျော် ၆ ရက် နှစ်ချက်တီးကျော်အချိန်တွင် သာယာဝတီမင်းကြီးကိုယ်တိုင် မိဖုရားခေါင်ကြီးနှင့် သားတော်၊ သမီးတော်၊ မှူးမတ်ဗိုလ်ပါခြံရံလျက် ရွှေအုတ်ငွေအုတ်တို့ဖြင့် စတင်၍ ပထမအုတ်မြစ်ချခဲ့သည်။ စေတီတော်ကို အတွင်းဝန်မင်းကြီး မင်းလှကျော်သူအား ဦးစီးတည်ထားစေခဲ့သည်။

သက္ကရာဇ် ၁၂၀၃ ခုနှစ် တပို့တွဲလဆန်း ၁၃ ရက်တွင် အောက်ပိုင်းဌာပနာ တော်လိုဏ်များပြီးစီး၍ ဌာပနာတော်ပစ္စည်းများကိုမင်းခမ်းမင်းနားအပြည့်အစုံကျင်းပကာ ဌာပနာတော်ရေစက်သွန်းချလှူဒါန်းခဲ့သည်။ သက္ကရာဇ် ၁၂၀၅ ခုနှစ်တွင် မဟာရံတံတိုင်းနှစ်ထပ်နှင့် အရံစေတီလေးဆူ၊ကသိနာရုံ၊ သတ္တဌာန၊ ရေနံချောင်းမြို့စားစေတီတော်ပါ တစ်ပြိုင်တည်းပြီးစီး၍ တပို့တွဲလဆန်း ၁၀ ရက် မွန်းလွဲနှစ်ချက်တီးကျော်အချိန် အမြောက်သံကြားအခါတော်အချိန်တွင် စက်ယန္တယားကြီးကျယ်စွာ တပ်ဆင်တော်မူ၍ ရွှေထီးအထွဋ်တင်ကာ ရေစက်သွန်းချ လှူဒါန်းတော်မူခဲ့သည်။ မင်းတရားကြီး၏ စေတီတော်ကို လောကမဏိစူဠာစေတီတော်ဟု ကမ္ပည်းတင်ကာ မဟာရံအပြင်တံတိုင်း အတွင်းအဂ္ဂါထောင့်ရှိ မိဖုရားခေါင်ကြီး၏ စေတီတော်ကို မဟာတိလောကစေတီ၊ တနင်္ဂနွေထောင့် သမီးတော်၏စေတီကို လောကပရမေစေတီ၊ စနေထောင့်ရှိ ဗန်းမော်မြို့စားမင်းသမီး၏စေတီကို သုံးလူ့ထိပ်ပန်စေတီ၊ ရာဟုထောင့်ရှိ အနောက်နန်းမိဖုရား၏စေတီကို ရတနာလောကစေတီဟု အမည်နာမ ကမ္ပည်းတပ်ကာ လှူခဲ့သည်။ လက်ရှိကာလတွင် သာယာဝတီမင်းတရားကောင်းမှုတော် လက်ရာမြောက် လောကမဏိစူဠာစေတီကို ကြည်ညိုစွာ ဖူးမြော်နိုင်သည်။








ဦးပြည့်အောင်

မျက်စိပြဿနာ အဖြေရှာ

(Primary Eye Care)

ပြန်ချိန်ဖန် - ၇၇၇၇ စာပေ၊ ဖုန်း- ၀၉-၇၇၇၇၁၇၇၁၇

ပြောင့်စင်းလှပစိတ်တိုင်းကျရမည်...

အထူးဆံပင်ဖြောင့်ဆိုင်

Ph: 09-261111550

■ ဆံပင်ဖြောင့် (30000/-Ks) တန် Discount (15000/-Ks)

■ ဖယောင်းအိတုန်ဆေးထည့်သွင်းအသုံးပြုပေးခြင်းကြောင့် 100% ဖြောင့်စင်းအိတုန်စေရမည်။ ၂-နှစ်အာမခံ

### အလုပ်သမားအလိုရှိသည်

ပလတ်စတစ်ပုလင်းဆွဲ အလုပ်သမားအလိုရှိသည်။

ဆက်သွယ်ရန်

ကိုပေါက်

အမှတ် -၁၀၁၅၊ အိန္ဒြာ - ၁၀ လမ်း၊

၄-မြောက်ဥက္ကလာ၊

ဖုန်း - ၀၉ ၄၂၁၀၂၀၄၂၅၊ PH - 09 421020425


### အများသိစေရန်ကြေညာချက်

၁။ တာမွေမြို့နယ်၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်(၃၈၀)၊ မြေတိုင်းရပ်ကွက်အမှတ်(၃စီ)၊ မြေကွက်မှတ်(V-၆၄ဘီ)တွင် (၈½) ထပ်တိုက် (Lift-ပါ) ဆောက်လုပ်ခွင့်(Revised Plan)အား ဤဌာန၏ ၂၈-၁-၂၀၁၃ရက်စွဲပါ စာအမှတ်-၂၁၅၂/၂၁၉၇/စည်ပင်-ယာ(အုံ)ဖြင့် ဦးကျော်ဇေယျ (ခ)ဦးကျော်ဇော၊ ဦးစိုင်းနော်၊ လိုင်စင်ရကန်ထရိုက်တာ ဦးကျော်မြင့် (LC-၃၇၅) (Father Land ဆောက်လုပ်ရေး)၊ လိုင်စင်အင်ဂျင်နီယာ ဦးလင်းလင်းထွန်း(LS-498)တို့ဖြင့် ဆောက်လုပ်ခွင့်ပြုထားပါသည်။

၂။ ယခုအခါ Roof Slab လောင်းပြီး၊ Pent House Columnဆောင်ရွက်ဆဲတွင် လုပ်ငန်းရပ်ဆိုင်းထားခြင်းအပေါ် မူလခွင့်ပြု လိုင်စင် ကန်ထရိုက်တာ ဦးကျော်မြင့်(LC-၃၇၅)အစား ဦးချစ်ရွှေ(LC-၆၁၉)ဖြင့် ပြောင်းလဲ၍(၈½) ထပ်တိုက်(Lift-ပါ) ဆောက်လုပ်ခွင့်အား သက်တမ်းတိုး ဆောင်ရွက်ခွင့်ပြုပါရန် မြေရှင် ဦးကျော်ဇေယျ(ခ)ဦးကျော်ဇော၊ ဦးစိုင်းနော် ကိုယ်စား(SP)ရရှိသူ ဦးတင်အေး နှင့် ပြောင်းလဲဆောင်ရွက်မည့် လိုင်စင်ကန်ထရိုက်တာတို့မှ တင်ပြလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ၅-၄-၂၀၁၆ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၉)တွင် ရှေ့နေ ဦးစိုးအောင်၏ ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာချက်အား ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ နွယ်သာဂီလမ်း၊ တိုက်အမှတ်(၉)၊ မြေညီထပ်၊ ပေ(၂၅×၅၀)၊ တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်၏အမှုသည် ဒေါ်ခင်ကြူ အမှတ်(၇၁၁)၊ မဥ္ဇူလမ်း၊ ပါရမီ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့နေထိုင်သူမှ လက်ရောက်ပိုင်ဆိုင်သူ တစ်ဦးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းကို ဒေါ်သဥ္ဇာစိုးထံသို့ အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆိုပေး၍ ပေါင်နှံထားခြင်းသာဖြစ်ပြီး အမှန်တကယ် လွှဲပြောင်းရောင်းချထားခြင်းမရှိပါကြောင်း အကယ်၍ လူကြီးမင်းတို့မှ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဆိုပါက ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် သက်ဆိုင်သူအားလုံးတို့အား သိစေအပ်ပါသည်။

**ဒေါ်ခင်ကြူ၏ညွှန်ကြားချက်အရ-**
**ဦးမျိုးသန့်**
**(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၀၉၇၉)**
**A/4၊ အမှတ်(၅၀)၊ ပထမထပ်၊**
**ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

### သမီးအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့၊ ရွှေပင်ရပ်ကွက်၊ ပြည်ထောင်စုလမ်းနေ (အသ) ဦးညွန့်ဝင်း (၇/ပတန(နိုင်)၀၉၆၄၇၆)၊ (အမိ) ဒေါ်သီသီခိုင် (၁၃/ကလန(နိုင်)၀၈၇၄၂၈) တို့၏ တစ်ဦးတည်းသောသမီးဖြစ်သူ မဆုသက်ရည်ထွန်း(ခ)ဖွံ့ဖွံ့ (၇/ပတန(နိုင်)၁၃၅၅၈၄) သည် မိဘများအား ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင်နှင့် ဂုဏ်သိက္ခာထိခိုက်အောင် ပြုလုပ်ခဲ့ပြီး ၎င်း၏ဆန္ဒအလျောက်နေအိမ်မှထွက်သွားပါသဖြင့် ၎င်းအား သမီးအဖြစ်မှ ရာသက်ပန်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသောကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးညွန့်ဝင်း-ဒေါ်သီသီခိုင်


SAMSUNG
Galaxy S7 edge | S7
လိုင်းဆွဲအား
အကောင်းဆုံး
ငွေဆောင်ကမ်းခြေ
လိုင်းဆွဲအားအကောင်းဆုံး
telenor Special Package
(လစဉ် ၁၀,၀၀၀ ကျပ်ဖြည့်သွင်းရုံဖြင့်)
အခမဲ့ 1 လစဉ် GB Data + 100 လစဉ် mins On Net Call × 3 လ
Capture App: 22 GB Data Storage Space (Free Unlimited Upload / Download Data within 3 months)
SAMSUNG Premium Care
Premium Care စတင်မိတ်ဆက်ခြင်းအထူးခံစားခွင့်
၂၀၁၆ စက်တင်ဘာလ ၃၀ ရက်နေ့ အထိသာ
မတော်တဆ ဖုန်းမျက်နှာပြင်ထိခိုက်မှုရှိလျှင် (အောက်ဖော်ပြပါမှ တစ်ကြိမ် ခံစားခွင့်)
- ဖုန်း ရေ့မျက်နှာပြင်ကွဲခြင်း အတွက် (ပစ္စည်းခ ၅၀% သာ နှင့် ဝန်ဆောင်ခ အခမဲ့) သို့မဟုတ်
- ဖုန်း ကျောဘက်ကွဲခြင်း အတွက် (ပစ္စည်း နှင့် ဝန်ဆောင်ခ လုံးဝ အခမဲ့)
Quick Service
Delivery Service
VIP Hotline
Loan Set
samsungmobilemyanmar
samsungmyanmar
samsungmyanmar
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
Call Center
01 2399 888
(Mon-Sun)
8AM to 6PM


# MPT ဝန်ဆောင်မှုသုံးစွဲသူများအတွက် ဆောက်ရွက်လျက်ရှိသည့် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အများပြည်သူသို့ အသိပေးအကြောင်းကြားခြင်း

ရန်ကုန်မြို့သဃ်န်းကျွန်း S-12 အိတ်ချိန်းသည် (၃၁-၁-၂၀၁၆)ရက်နေ့တွင် System Breakdown ဖြစ်ပွားပြီးပြန်လည်၍ Recovery လုပ်မရပါသဖြင့် (၁၀-၂-၂၀၁၆)ရက်နေ့တွင် ခေတ်မီ IP စနစ်သုံး NGN အမျိုးအစား Softswitch မှ MSAN အိတ်ချိန်းများဖြင့် အစားထိုးလဲလှယ်၍ ဝန်ဆောင်မှုပေးခဲ့ပါသည်။ ထိုသို့ဝန်ဆောင်မှုပေးခဲ့ရာတွင် (၀၁-၅၆××××)နှင့်အစပြုသော တယ်လီဖုန်းနံပါတ်အဟောင်းများအား (၀၁-၂၃၃××××)၊ (၀၁-၈၅၆××××)နှင့်အစပြုသော တယ်လီဖုန်းနံပါတ်အသစ်များသို့ ပြောင်းလဲတပ်ဆင်ပေးခဲ့ပါသည်။

အသစ်ပြောင်းလဲတပ်ဆင်ပေးသော တယ်လီဖုန်းနံပါတ်ပိုင်ရှင်များ၏ ဆက်သွယ်ရေးအဆင်ပြေစေရေးအတွက် နံပါတ်အသစ်များ သာမက တယ်လီဖုန်းနံပါတ်အဟောင်းခေါ်ဆိုမှုများအားလည်း ဆက်သွယ်မှုမပြတ်တောက်စေရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တယ်လီဖုန်းနံပါတ်အဟောင်းမှ နံပါတ်အသစ်သို့ Call Forward ဝန်ဆောင်မှုအား အခကြေးငွေမကောက်ခံဘဲ ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

Call Forward ဝန်ဆောင်မှုပေးနေသည်မှာ ယခုအခါ (၂)လခွဲကြာမြင့်ခဲ့ပြီဖြစ်ပါ၍ ပြောင်းလဲသည့်တယ်လီဖုန်း နံပါတ်အသစ်များသို့သာ ဆက်သွယ်ခေါ်ယူနိုင်စေရေးအတွက် ဆောင်ရွက်တော့မည်ဖြစ်ပါ၍ (၁၄-၅-၂၀၁၆) ရက်နေ့မှစတင်ကာ မူရင်းတယ်လီဖုန်းနံပါတ်အဟောင်းမှ တယ်လီဖုန်းနံပါတ်အသစ်သို့ခေါ်ဆိုပေးသည့် ဝန်ဆောင်မှုအားရပ်နားမည်ဖြစ်ပါကြောင်းအကြောင်းကြားအပ်ပါသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**




Prestige Automobiles
bmwmyanmar.com
Sheer Driving Pleasure
THE FIRST-EVER BMW EXPO.
12-15 May 2016 | Myanmar Event Park | Yangon
THE NEXT 100 YEARS
The new BMW M3 Sedan
BMW Jump and Trial Show
The all-new BMW X6
BMW xDrive Experience
BMW Kids Course
BMW i8 Remote Control Track
ကြိုတင်လက်မှတ်များကို BMW Showroom နှင့် City Mart ဆိုင်ခွဲများတွင် ဝယ်ယူနိုင်ပါသည်။
Hotline: 01- 230 6133
Prestige Automobiles Co.,Ltd. The Exclusive Authorised BMW Dealer in Myanmar.
No.485, Corner of Pyay Road and Narnattaw Street, Kamayut Township, Yangon, Myanmar.
Join BMW Myanmar
www.facebook.com/BMWPAC


**NAY LIN AUNG**
FINANCE & ACCOUNTANCY ACADEMY

**LCCI(UK)**
For December 2016 Exam
Level I,II & III

မေလ (၁)ရက်နေ့မှစတင်ပြီး စုံနံပါတ်ကြိုတင်ယူပြီး ကျောင်းအပ်နိုင်ပါသည်။

အမှတ် - (၁၈ , 3A – 6 B) ဦးထွန်းလင်းခြံလမ်း (Giordano ဆိုင်အနီး)၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်။
ဖုန်း - ၀၁ - ၅၀၄၇၃၇၊ ၀၁ ၅၁ ၂၉၀၀၊ ၀၉ ၄၅၀၀ ၂၂၆၄၆၊ ၀၉ ၇၈ ၂၅၁၅၁၀၆ ၊ ၀၉ ၇၈ ၂၅၁၅၁၀၇
တာမွေကျောင်း - ၀၁-၅၅၆၄ ၂၅၊ ၀၉ ၃၀၁၆၂၂၂၊ ၀၉ ၉၇၁၄၉၀၁၀၁၊ ၀၉၉၆၁၈၅၅၁၅၅

**လူ့စွမ်းအား အရင်းအမြစ် စီမံခန့်ခွဲမှုသင်တန်း**
**(Human Resource Management Training)**
**MYANMAR'S LAND**
SUCCESS, MOTIVATION AND MANAGEMENT INSTITUTE
သင်တို့အစီ သင့်ရဲ့ လူ့စွမ်းအား အရင်းအမြစ်ကို စီမံခန့်ခွဲလိုပါသလား...
HR - နယ်ပယ်မှာ လုပ်ကိုင်နေသူတိုင်းအတွက် ...
**8-5-2016 စမည်။**
Every Sun : 2 pm to 5 pm (2 Months) Limited Seats !



မကြာမီဝင်လာတော့မည့် နိုင်ငံတကာစီးပွားရေးလုပ်ငန်းများနှင့်အပြိုင် မိမိတို့လုပ်ငန်း အသီးသီး၏ လူ့စွမ်းအားအရင်းအမြစ်များကို စီမံခန့်ခွဲနိုင်အောင် HR မန်နေဂျာတစ်ယောက် သိသင့်သိထိုက်သည့်အခြေခံ HR ပညာရပ်များကို SHRM ဘာသာရပ်တွင် World First ရရှိထားသော ဆရာလင်းသိုက်ညွန့် (မြန်မာ့မြေ) ကိုယ်တိုင် သင်ကြားပေးပါမည်။
Lecturer
ဆရာလင်းသိုက်ညွန့် (မြန်မာ့မြေ)
ကုမ္ပဏီ အဖွဲ့အစည်းများအတွက် Corporate Training များ စီစဉ်သင်ကြားပို့ချပေးသည်။
Campus - Taw Win Centre (3rd Floor) websit : www.lynnthaiknyunt.com www.facebook.com/ltnmyanmarland
Can Contact : 01 503172, 09 259290274, 09 259290273, 09 5010014, 09 43121060

အနီးစပ်ဆုံးနေ၍ ကိုရီးယားအလုပ်ဝင် Professional
ကျွမ်းကျင်ဆင်တန်းကျောင်း Better Tomorrow
**SEOUL - Korea Language School**
**EPS - TOPIK**
(ကိုရီးယားဘာသာစကားအရည်အချင်းစစ် စာမေးပွဲ)
"မှူးသွပ်သော လှကိုရှာချင်တယ်"
လောကမှာ အလကားရမယ့် အလုပ်တွေမရှိဘူး (၅)လ ကြိုးစားပြီးမှ တစ်ဘဝလုံး ပြောင်းလဲကြရအောင် "ကိုရီးယားနိုင်ငံကို တကယ်သွားချင်တဲ့သူ စာအုပ်ပါ။"
ပညာအရည်အချင်းမလိုဘဲ သင်လည်း ကိုရီးယားကို ပိုက်ဆံရှာဖို့ သွားကြစို့။
- ဆရာ KIM ကိုယ်တိုင်၍ သင်ကြားပို့ချမှု
တန်းခွဲသစ်များ ၁၅ - ၅ - ၂၀၁၆ ရက် နောက်ဆုံးထား၍ လက်ခံပေးနေပါသည်။
ဖုန်း 01-512 804, 097-9583-2100, 092-5982-8585, 09-3292-8585, 01-397502, 09-5150582.

နိုင်ငံခြားသွားသူများအတွက် Speaking အထူးသင်တန်း
Chinese-English-Myanmar
တရုတ်စာကို ကျွမ်းကျင်တတ်မြောက်လိုသူများအတွက် 5 Skills ကို Teaching Method အသစ်ဖြင့် အခြေခံမှ အဆင့်မြင့်အထိ အတွေ့အကြုံရှိ ဆရာမ မေရိမြင့်ကိုယ်တိုင် တစ်ဦးချင်း၊ အစုလိုက် သင်ကြားပေးနေပြီ။
Ph:09-73050825, 387990, 385048

**Yes!! English School**
** Always say Yes!! to English. **
4 skill English classes
★ Basic
★ Elementary
★ Intermediate
★ Advanced
★ IELTS,TOEFL, SAT
Start On April & May 23,24,30,1,2,4,7,8,9,11.
Ph : 01-511778 09-73033648

**Summit** ကိုယ်ပိုင်မူလတန်းကျောင်း
SP PS
(မှတ်ပုံတင်အမှတ် - ကက- ၁၃/၂၀/၂၃၉)
(၂၀၁၅-၂၀၁၆)ခရိုင်စစ်စာမေးပွဲ အောင်ချက် ၁၀၀ %
- ခရိုင်စစ်စာမေးပွဲ ထူးချွန်စွာအောင်မြင်ရေး သူငယ်တန်းမှ စ၍လေ့ကျင့်ပျိုးထောင်ပေးရန်။
- နိုင်ငံတကာအဆင့်အင်္ဂလိပ်စာ အခြေခံပိုင်နိုင်ကျွမ်းကျင်ရန်။
- ကျောင်းသူ/ကျောင်းသားများဘာသာစုံ၌ အရည်အချင်း အလိုက်တိုးတက်လာရန်။
- "Critical Thinking" တွေးခေါ်ကြံဆသုံးသပ်၍ လက်တွေ့အသုံးချတတ်ရန်။
- ဘက်စုံဖွံ့ဖြိုးတိုးတက်လာသော လူကောင်းလူတော် လေးများပေါ်ထွန်းလာရန်။ ကျောင်းအပ်လက်ခံပြီ။
တနင်္လာမှ သောကြာ – နံနက် ၈း၃၀ ညနေ ၃း၀၀

**Lake View Villa**
NGWE SAUNG BEACH
မြန်မာနိုင်ငံသားများပိုင်ဆိုင်သော
**i GREEN**
DEVELOPMENT & ENGINEERING GROUP
**5** သိန်းစရန်ပေးရုံဖြင့် ဝယ်သူအမည်ပေါက် အိမ်ရာ မြေပိုင်ဆိုင်မှုဖြင့် တိုက်ပါလုံးချင်း ဝယ်ယူနိုင်ပြီ
ရောင်းချမည့်နေရာ - တပ်မတော်ခန်းမ Date : April - 28,29,30(May-1)

**ငွေဆောင်ကမ်းခြေ အနီးကမ်းခြေမြေ Seaview မြေကွက်များရောင်းမည်**
ငွေဆောင်ကမ်းခြေသည် လေဆိပ်စီမံကိန်းရှိခြင်း၊လမ်းတံတားများ ကမ်းခြေတစ်လျှောက် အသစ်ဖောက်/ပြုပြင်ခြင်းတို့ကြောင့် ငွေဆောင်အနီး သဇင်၊ ဆင်မ စသည့်ကမ်းခြေရွာများသို့သွားရာလမ်းတစ်လျှောက်တွင် မိသားစုအပန်းဖြေ Villas များ Hotels နှင့် Resorts များ၊ စီးပွားရေးအဆောက်အအုံ Projects များဖြင့် ဖွံ့ဖြိုးလာလျက် ရှိပါသည်။
သဇင်ကျေးရွာသည် ငွေဆောင်ဟိုတယ်ဇုန်မှ မြောက်ဘက် ၂မိုင်အကွာ ကားဖြင့်ရောက်နိုင်ပါသည်။ iGreen lake view Villa အနီး။
- သဇင်ရွာ ကမ်းခြေမြေ Seaview မျက်နှာစာပေ ၇၀၀ နှင့် ၆.၃၁ ဧက။
  ၁ဧက = ၁၉၀၀ သိန်း
- သဇင်ရွာ ကမ်းခြေမြေ Seaview မျက်နှာစာပေ ၁၁၀ နှင့် ၀.၅ ဧက = ၉၅၀ သိန်း

ဆင်မရွာသည် ငွေဆောင်ဟိုတယ်ဇုန်မှ တောင်ဘက် ၅မိုင်အကွာ ကားဖြင့်သွားရောက်နိုင်ပါသည်။ ငွေဆောင် Villa Project အနီး။
- ဆင်မကျေးရွာ ကမ်းခြေမြေ Seaview - ၆ဧက (သို့မဟုတ်) ၈ ဧက။
  ၁ဧက = ၂၇၀၀ သိန်း

ခိုင်မာသော စာရွက်စာတမ်းများ ရှိပြီး ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။
ဆက်သွယ်ရန် ဖုန်း၊ 0949347649 / 09975844750



# အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးကြင်ဝမ် (၉၁ နှစ်)

### ဂျိုးသိန်းဆေးပေါ့လိပ် ၊ ပဲခူးမြို့

ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ်(၁၃၅၊ J-၂) နေ ဒေါ်လှသိန်း၏ ချစ်လှစွာသောခင်ပွန်း ဦးကြင်ဝမ် အသက် (၉၁)နှစ်သည် ၂၁–၄–၂၀၁၆ ရက်၊ညနေ ၄း၅၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုဝင်များနှင့် ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါသည်။

**ဦးစိန်ဝင်း၊ ဒေါ်ခင်ညိုဝင်း**

**Wealthy Myanmar Co., Ltd.**

---

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ်(၂၃/စက်မှုဇုံ)မြေကွက်အမှတ်(၂၄)မြေကွက် တည်နေရာအမှတ်(၂၄)၊မြစ်ကြီးနားလမ်း၊ (၂၃/စက်မှုဇုံ)ရပ်ကွက်၊ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ဒေါ်ဆန်းဆန်းရင်(၁၂/ပဇတ(နိုင်)၀၀၆၀၇၅) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက် ဒေါ်ဆန်းဆန်းရင် ကွယ်လွန်သွားသဖြင့် ဦးရွှေဇင်(ခ)ကောက်ရွှေ(၁၂/ပဇတ(နိုင်)၀၀၀၀၅၁) မှတစ်ဦးတည်းသောခင်ပွန်းဖြစ်ကြောင်းကျမ်းကျိန် လွှာ၊ထောက်ခံကျမ်းကျိန်လွှာ၊သေစာရင်းများ တင်ပြ၍ပိုင်ဆိုင်ကြောင်းကြေငြာစာချုပ်ရန်နှင့် အရောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာ ရာတရားဝင်ခိုင်လုံသောအထောက်အထားများ ဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိ ပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါ သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဒုတိယဗိုလ်မှူးကြီးအုံ့ကျော်(ငြိမ်း)**

**အသက်(၇၃)နှစ်**

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊မိုးမခလမ်း၊ အမှတ်(၁) နေ ဦးအုံ့ကျော်သည် ၂၆-၄-၂၀၁၆ ရက် နံနက် ၆း၂၅ နာရီတွင် ရွှေဂုံတိုင်အထူးကု ဆေးခန်း၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းဆွေ၊ ဒေါက်တာမြတ်သီတာမြင့်**
**Win & Win Group of Companies**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဦးကြင်ဝမ်**

**ဂျိုးသိန်းဆေးပေါ့လိပ်၊ ပဲခူးမြို့**

ဦးကြင်ဝမ် အသက်(၉၁)နှစ်သည် ၂၁-၄-၂၀၁၆ ရက် ညနေ ၄း၅၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် မိသားစုဝင်များနှင့် အတူ ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါသည်။

**RHINO ဒန်အိုးစက်ဝန်ထမ်းမိသားစုများ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးရဲမြင့် (နတ်တလင်း)**

အသက် (၈၆)နှစ်

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ (၁၅)ရပ်ကွက်၊ ဘောက်ထော်၊ ဓမ္မာရုံလမ်း၊ အမှတ်-၆၀(က/ခ)နေ မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဌ ဒေါက်တာဝင်းဇော်- ဒေါ်စိုးကြည်ပြာယမင်းတို့၏ ချစ်လှစွာသောဖခင်ကြီး ဦးရဲမြင့်သည် ၂၄-၄-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၁၁း၂၀ နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်
ဒု-ဥက္ကဌများနှင့်အလုပ်အမှုဆောင်များ

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဦးကြင်ဝမ်**

**ဂျိုးသိန်းဆေးပေါ့လိပ်၊ ပဲခူးမြို့**

ဦးကြင်ဝမ် အသက်(၉၁)နှစ်သည် ၂၁-၄-၂၀၁၆ ရက် ညနေ ၄း၅၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် မိသားစုဝင်များနှင့် အတူ ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါသည်။

**RHINO Transformer ဝန်ထမ်းမိသားစုများ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဒုတိယ ဗိုလ်မှူးကြီး ဦးအုံ့ကျော် (ညွှန်ကြားရေးမှူးချုပ်)ငြိမ်း**

**အသက်(၇၃)နှစ်**

**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

**ဂုဏ်ထူးဆောင်နာယကကြီး**

**ရွှေသံလွင်ဘိုးဘွားရိပ်သာစီမံခန့်ခွဲရေးအမှုဆောင်ကော်မတီ**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မိုးမခလမ်း၊ အိမ်အမှတ်(၁)နေ ဦးအုံ့ကျော် သည် (၂၆.၄.၂၀၁၆)ရက်နေ့ နံနက်(၆း၂၅)နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**ရွှေသံလွင်ဘိုးဘွားရိပ်သာအမှုဆောင်ကော်မတီ**

**ဘိုးဘွားများ+ဝန်ထမ်းများ မိသားစုများ**

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဦးရဲမြင့်**

**အသက်(၈၆)နှစ်**

**LIZSTAR CO., LTD မှ ဥက္ကဌ ဒေါက်တာဝင်းဇော်၏ဖခင် ဦးရဲမြင့်သည် (၂၄.၄.၂၀၁၆) ရက်နေ့တွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။**

**ဦးကျော်ကို ၊ မဝင်းမာ**
**ဆင်မင်းရွှေဆိုင် ၊ ဝန်းသိုမြို့။**

---

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၊ မြေကွက်အမှတ်-၁၀၁၆/ခ၊ မြေကွက်တည်နေရာအမှတ်-၁၀၁၆/ခ၊ သုမင်္ဂလာလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဒေါ်ခင်မြင့်ကြည်[၁၂/ဥကတ(နိုင်)၀၅၆၈၇၉] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် မိခင် (ဒေါ်ခင်မြင့်ကြည်)၊ ဖခင်(ဦးတင်လှ(ခ)ဦးတိက်ဝှက်)၊ မောင်/အစ်ကို (ဦးမိုးကျော်လွင်) (လူပျိုကြီးဘဝဖြင့်ကွယ်လွန်)တို့ ကွယ်လွန်သဖြင့် ၁။ဦးကိုကိုလွင်[၁၂/ဥကတ(နိုင်)၁၈၇၅၁၁]၊ ၂။ဒေါ်ကြည်ကြည်မြင့်[S/OKA-၀၉၁၅၃၁]၊ ၃။ဒေါ်မျိုးမျိုးလွင်[၁၂/ဥကတ(နိုင်)၀၅၆၇၂၁]၊ ၄။ဒေါ်ထူးထွန်းထိုက်[၁၂/ဥကတ(ပြု)၀၀၀၀၇၈]တို့က သားသမီး၊ အစ်မ၊ ညီ၊ ညီမ တော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဦးအေးသန်း (၇၁)နှစ်**

**B.E(EP)1964 Intake**

သူငယ်ချင်း ဦးအေးသန်းသည် ၂၅-၄-၂၀၁၆(တနင်္လာနေ့) ည ၈ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရန်ကုန်စက်မှုတက္ကသိုလ် ၁၉၆၄-၁၉၆၅ပထမနှစ်**
**ကျောင်းသား/ကျောင်းသူဟောင်း သူငယ်ချင်းများ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဒုတိယဗိုလ်မှူးကြီးအုံ့ကျော်(ငြိမ်း)**

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**
**ဝါးခယ်မမြို့နယ်အသင်း**

**အသက် (၇၃)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မိုးမခလမ်း၊ အမှတ် (၁) နေ ဦးအုံ့ကျော်သည် ၂၆-၄-၂၀၁၆ ရက်နေ့ နံနက် ၆း၂၅ နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**A.T.Y Construction Co., Ltd**
**မိသားစု**



# ဧဝရက်တောင်တွင် ရေခဲပြိုကျမှုကြောင့် မြန်မာတောင်တက်သမားသုံးဦး အခြေစိုက်စခန်းသို့ ပြန်လည်ဆင်းသက်

ရန်ကုန် ဧပြီ ၂၉

**ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထိပ်သို့တက်ရောက်နိုင်ရန် ကြိုးစားလျက်ရှိသော မြန်မာတောင်တက်သမားသုံးဦးဖြစ်သည့် ကိုညီညီအောင်၊ ကိုပြည့်ဖြိုးအောင်နှင့် ကိုဝင်းကိုကိုတို့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁ နာရီ မိနစ် ၂၀ခန့်တွင် တောင်ခြေစခန်းမှ အမြင့် ၂၃၆၂၅ ပေရှိ စခန်းအမှတ်(၃)ထိ တက်ရောက်ရန်ထွက်ခွာခဲ့ရာ ရေခဲပြိုကျလာမှုကြောင့် အခြေစိုက်စခန်းသို့ ပြန်လည်ဆင်းသက်ခဲ့ရသည်ဟု ၎င်းတို့၏ Myanmar Flag on Everest လူမှုကွန်ရက်စာမျက်နှာမှ သိရသည်။**

စာမျက်နှာ ၁၀ ကော်လံ ၂ သို့

# ဂျပန်နိုင်ငံတွင် ခြေစမ်းပွဲများကစားရန် မြန်မာအမျိုးသမီးအသင်း လူရွေးချယ်

သတင်း၊ဓာတ်ပုံ - ရှိုင်းထက်ဇော်

**ရန်ကုန် ဧပြီ ၂၉**

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းနည်းပြချုပ် နယ်သာလန်နိုင်ငံသား ရော်ဂျာရိုင်နာသည် ဂျပန်နိုင်ငံတွင် ခြေစမ်းပွဲများယှဉ်ပြိုင်ကစားရန်အတွက် အပြီးသတ်ကစားသမား ၂၃ ဦးကို ရွေးချယ်ထုတ်ပြန်လိုက်ပြီဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ဂျပန်ခြေစမ်းခရီးစဉ်အတွက် ရွေးချယ်လေ့ကျင့်ပေးနေသည့် ပဏာမကစားသမား ၂၆ ဦးအနက် သုံးဦးလျှော့ချကာ အပြီးသတ်ကစားသမား ၂၃ ဦးရွေးချယ်ခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် မေ ၆ ရက်မှ ၂၅ ရက်အထိ ဂျပန်နိုင်ငံ အိုဆာကာမြို့၌ လေ့ကျင့်မှုများပြုလုပ်သွားမည်ဖြစ်ပြီး ဂျပန်အမျိုးသမီးကလပ်အသင်းများနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ယခုဂျပန်ခြေစမ်းခရီးစဉ်မှာ မြန်မာအမျိုးသမီးအသင်း၏ အာဆီယံအမျိုးသမီးပြိုင်ပွဲမတိုင်မီ ပထမဆုံးပြုလုပ်သည့် ပြည်ပလေ့ကျင့်ရေးခရီးစဉ်နှင့် ခြေစမ်းပွဲလည်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဂျပန်ခြေစမ်းခရီးစဉ်တွင် ခြေစမ်းပွဲအနည်းဆုံး လေးပွဲ

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့**



မြန်မာအမျိုးသမီးအသင်း လေ့ကျင့်မှုများပြုလုပ်နေစဉ်။



အာဆီယံနိုင်ငံများ စုပေါင်းစက်ဘီးစီး သရုပ်ပြပွဲတွင် ပါဝင်ဆင်နွှဲရန် မြန်မာအားကစားသမားများ လေ့ကျင့်မှုပြုလုပ်နေစဉ်။

# အာဆီယံနိုင်ငံများ စုပေါင်းစက်ဘီးစီးသရုပ်ပြပွဲ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်

**နေပြည်တော် ဧပြီ ၂၉**

အာဆီယံနိုင်ငံများ စုပေါင်းစက်ဘီးစီးသရုပ်ပြပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံပြီး ကျန်းမာရေးဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ပူးပေါင်း၍ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို မေ ၂၂ ရက်တွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏရှေ့မှ စတင်တာလွှတ်ပြီး ဝေဇယန္တာလမ်းအတိုင်း ကျောက်ရေတွင်းထိ၊ ၎င်းမှပြန်ကွေ့၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှေ့၌ ပန်းဝင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အာဆီယံ(၁၀)နိုင်ငံမှ အားကစားသမား ဦးရေ ၂၉၀ ပါဝင်ဆင်နွှဲကြမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**


ဆရာကောင်း (ဆေး - ၂) အင်္ဂလိပ်စာ (၁) ဒေါက်တာထွန်းထွန်းနိုင်မှ တည်ထောင်သော

ကောင်းထက်ကျော်

တန်းစုံ ကိုယ်ပိုင်အထက်တန်းကျောင်း

(မူလတန်းမှ တက္ကသိုလ်ဝင်တန်းအထိ)

အဆင့်မြင့်စာသင်ဝိုင်းများ

(၈၊၉၊၁၀တန်း)

စခန်းသွင်းဘော်ဒါ

(၈၊၉၊၁၀တန်း)

မူလတန်းမှ တက္ကသိုလ်ဝင်တန်းအထိ စည်းကမ်း၊ စာ၊ စနစ် အထူးကောင်းမွန်သည်ဟု မိဘအုပ်ထိန်းသူများအကြား ဂုဏ်သတင်းမွှေးပျံ့နေသော ကျောင်း

သကြၤန်အပြီးဖွင့်လှစ်မည် မူလတန်းမှတက္ကသိုလ်ဝင်တန်းအထိ တန်းခွဲများအပြန်အလှန်အပ်နှံနိုင်ပါသည်

၂၀၁၄-၁၅ ပညာသင်နှစ်အောင်စာရင်း၏ အောင်မြင်မှုမှတ်တိုင်....



၅ ဘာသာဂုဏ်ထူးရှင် - ၁၈ ဦး
၄ ဘာသာဂုဏ်ထူးရှင် - ၂၀ ဦး
၃ ဘာသာဂုဏ်ထူးရှင် - ၂၀ ဦး
၂ ဘာသာဂုဏ်ထူးရှင် - ၁၁ ဦး
၁ ဘာသာဂုဏ်ထူးရှင် - ၂၄ ဦး

၂၀၁၅-၁၆ ပညာသင်နှစ် ဘက်စုံပညာထူးချွန်(လူရည်ချွန်) အဖြစ် ကောင်းထက်ကျော်စာသင်ဝိုင်းများတွင် တက်ရောက်နေသည့် မောင်အောင်ပြည့်ကျော် (တက္ကသိုလ်ဝင်တန်း၊ ထ-၁ တာမွေ)နှင့် မကေခိုင်စိုး လူရည်ချွန်နှစ်ထပ်ကွမ်း (နဝမတန်း၊ ထ-၄ တာမွေ) တို့ရွေးချယ်ခံရခြင်းနှင့်အတူ

စတုတ္ထတန်း၊ အဋ္ဌမတန်း အစိုးရစစ်စာမေးပွဲများတွင် ကောင်းထက်ကျော် ကိုယ်ပိုင်အထက်တန်းကျောင်းမှ အောင်ချက် ၁၀၀ % အပြည့်နှင့် Grade - A ကျောင်းသား / သူများစွာ ရရှိခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

မြေအမှတ် - ၃၃ (စီ - ၂)၊နတ်မောက်လမ်းသွယ် (၁) မြန်မာ့အလင်းသတင်းစာတိုက်လမ်း၊ ဗိုးစိန်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
HOT LINE - 09 421 168127, 09 420 700008, 01 548339,01 552348